မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၂၂၈)

Established in 1914

Myanma Alinn Daily

၁၃၇၄ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်

၂၀၁၂ ခုနှစ်၊ မေ ၂၂ ရက်၊ ဗုဒ္ဓဟူးနေ့။

မြန်မာနိုင်ငံ၏ စီးပွားရေးအခွင့်အလမ်းများ ကောင်းမွန်ရေးသည် မြန်မာပြည်သူများ၏ မျှော်လင့်ချက်အရင်းအမြစ်တစ်ခုဖြစ်ပြီး မိမိတို့အစိုးရ၏ တာဝန်လည်းဖြစ်။

သတင်းအကျယ်-စာမျက်နှာ ➢ ၃

မြန်မာနိုင်ငံတွင် ဒီမိုကရေစီဆက်လက်ရှင်သန်ပွံ့ဖြိုးလာစေရန် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ ဆက်လက်ဆောင်ရွက်သွားမည်

ရှေ့သို့ဆက်လက်ချီတက်သွားမည်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမေရိကန်ပြည်ထောင်စုသမ္မတ မစ္စတာ ဘားရက် အိုဘားမားနှင့် တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၂၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မေ ၂၀ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့ရှိ သမ္မတအိမ်ဖြူတော်သို့ သွားရောက်၍ အမေရိကန်ပြည်ထောင်စုသမ္မတ မစ္စတာ ဘားရက်အိုဘားမားနှင့် တွေ့ဆုံဆွေးနွေးသည် ။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးဝေလွင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် အမေရိကန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသန်းဆွေတို့ တက်ရောက်ကြပြီး အမေရိကန်ပြည်ထောင်စုသမ္မတနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ ဒဲရစ်မစ်ချယ်လည်း တက်ရောက်သည်။

တွေ့ဆုံဆွေးနွေးပွဲအပြီး ညနေ ၃ နာရီခွဲတွင် နှစ်နိုင်ငံခေါင်းဆောင်များ၏ သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို သမ္မတအိမ်ဖြူတော်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် သမ္မတ ဘားရက်အိုဘားမားက နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား အမေရိကန်ပြည်ထောင်စုကရော၊ အိမ်ဖြူတော်ကပါ လှိုက်လှဲစွာကြိုဆိုပါကြောင်း၊ မိမိအနေဖြင့် ယမန်နှစ်က မြန်မာနိုင်ငံသို့ ပထမဆုံး လာရောက်သည့် အမေရိကန်သမ္မတတစ်ဦးအဖြစ် ရောက်ရှိခဲ့သဖြင့် ဂုဏ်ယူပါကြောင်း၊ အလားတူ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည်လည်း နှစ်ပေါင်း (၅၀)အတွင်း အမေရိကန်နိုင်ငံသို့ ပထမဆုံးအကြိမ်ရောက်ရှိလာသည့် မြန်မာခေါင်းဆောင်တစ်ဦး *စာမျက်နှာ ၃ ကော်လံ ၁* ❍

ကမ္ဘာ့သမိုင်းမှာ မကြုံဖူးသေးတဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ကြီးကို ဆောင်ရွက်နေရတာဖြစ်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

နေပြည်တော် မေ ၂၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မေ ၂၀ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီ ၁၅ မိနစ်တွင် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့ရှိ ဂျွန်ဟော့ကင်း(John Hopkins) တက္ကသိုလ်သို့ သွားရောက်၍ မိန့်ခွန်းပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဂျွန်ဟော့ကင်းတက္ကသိုလ် နိုင်ငံတကာလေ့လာရေးဌာန SAIS မှ ကျောင်းအုပ်ကြီးနှင့် ကျောင်းသား၊ ကျောင်းသူများ၊ လေ့လာသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည် ။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတက မိန့်ခွန်းပြောကြားခဲ့ပြီး မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ကြွရောက်လာကြတဲ့ ဂုဏ်သရေရှိ ဧည့်သည်တော်များခင်ဗျား

ကျွန်တော့်ရဲ့ ဝါရှင်တန်ကို ရောက်ရှိလာတဲ့ ပထမဆုံးခရီးစဉ်မှာ ကျွန်တော့်အနေနဲ့ ဂျွန်ဟော့ကင်းတက္ကသိုလ်ရဲ့ ဘွဲ့လွန်နိုင်ငံတကာ လေ့လာရေးဌာန SAIS မှာ လာရောက် စကားပြောခွင့်ရတဲ့အတွက် အလွန်ပဲဝမ်းသာပါတယ်။ ဒီလို လာရောက်စကားပြောဖို့ ဖိတ်ကြားတဲ့ မဟာဌာနမှူး ဗယ်လီနာ့ဆ်ကိုလည်း အထူးကျေးဇူးတင်ပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံနှင့် ဂျွန်ဟော့ကင်းတက္ကသိုလ်၊ အထူးသဖြင့် ဒီဘွဲ့လွန်နိုင်ငံတကာ လေ့လာရေးဌာန SAIS နဲ့ ရင်းနှီးချစ်ကြည်တဲ့ ဆက်ဆံမှုများ စတင်ခဲ့တာဟာ နှစ်ပေါင်းငါးဆယ်ကျော်ကြာခဲ့ပြီဖြစ်ပါတယ်။ ဂျွန်ဟော့ကင်းစင်တာ ရန်ကုန်ကို ၁၉၅၄ မှာ တည်ထောင်နိုင်ခဲ့ပြီး အာရှမှာ ပညာရေးနှင့် သုတေသနဆိုင်ရာ ဦးဆောင်နိုင်တဲ့ *စာမျက်နှာ ၈ ကော်လံ ၁* ◆

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

လူသားအားလုံးအတွက် မရှိမဖြစ် ရေ

လူသားအားလုံးအတွက် အရေးကြီးဆုံး၊ အလိုအပ်ဆုံး အရာသည် ရေဖြစ်သည်။ လူသားအားလုံးသည် ရေကိုသောက်သုံးရန်သာမက လူမှုပတ်ဝန်းကျင်တွင် ရေနှင့်ဆက်စပ်ပြီး အမျိုးမျိုးအသုံးပြုလျက် ရှိကြသည်။ ရေသယံဇာတများကို မှီခိုအသက်ရှင် ရပ်တည်နေကြရသည်။

ရေသည် လူတို့အသက်ရှင်ရပ်တည်ရေးအတွက် အရေးကြီးမှုနှင့် စပ်လျဉ်းပြီး ကမ္ဘာ့ရေနေ့ အထိမ်းအမှတ်ကို ၁၉၉၃ ခုနှစ်မှ စတင်ပြီး ကမ္ဘာ့နိုင်ငံများတွင် ကျင်းပကြသည်။ ၂၀၁၃ ခုနှစ်ကိုလည်း ရေအရေးပူးပေါင်းဆောင်ရွက်မှု အပြည်ပြည်ဆိုင်ရာနှစ်အဖြစ် ကုလသမဂ္ဂအထွေထွေညီလာခံကြီးက တညီတညွတ်တည်း သတ်မှတ်ခဲ့ပြီး ရေအရေးပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်လျက်ရှိသည်။ ယခုလည်း မေ ၂၀ ရက်က ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ ဒုတိယအကြိမ်မြောက် အာရှပစိဖိတ်ဒေသဆိုင်ရာ ရေထိပ်သီးအစည်းအဝေးကို ကျင်းပခဲ့ရာ မြန်မာနိုင်ငံကလည်း တက်ရောက်ခဲ့သည်။

နိုင်ငံအများအပြားတွင် သဘာဝပတ်ဝန်းကျင် ယိုယွင်းမှုများကြောင့် ရာသီဥတုများပြောင်းလဲကာ ရေသယံဇာတရှားပါးမှုများ ဖြစ်ပေါ်ခဲ့ရသည်။ ကမ္ဘာ့လူဦးရေများ လျင်မြန်စွာတိုးတက်လာမှုနှင့် ရာသီဥတုပြုပြင်ပြောင်းလဲမှုတို့ကြောင့် လူသားအားလုံးသည် သယံဇာတရှားပါးမှုများနှင့် ရင်ဆိုင်နေကြရသည့်အနက် ရေသယံဇာတရှားပါးမှုသည် အကြီးမားဆုံးသော စိန်ခေါ်မှုဖြစ်သည်။ ရေသယံဇာတရှားပါးမှုသည် သောက်သုံးရေလုံလောက်စွာ မရရှိမှု၊ သန့်ရှင်းသောသောက်ရေ မရရှိမှုတို့သည် ကျန်းမာရေးနှင့်သက်ဆိုင်သော ရောဂါများကို ဆင့်ပွားဖြစ်ပေါ်စေသည်။

ရေရှားပါးမှုပြဿနာသည် စိုက်ပျိုးရေးကဏ္ဍ၊ ထုတ်လုပ်မှုကဏ္ဍ၊ သယ်ယူပို့ဆောင်မှုကဏ္ဍစသည်ဖြင့် ဆက်နွှယ်ပြီး အခက်အခဲများဖြစ်ပေါ်စေသည်။ လူမှုစီးပွားရေးညီမျှမှုနှင့် နိုင်ငံရေးတည်ငြိမ်မှုများကို ဟန်ချက်ညီရန် ဖွံ့ဖြိုးပြီးနိုင်ငံများက ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးမှုနိမ့်ကျသောနိုင်ငံများသို့ နည်းပညာ၊ ငွေကြေး၊ ခေတ်မီနည်းပညာများ လွှဲပြောင်းပေးခြင်းစသည့် ကူညီမှုများသည် ရေနှင့်ဆက်နွှယ်သော စိန်ခေါ်မှုများကို ဖြေရှင်းနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံသည် အာဆီယံဒေသတွင်း အင်ဒိုနီးရှားနိုင်ငံပြီးလျှင် ဒုတိယအများဆုံး ရေချိုရရှိသော နိုင်ငံဖြစ်သည်။ ပူပြင်းခြောက်သွေ့သော မြန်မာနိုင်ငံအလယ်ပိုင်းဒေသနေ ပြည်သူများအတွက် သောက်သုံးရေရရှိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသော်လည်း ရေတိုအတွက်သာ ဆောင်ရွက်နိုင်ခြင်းဖြစ်၍ ရေရှည်ဖြေရှင်းမှုများအတွက် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ထို့ကြောင့်လည်း နိုင်ငံတော်အစိုးရသည် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ JICA ကဲ့သို့ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ဆောင်ရွက်လျက်ရှိသည်။

ဥတုရာသီ တောကိုမှီ ဆိုစကားအရ သဘာဝပတ်ဝန်းကျင်ပျက်စီးယိုယွင်းမှုများကြောင့် ရာသီဥတုဖောက်ပြန်မှု ဖြစ်ပေါ်ခဲ့ရသည်။ ရာသီဥတုဖောက်ပြန်မှုနှင့်ပြောင်းလဲမှုများကြောင့် ရေသယံဇာတရှားပါးမှုများနှင့် ရင်ဆိုင်နေကြရပြီး ယင်းရင်ဆိုင်ရမှုသည် လူမှုရေး၊ စီးပွားရေးနှင့်နိုင်ငံရေးတို့ကို ဆက်နွှယ်သွားသဖြင့် လူသားအားလုံးက ရေနှင့်ဆက်နွှယ်သည့် စိန်ခေါ်မှုများကို ကြံ့ကြံ့ခံပြီး အခွင့်အလမ်းကောင်းများရရှိရန် ဝိုင်းဝန်းတည်ဆောက်သွားကြရမည် ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ပြည်သူတို့၏ လူနေဘဝမြှင့်တင်ရေး လွန်စွာအရေးကြီး

နေပြည်တော် မေ ၂၁

အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ(မူကြမ်း) ရေးဆွဲရေး ညှိနှိုင်းအစည်းအဝေးကို မေ ၁၈ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ရှိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးအေးမြင့် တက်ရောက်အမှာစကား ပြောကြားရာတွင် မိမိတို့နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် SME Lawသည် အလွန်အရေးကြီးပါကြောင်း၊ SME လုပ်ငန်းများသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေး၊ ပြည်သူလူထု၏ ဆင်းရဲမှုလျှော့ချရေးနှင့် လူနေမှုဘဝ မြှင့်တင်ရေးတို့အတွက် လွန်စွာအရေးကြီးပါကြောင်း၊ နိုင်ငံတော်အနေဖြင့် စီးပွားရေးပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယခုကာလသည် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဥပဒေပေါ်ထွက်လာရေးအတွက် ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိပါကြောင်း၊ အောင်မြင်သည့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများအတွက်လိုအပ်သည့် သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို မိမိတို့၏ မိတ်ဆွေနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများ၏ အတွေ့အကြုံများကို နမူနာယူ၍ ဆွေးနွေးပေးကြစေလိုကြောင်းဖြင့် ပြောကြားခဲ့သည်။

ဆက်လက်၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်က ယခုအစည်းအဝေးမှ ပိုမို၍ တိကျပြည့်စုံမှုရှိသော ဥပဒေဖြစ်စေရန် ဆွေးနွေးကြမှာ ဖြစ်ပါကြောင်း၊ ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှုအပိုင်းကိုလည်း အလေးပေး၍ ထည့်သွင်းစဉ်းစားရမည်ဖြစ်ပြီး ဥပဒေနှင့် နည်းဥပဒေများကို ပိုမိုတိကျစေရေးအတွက် ဆွေးနွေးသွားရန် လိုအပ်ပါကြောင်း၊ နိုင်ငံတကာအတွက် SME များကို အထောက်အကူပြုနေသည့် Credit Guarantee Corporation များကဲ့သို့သော အဖွဲ့အစည်းများကို ဖွဲ့စည်းနိုင်ရေးအတွက်လည်း တိကျသည့် Frameworkများဖြင့် ဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးသွားရမှာဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသော အသေးစားနှင့် အလတ်စား စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဥပဒေ(မူကြမ်း)နှင့် မြန်မာ့စက်မှုလုပ်ငန်းဥပဒေ(မူကြမ်း)ရေးဆွဲရေးကော်မတီ ဥက္ကဋ္ဌနှင့် ကော်မတီဝင်များက အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ (မူကြမ်း)အပေါ်တွင် အခန်းအလိုက်၊ ပုဒ်မအလိုက် အသေးစိတ်အကြံပြု ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းခဲ့သည်။

အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ(မူကြမ်း)ကို အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီ၏ လမ်းညွှန်မှု၊ စက်မှုဝန်ကြီးဌာန၏ ကြီးကြပ်မှုတို့ဖြင့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ(မူကြမ်း)နှင့် မြန်မာ့စက်မှုလုပ်ငန်း ဥပဒေ(မူကြမ်း) ရေးဆွဲရေးဆပ်ကော်မတီနှင့် ဂျာမနီနိုင်ငံမှ GIZ အဖွဲ့၊ ကုလသမဂ္ဂအဖွဲ့အစည်းများဖြစ်သည့် UNESCAP နှင့် UNIDO၊ ဂျပန်နိုင်ငံမှ JICA နှင့် JETRO၊ ကိုရီးယားနိုင်ငံမှ KOICA နှင့် KOTRA အဖွဲ့တို့မှ ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်းရေးဆွဲလျက်ရှိပြီး မကြာမီရေးဆွဲပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အစည်းအဝေးသို့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ(မူကြမ်း)နှင့် မြန်မာ့ စက်မှုလုပ်ငန်းဥပဒေ(မူကြမ်း) ရေးဆွဲရေးကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဂျာမနီနိုင်ငံ GIZ မှ ကျွမ်းကျင်ပညာရှင်များနှင့် ကုလသမဂ္ဂ အဖွဲ့အစည်းဖြစ်သည့် UNESCAP မှ ကျွမ်းကျင်ပညာရှင်များ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကွန်ကရစ်လမ်းမကြီးပြီးစီးအောင် ခင်းပေးစေလို

ထင်သာမြင်သာ ပြုပြင်စရာ

ပုသိမ် မေ ၂၁

ပုသိမ်မြို့သည် ဧရာဝတီတိုင်းဒေသကြီး၏ မြို့တော်ဖြစ်သည်။ ပုသိမ်မြို့ကို ကွန်ကရစ်မြို့တော်ဟု ခေါ်ဆိုရလောက်အောင် မြို့တွင်းလမ်းများကို ကွန်ကရစ်များခင်းထားပြီးဖြစ်သည်။ ပုသိမ်မြို့ ဘန့်ဘွေးကုန်းလမ်း (ဗိုလ်မြတ်ထွန်းလမ်း) တွင်လည်း လွန်ခဲ့သော တစ်နှစ်ခန့်မှစတင်၍ ကွန်ကရစ်လမ်းခင်းနေရာ ယခုအချိန်အထိ မပြီးနိုင်ဖြစ်နေပါသည်။

လမ်းမကြီးတစ်လျှောက် ခင်းသည်မဟုတ်ဘဲ လမ်းမကြီးကို တစ်ခြမ်းခြမ်း၍ အပိုင်းလိုက် အပိုင်းလိုက် ခင်းထားသည်မှာ **(အပေါ်ပုံ)** မြင်တွေ့ရသည့်အတိုင်း ဖြစ်ပါသည်။

အဆိုပါ ဘန့်ဘွေးကုန်းလမ်း (ဗိုလ်မြတ်ထွန်းလမ်း)သည် အောင်ချမ်းသာရပ်ကွက်၊ အရှေ့နှစ်ထောင်တန်ရပ်ကွက်၊ ဇေယျဝတီရပ်ကွက်၊ ဝေဠုဝန်ရပ်ကွက်၊ ရေကြည်ဦးရပ်ကွက်၊ ဧရာမင်းရပ်ကွက် အစရှိသည့် ရပ်ကွက်များရှိ ပြည်သူများ အားထားသွားလာရာ လမ်းမကြီးတစ်ခုဖြစ်ရာ ယခုကဲ့သို့ ကာလကြာရှည်စွာ လမ်းခင်းနေခြင်း၊ လက်ဖက်ရည်ဆိုင်များနှင့် အခြား အဆောက်အအုံများက လမ်းနယ်သို့ (လမ်းနှစ်ဖက်မှ) ကျူးကျော်ထားကြခြင်းတို့ကြောင့် ယာဉ်ကြောရှုပ်ထွေးပိတ်ဆို့မှုများ မကြာခဏ ဖြစ်ပေါ်လျက်ရှိနေပါသည်။

စောင့်မျှော်

ဘန့်ဘွေးကုန်း လမ်းမကြီး ကွန်ကရစ်ခင်းရန်အတွက် တစ်ပေလျှင် ငွေကျပ် ၁၂၅၀၀ နှုန်းဖြင့် ရပ်ကွက်နေပြည်သူများက ထည့်ဝင်ထားကြရပြီး စီးပွားရေးလုပ်ငန်းရှင်ကြီးများ အများစုနေထိုင်သည့် အဆိုပါလမ်းမကြီးသည် ယနေ့တိုင် မပြီးနိုင်ဖြစ်နေပါသဖြင့် မြို့နယ်စည်ပင်၊ လမ်းဖြစ်မြောက်ရေးကော်မတီနှင့် ကန်ထရိုက်များအနက် မည်သူက မည်သို့ဆက်လက်ခင်းပေးကြမည်ကို ရပ်ကွက်နေပြည်သူများက စောင့်မျှော်လျက်ရှိနေကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

ဦးခန့်(SPN)

ရွှေအလင်းကျောင်းမျက်စိတောင်ဆွေချင်း အမှတ် (၀၀) ရှိ [illegible] မျက်စိဝေဒနာရှင် (၂၀) ဦး ခွဲစိတ်ခြင်းအတွက် (၁၀-သိန်းကျပ်) လှူဒါန်းစဉ်

သီတဂူရွှေပြည်ဟိန်းစက္ခုဒါနဆေးရုံ(ရန်ကုန်) ၂၄-ကြိမ်မြောက် အလင်းဒါနပြုလုပ်ပါမည်။

သီတဂူဆရာတော်ကြီး၏ လမ်းညွှန်မှု၊ တပည့်ဖြစ်သူ ရွှေပြည်ဟိန်းဆရာတော် ဦးဆောင်မှု၊ မျက်စိအထူးကုပါမောက္ခ(ငြိမ်း)

Dr.Mya Aung, နှင့် Dr. Hla Maung Din, Dr.Yi Yi Aung,Dr.Thaung Thaung Saing, Dr.Khin Ohmar Khine, Dr. Khin Ohn Myint, Dr.Ni Ni Kyaw, Dr. Kyaw Min Lwin , Dr. Aung Cho Htwe, Dr. Aye Chan , Dr. Hla Kaythi , Dr. Hlaing May Than, Dr. Hla Myat Nwe, Dr. Zin Mar Myint, Dr. Ei Kay Thawe Han အထူးကုဆရာဝန်ကြီးများက လုပ်အားဒါနပြု၍ သီတဂူရွှေပြည်ဟိန်း၊ စက္ခုဒါနဆေးရုံ၌ မေလ(၁၉)ရက် (၂၃)ကြိမ်မြောက်အထိ မျက်စိဝေဒနာရှင် (၁၂၇၁၀)ဦး တို့အား စစ်ဆေးကုသခြင်း နှင့် (၂၈၀၀) ဦးအား ခွဲစိတ် ကုသအလင်းဒါန ပြုလုပ်ပြီးဖြစ်ပါသည်။ဇွန်လ(၁၅၊ ၁၆) ရက်များတွင် (ဦးရေ ၂၉၃၀ ပြည့်)(၂၄) ကြိမ်မြောက် အလင်းဒါန ပေးလှူမည်ဖြစ်ရာ မေလ(၂၇)ရက်နောက်ဆုံးထား၍ဆက်သွယ်နိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

သီတဂူ-ရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ – ၁၆ ရပ်ကွက်၊ ပြည်သာယာ၊ ရန်ကင်း၊ [ကျိုက္ကဆံစုပါယ်၊ တာမွေလေးသံလမ်းအနီး] ဖုန်း ၅၄၁၃၁၃၊ ၀၉-၇၃၀၅၅၉၆၃

ပြည်တွင်းသတင်း

ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် ပံ့ပိုးကူညီရေးဆွေးနွေး ရောဝတီမြစ်ကြောင်းထိန်းသိမ်းရေးနှင့်လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးဆွေးနွေး

နေပြည်တော် မေ ၂၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မေ ၂၀ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲက အမေရိကန် ပြည်ထောင်စု ဝါရှင်တန်မြို့ရှိ ခေတ္တတည်းခိုသည့် Four Seasons Hotel ၌ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟောင်း မစ္စဟီလာရီကလင်တန်အား လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ကလင်တန်ဖောင်ဒေးရှင်းအနေဖြင့် မြန်မာနိုင်ငံတွင် သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ မိခင်နှင့်ကလေးအသေအပျောက်နှုန်း လျော့နည်းရေး၊ လယ်ယာကဏ္ဍတွင် ထုတ်လုပ်မှုနှင့် သိုလှောင်မှုဆိုင်ရာ နည်းပညာများ ရရှိရေး၊ လျှပ်စစ်ဓာတ်အားဖူလုံစွာ ရရှိရေး၊ ဆိုလာစွမ်းအင်စနစ်အသုံးပြုရေး၊ ဆေးရုံသုံးနှင့်ဆေးဝါးပစ္စည်းများရရှိရေးနှင့် မြန်မာနိုင်ငံပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် လိုအပ်သည်များ ပံ့ပိုးကူညီရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ Dr. Jim Yong Kim အား ဟိုတယ်၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

ထို့နောက် နိုင်ငံတော်သမ္မတသည် နံနက် ၁၀ နာရီခွဲတွင် ကမ္ဘာ့ဘဏ် ဥက္ကဋ္ဌ Dr. Jim Yong Kimအား အဆိုပါဟိုတယ်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံရာတွင် ဧရာဝတီမြစ်ကြောင်းထိန်းသိမ်းရေးနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး၊ ကျေးလက်ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝမြှင့်တင်ရေး၊ အခြေခံအဆောက်အအုံများ တည်ဆောက်ရေး ကိစ္စရပ်များတွင် ကမ္ဘာ့ဘဏ်က ငွေကြေးအကူအညီများပေးအပ်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲများသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဒုတိယ ဗိုလ်ချုပ်ကြီးဝေလွင်၊ ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးသန်းဌေးနှင့် သံအမတ်ကြီး ဦးသန်းဆွေတို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့ရှိ ခေတ္တတည်းခိုသည့် Four Seasons Hotel ၌ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟောင်း မစ္စဟီလာရီကလင်တန်အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်မှုဖြင့် နိုင်ငံရေးလမ်းကြောင်းသစ် ဖော်ဆောင်ရာတွင် အမေရိကန်နိုင်ငံက အောင်မြင်အောင် ကူညီပံ့ပိုးမည်

အမေရိကန်သမ္မတ မစ္စတာ ဘားရက်အိုဘားမား

❍ *ရှေ့ဖုံးမှ*

ဖြစ်သည့်အတွက် ကောင်းမွန်သည့် ခရီးစဉ်ဖြစ်ပါကြောင်း၊ ယခင်နှစ်(၅၀)က နှစ်နိုင်ငံဆက်ဆံရေးမှာ တင်းမာမှုများ ရှိခဲ့ပါကြောင်း။

ယခုအခါ ဆက်ဆံရေးပြောင်းလဲလာရခြင်းမှာ မြန်မာနိုင်ငံတွင် သမ္မတကြီး၏ ဦးဆောင်မှုဖြင့် ဒီမိုကရေစီ လမ်းကြောင်းပေါ်ကို စီးပွားရေးအရရော၊ နိုင်ငံရေးအရပါ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လာသည့်အတွက် ဖြစ်ပါကြောင်း၊ နှစ်နှစ်တာကာလအတွင်း ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားများကို လွှတ်ပေးခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင်ယခုဆိုလျှင် နိုင်ငံရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ထို့အတူ လွှတ်တော်တွင်လည်း မြန်မာနိုင်ငံအကျိုးအတွက် အားလုံးပါဝင်နိုင်အောင် ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ အလွန်ယုံကြည်လောက်သည့် ကြားဖြတ်ရွေးကောက်ပွဲကိုလည်း အောင်မြင်စွာကျင်းပပေးနိုင်ခဲ့ကြောင်း။

သမ္မတကြီး ဦးသိန်းစိန်အနေဖြင့် မြန်မာနိုင်ငံတွင် အလွန်ရှည်ကြာလှသည့် တိုင်းရင်းသား ပြဿနာများကို ဖြေရှင်းရန် ကြိုးပမ်းဆောင်ရွက်နေပြီး ဒီမိုကရေစီစံနှုန်းနှင့် ကိုက်ညီသည့် ဥပဒေများကိုလည်း ရေးဆွဲပြဋ္ဌာန်းနေပြီဖြစ်ကြောင်း၊ ယင်းသို့ ပြုပြင်ပြောင်းလဲမှု အများအပြားကို ဆောင်ရွက်ခဲ့သဖြင့် မိမိတို့က စီးပွားရေးပိတ်ဆို့မှုအပါအဝင် ပိတ်ဆို့မှုအားလုံးကို လျှော့ချပေးလိုက်ပြီဖြစ်ကြောင်း၊ အခြားနိုင်ငံများကလည်း အလားတူလျှော့ချပေးခဲ့ပြီဖြစ်ပါကြောင်း။

ယခုကဲ့သို့ ဆောင်ရွက်ပေးမှုများကြောင့် မြန်မာနိုင်ငံ၏စီးပွားရေး လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်လုပ်ကိုင်လာနိုင်မည်ဖြစ်ကြောင်း၊ ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုများ များပြားလာပါက အလုပ်အကိုင်အခွင့်အလမ်းများလည်း ပေါ်များလာတော့မည်ဖြစ်ကြောင်း။

သို့သော် ယင်းသို့ပြုပြင်ပြောင်းလဲမှုများမှာနိုင်ငံတော်သမ္မတဦးသိန်းစိန် ပြောကြားခဲ့သကဲ့သို့ ရှည်လျားသည့် ခရီးအဖြစ် အချိန်ယူ၍ ဆောင်ရွက်သွားရဦးမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဆက်လက်ပြီး နိုင်ငံရေးအကျဉ်းသားများကို လွှတ်ပေးပြီး တိုင်းရင်းသား အဖွဲ့အစည်းများနှင့် အပစ်အခတ်ရပ်စဲရုံသာမက နိုင်ငံရေးလုပ်ငန်းစဉ်များတွင် ပါဝင်လာအောင် ဆက်လက်ဆောင်ရွက်သွားမည်ဟု သိရှိရပါကြောင်း၊ ပဋိပက္ခဖြစ်ပွားခဲ့သည့် ဒေသများတွင် ဒုက္ခသည်များကို အလေးထား ဆက်ဆံပြီး အကူအညီပေးသွားရန်ကိုလည်း မိမိတို့သဘောတူညီခဲ့ပြီး ဖြစ်ပါကြောင်း၊ USAID အနေဖြင့် မြန်မာနိုင်ငံတွင် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ရန်ကုန်-မန္တလေးလမ်းမကြီး ပြုပြင်ရေးလုပ်ငန်းများကိုဆောင်ရွက်နေပါကြောင်း။

မြန်မာနိုင်ငံက အာဆီယံနှင့် အာရှပစိဖိတ်ဒေသ လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နေကြောင်း၊ မိမိတို့ကလည်း ဒေသတွင်းလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ကို ကြိုဆိုပါကြောင်း၊ ၎င်း၏ ဦးဆောင်မှုဖြင့် နိုင်ငံရေးလမ်းကြောင်းသစ်ကို ဖော်ဆောင်ရာတွင် အမေရိကန်နိုင်ငံက အောင်မြင်အောင် ကူညီပံ့ပိုးသွားမည်ဖြစ်ကြောင်း၊ ယင်းလုပ်ငန်းစဉ်များမှာ အချိန်ယူ ဆောင်ရွက်ရဦးမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ရှင်းလင်းပြောကြားရာတွင် အမေရိကန်ပြည်ထောင်စု၏ သမ္မတအိမ်ဖြူတော်သို့ ပထမဆုံးအကြိမ် ရောက်ရှိလာပြီး သမ္မတဘားရက်အိုဘားမားနှင့် တွေ့ဆုံဆွေးနွေးခွင့်ရသည့်အတွက် များစွာဝမ်းမြောက်ရပါကြောင်း၊ မြန်မာနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့သည် ၁၉၄၇ ခုနှစ်ကတည်းက သံတမန်ဆက်ဆံရေးစတင်ခဲ့သည့်အတွက် သမိုင်းကြောင်းအရ ချစ်ကြည်ရင်းနှီးမှု ရရှိပြီးဖြစ်သည့် နိုင်ငံများဖြစ်ကြောင်း၊ သို့သော် လွန်ခဲ့သည့်နှစ်များအတွင်း နိုင်ငံရေးစနစ်များမတူညီမှုကြောင့် နှစ်နိုင်ငံဆက်ဆံရေးကြဲပါးခဲ့ရကြောင်း။

ယခုအခါတွင် အမေရိကန်နိုင်ငံသို့ နှစ်ပေါင်း ၅၀ အတွင်း ပထမဆုံးလာရောက်သည့် မြန်မာခေါင်းဆောင်တစ်ဦးအဖြစ် မိမိလာရောက်နိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ်ကို ပြောင်းလဲဖော်ဆောင်နေပြီဖြစ်ရာ နှစ်နိုင်ငံကျင့်သုံးသည့် နိုင်ငံရေးစနစ်ချင်းတူညီနေပြီဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် နှစ်နှစ်တာကာလအတွင်း နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း၊ မိမိတို့တွင် ဒီမိုကရေစီ အတွေ့အကြုံ နည်းပါးနေသေးပြီး ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အောင်မြင်မှုများရရှိခဲ့သကဲ့သို့ အခက်အခဲများ၊ စိန်ခေါ်မှုများကိုလည်း ရင်ဆိုင်ကြုံတွေ့နေရပါကြောင်း။

မိမိတို့နိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအနေဖြင့် ဒီမိုကရေစီသို့စနစ်ကူးပြောင်းရာတွင် အခက်အခဲမျိုးစုံကို ရင်ဆိုင်ကြုံတွေ့ရပါကြောင်း၊ အခြေခံအကြောင်းအရင်းမှာ ဆင်းရဲမှုနှုန်းမြင့်မားခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊ ဒီမိုကရေစီအတွေ့အကြုံအားနည်းခြင်း၊ အရည်အချင်းရှိသည့် အလယ်အလတ်တန်းလူတန်းစားများနည်းပါးခြင်း စသည်တို့ပင်ဖြစ်ပါကြောင်း၊ သို့သော် အမေရိကန်နိုင်ငံ၏ အကူအညီပေးမှုဖြင့် အခက်အခဲအချို့ကို ရင်ဆိုင်ကျော်လွှားနိုင်ခဲ့ပါကြောင်း။

နှစ်နိုင်ငံဆက်ဆံရေးကောင်းမွန်အောင် မူဝါဒများပြောင်းလဲပြီး စတင်ဖော်ဆောင်ပေးခဲ့သည့် သမ္မတအိုဘားမားကို ကျေးဇူးအထူးတင်ရှိပါကြောင်း၊ မိမိနှင့် သမ္မတအိုဘားမားတို့ ယနေ့တွေ့ဆုံ ဆွေးနွေးရာတွင် မြန်မာနိုင်ငံတွင် တရားဥပဒေစိုးမိုးရေး၊ တပ်မတော်သားနှင့်ရဲတပ်ဖွဲ့ဝင်များအရည်အသွေးမြှင့်တင်ရေး၊ လယ်ယာကဏ္ဍ၊ ပညာရေးနှင့်ကျန်းမာရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ပါကြောင်း၊ မစ္စတာအိုဘားမားက အမြော်အမြင်ကြီးမားစွာဆွေးနွေးခဲ့သဖြင့် မြန်မာနိုင်ငံအတွက် အလွန်အကျိုးရှိသည့် ခရီးစဉ်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ဒီမိုကရေစီဆက် လက်ရှင်သန်ဖွံ့ဖြိုးလာစေရန် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ဆက်လက် ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ မစ္စတာအိုဘားမားပြောကြားသကဲ့သို့ ရှေ့သို့ဆက်လက်ချီတက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

နိုင်ငံတကာသတင်း

အမေရိကန်နိုင်ငံ အိုကလာဟိုးမား၌ လေဆင်နှာမောင်းတိုက်ခတ်၊ ၉၁ ဦးသေဆုံး

အိုကလာဟိုးမားစီးတီး မေ ၂၁

အမေရိကန်နိုင်ငံ အိုကလာဟိုးမားစီးတီးနှင့် ဆင်ခြေဖုံးဒေသများသို့ အရွယ်အစားတစ်မိုင်ကျော်ကြီးမားသည့် လေဆင်နှာမောင်း မေ ၂၀ ရက် မွန်းလွဲပိုင်းက အင်အားပြင်းစွာဝင်ရောက်တိုက်ခတ်ခဲ့ရာ ကလေးငယ် ၂၀ အပါအဝင် ၉၁ ဦး သေဆုံးခဲ့ကြောင်း မေ ၂၁ ရက်က ထုတ်ဝေသည့် နယူးယောက်တိုင်းမ် သတင်းစာ၌ ဖော်ပြသည်။

အဆိုပါ လေဆင်နှာမောင်းဝင်ရောက်မွှေနှောက်တိုက်ခတ်မှုကြောင့် နေအိမ်များ ပျက်စီးခဲ့ပြီး မော်တော်ကားများ လေထဲလွင့်ပျံ့ခဲ့ကြောင်း၊ စာသင်ကျောင်းနှစ်ကျောင်း ထက်မနည်း ပျက်စီးသွားခဲ့ကြောင်း ယင်းသတင်း၌ ဆက်လက်ဖော်ပြထားသည်။

လေဆင်နှာမောင်းဒဏ်ကြောင့် လူအများအပြား ဒဏ်ရာရရှိခဲ့ရာ ဆေးရုံများ၌ ဒဏ်ရာရရှိသူများနှင့် ပြည့်နှက်လျက်ရှိသည်။ တာဝန်ရှိသူများက အိုးအိမ်အပျက်အစီးများအောက်၌ ပိတ်မိနေသူများကို ရှာဖွေကယ်ဆယ်လျက်ရှိသည်။

အိုကလာဟိုးမားစီးတီးဆင်ခြေဖုံးရှိ မိုရေးမြို့တွင် နေအိမ်အပျက်အစီးများမှာ လမ်းများပေါ်အထိ ပြန့်ကျဲ ပြည့်နှက်နေလျက်ရှိသည်။ ဆေးရုံသတင်းများအရ ဒဏ်ရာရရှိသူ ၁၄၅ ဦးတွင် ကလေးငယ် ၇၀ ခန့် ပါဝင်ကြောင်း သိရသည်။

မိုရေးမြို့ရှိ မူလတန်းကျောင်းတွင် အပျက်အစီးများနှင့် ပြိုကျနေသော နံရံများကို ကယ်ဆယ်ရေးအဖွဲ့များက ရှင်းလင်းဖယ်ရှားလျက်ရှိပြီး အပျက်အစီးများအောက်တွင် ပိတ်မိနေသည့် ကလေးငယ်များကို ကယ်ဆယ်လျက်ရှိသည်။ ယင်းအပျက်အစီးများအောက်၌ ကလေးငယ်ဒါဇင်နှင့်ချီကာ ပိတ်မိနေခဲ့ခြင်းဖြစ်သည်။

အိုကလာဟိုးမားစီးတီးနှင့် မိုရေးမြို့အစပ်တွင်ရှိသော ဘာရီရာဝုဒ် မူလတန်းကျောင်းမျက်နှာပြင် နံရံသို့ လေဆင်နှာမောင်းတိုက်ခတ်မှုနှင့်အတူ လွင့်ပျံ့ပါလာသော မော်တော်ကားများ ဝင်ရောက်တိုက်မိမှုများနှင့် ကျောင်းခေါင်မိုး ပြုတ်ထွက်လွင့်ပျံ့မှုများလည်းဖြစ်ခဲ့သည်။ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များက အပျက်အစီးများ ရှင်းလင်းမှုနှင့် ကယ်ဆယ်မှုများပြုလုပ်လျက်ရှိသည်။

ဝင်ရောက်တိုက်ခတ်

အဆိုပါ လေဆင်နှာမောင်းသည် သတိပေးချက်ထုတ်ပြန်ပြီး ၁၆ မိနစ်အကြာ ယင်းနေ့ မွန်းလွဲ ၂ နာရီ ၅၆ မိနစ်က ဝင်ရောက်တိုက်ခတ်ရွေ့လျားသွားခဲ့ကြောင်း အိုကလာဟိုးမား အမျိုးသား မိုးလေဝသဝန်ဆောင်မှုလုပ်ငန်းမှ ပြောရေးဆိုခွင့်ရှိသူကီလီပက်လီက ပြောကြားသည်။

(နယူးယောက်တိုင်းမ်)

တရုတ်ငါးဖမ်းလုပ်သားများကို မြောက်ကိုရီးယားပြန်လွှတ်ပေး

ပေကျင်း မေ ၂၁

မြောက်ကိုရီးယားတို့ နှစ်ပတ်ကြာဖမ်းဆီးထားသော တရုတ်တံငါသည်များကို သင်္ဘောနှင့်အတူ ပြန်လွှတ်ပေးလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတွင် မေ ၂၁ ရက်က ဖော်ပြသည်။

တရုတ်ငါးဖမ်းရေလုပ်သား ၁၆ ဦးကို ၎င်းတို့၏ သင်္ဘောနှင့်အတူ မြောက်ကိုရီးယားတို့က မေ ၅ ရက်တွင် ပင်လယ်ဝါရေပြင်မှ ဖမ်းဆီးသွားခဲ့ခြင်းဖြစ်သည်။

စေ့စပ်ဆွေးနွေးခဲ့

တရုတ်နိုင်ငံဘက်မှပြောဆိုချက်အရ မေ ၁၀ ရက်မှစတင်ကာ မြောက်ကိုရီးယားအား ၎င်းငါးဖမ်းသမားများ လွှတ်မြောက်ရေး စေ့စပ်ဆွေးနွေးခဲ့ရသည်ဟု ဆိုသည်။

အဆိုပါ တံငါသည်တစ်စုသည် နေရပ်သို့ အန္တရာယ်ကင်းစွာ ပြန်လာနေပြီဖြစ်ကြောင်း ဆင်ဟွာသတင်းက ဖော်ပြသည်။ သင်္ဘောပိုင်ရှင်ဖြစ်သူ ယုရှီကျန်က မည်သည့်ပြန်ပေးဆွဲငွေတစ်ပြားတစ်ချပ်မျှ မပေးခဲ့ရကြောင်း ပြောကြားခဲ့သည်။

တရုတ်ငါးဖမ်းလုပ်သားများ ပြန်လွှတ်ပေးရေးအတွက် မြောက်ကိုရီးယားတို့က ပြန်ပေးရွေးငွေ ယွမ်ခြောက်သိန်းပေးရန် ရှစ်ကြိမ်တိုင်တိုင် တောင်းဆိုခဲ့ကြောင်း၊ ပြန်လွှတ်ပေးသည့် အကြောင်းရင်းခံကို မသိရသော်လည်း ငွေကြေးပေးဆောင်ခဲ့ရခြင်းမရှိကြောင်း ယုရှီကျန်က ဆိုသည်။

(ဘီဘီစီ)

ဆီးရီးယားနှင့် မြောက်အာဖရိက ကိစ္စရပ်များ အမေရိကန်သမ္မတနှင့် အီတလီဝန်ကြီးချုပ် ဆွေးနွေး

ဝါရှင်တန် မေ ၂၁

အမေရိကန်သမ္မတအိုဘားမားသည် အီတလီဝန်ကြီးချုပ် အန်ရီကိုလက်တာနှင့် ဆီးရီးယားတွင်ဖြစ်ပွားနေသော ပဋိပက္ခအပါအဝင် မြောက်အာဖရိကတွင် လုံခြုံရေး၊ စီးပွားရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း မေ ၂၁ ရက်က ဆင်ဟွာသတင်း၌ ဖော်ပြသည်။

ခေါင်းဆောင်နှစ်ဦးတို့သည် ၂၇ လကြာပြီဖြစ်သည့် ဆီးရီးယားပြဿနာနှင့် မြောက်အာဖရိက လုံခြုံရေးကိစ္စရပ်များကို အဓိကထားပြီး အပြန်အလှန်ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

တစ်ဖန် အီတလီနိုင်ငံတွင်အလုပ်လက်မဲ့လူငယ်အရေအတွက် လျှော့ကျရေးအတွက် အီတလီဝန်ကြီးချုပ်၏ ကြိုးပမ်းဆောင်ရွက်မှုများကို ချီးကျူးပါကြောင်း သမ္မတအိုဘားမားက ဆက်လက်ပြောကြားသည်။ မြောက်အိုင်ယာလန်နိုင်ငံတွင် လာမည့်လ၌ ကျင်းပမည့် ဂျီ-၈ ထိပ်သီးအစည်းအဝေး၌ စီးပွားရေးတိုးတက်စေရန် အထောက်အကူပြုနိုင်မည့် ဆွေးနွေးမှုများ ဆက်လက်ဆောင်ရွက်သွားပါရန် အီတလီဝန်ကြီးချုပ်အား အမေရိကန်သမ္မတ အိုဘားမားက တိုက်တွန်းပြောကြားခဲ့သည်။

(ဆင်ဟွာ)

ဗီယက်နမ်၌ မောင်းသူမဲ့လေယာဉ်များ စမ်းသပ်ပျံသန်း

ဟနွိုင်း မေ ၂၁

ဗီယက်နမ်နိုင်ငံလုပ် မောင်းသူမဲ့လေယာဉ်များကို နိုင်ငံအလယ်ပိုင်း လမ်ဒုန်ပြည်နယ် ကုန်းမြင့်ဒေသဝေဟင်တွင် အောင်မြင်စွာပျံသန်းခဲ့ကြောင်း ဒေသဆိုင်ရာမီဒီယာများက မေ ၁၉ ရက်တွင် သတင်းဖော်ပြသည်။

ဗီယက်နမ်သိပ္ပံနှင့်နည်းပညာအကယ်ဒမီအောက်ရှိ ဗီယက်နမ်အာကာသနည်းပညာအဖွဲ့က ထုတ်လုပ်ခဲ့သည့် မောင်းသူမဲ့လေယာဉ်ခြောက်စင်းကို လမ်ဒုန်ပြည်နယ် လက်ဒွန်ခရိုင်နှင့် ဒါလတ်မြို့တွင် မေ ၁၇ ရက်မှ ၁၉ ရက်အထိ သုံးရက်ကြာ စမ်းသပ်ပြီးနောက် ပျံသန်းမှု ၃၇ ကြိမ်ကို အောင်မြင်စွာပြုလုပ်ခဲ့ကြောင်း ဒေသဆိုင်ရာ Van Hoa The Thao သတင်းစာက မေ ၁၉ရက်က ဖော်ပြသည်။

ကင်မရာများ၊ ရောင်စဉ်တိုင်းကိရိယာများနှင့် လိုအပ်သောပစ္စည်းကိရိယာများ သယ်ဆောင်သွားသော မောင်းသူမဲ့လေယာဉ်သည် ကမ်လီစစ်ဘက်လေဆိပ်မှပျံတက်ခဲ့ကြောင်း၊ လေယာဉ်ပျံသန်းမှုပြုလုပ်စဉ် လမ်ဒုန်ပြည်နယ်အတွင်းရှိ သစ်တောအရင်းအမြစ်များနှင့် ရေမျက်နှာပြင်၏ လက်ရှိအခြေအနေများနှင့်ပတ်သက်သည့် ရှင်းလင်းပြတ်သားသော ဓာတ်ပုံ ၃၀၀ ကျော်ကို ရိုက်ကူးခဲ့ကြောင်း ယင်းသတင်းစာတွင် ဖော်ပြထားသည်။ အဆိုပါ လေယာဉ်များသည် မြေပြင်မှ ထိန်းချုပ်မှုစနစ်မရှိဘဲ အလိုအလျောက် ပျံသန်းခဲ့ကြခြင်းဖြစ်သည်။

(ဆင်ဟွာ)

လက်ဘနွန်၌ ဆီးရီးယားဒုက္ခသည် လေးသိန်းကျော်ရှိနေ

ဘေရွတ် မေ ၂၁

လက်ဘနွန်နိုင်ငံတွင် ဆီးရီးယားဒုက္ခသည် ဦးရေမှာ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးမှ နောက်ဆုံးထုတ်ပြန်သော စာရင်းအရ ၄၇၄၀၀၀ ရှိနေပြီဖြစ်ကြောင်း မေ ၂၁ ရက်က ဖော်ပြသည်။

လက်ဘနွန်နိုင်ငံရှိ ကုလသမဂ္ဂဒုက္ခသည်များတွင် တရားဝင်မှတ်ပုံတင်ထားသည့် ဒုက္ခသည်ဦးရေမှာ ၃၇၉၀၀၀ ရှိနေပြီး ကျန် ၉၅၀၀၀ မှာ စာရင်းပေးသွင်းရန် စောင့်ဆိုင်းနေကြသူများဖြစ်သည်။ ၎င်းတို့အား ဒုက္ခသည်စာရင်း၌ သွင်းရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါ ဒုက္ခသည်များမှာ လက်ဘနွန်မြောက်ပိုင်းတွင် လောလောဆယ် ၁၄၉၀၀၀၊ ဘီကာရာဒေသတွင် ၁၃၃၀၀၀၊ ဘေရွတ်တွင် ၅၈၀၀၀ နှင့် လက်ဘနွန်တောင်ပိုင်းတွင် ၃၈၀၀၀ တို့ရှိနေသည်။

ပြီးခဲ့သည့် သီတင်းပတ်က လက်ဘနွန်သို့ ဆီးရီးယားဒုက္ခသည် ၄၀၀၀ ခန့် ထပ်မံရောက်ရှိလာခဲ့သည်။ ယင်းတို့မှာ ဆီးရီးယားနိုင်ငံ ဒါရာရာမြို့နှင့် အလီပိုမြို့များမှ အများစုဖြစ်သည်။

လက်ဘနွန်နိုင်ငံတွင် ရောက်ရှိနေသော ဆီးရီးယားဒုက္ခသည်များဦးရေသည် လက်ဘနွန်လူဦးရေ၏ ၁၀ ရာခိုင်နှုန်းခန့်ရှိနေပြီဖြစ်ကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး အန်တိုနီရို ဂူတာရက်စ်က ပြောကြားသည်။

(ဆင်ဟွာ)

ဆောင်းပါး

မလေးရှား ရွေးကောက်ပွဲအကြောင်း တစေ့တစောင်း

တက္ကသိုလ်ဆရာတစ်ဦး

ယမန်နေ့မှအဆက်

အလျဉ်းသင့်၍ မလေးရှားနိုင်ငံတွင် ကျင့်သုံးသည့် နိုင်ငံသားမှတ်ပုံတင်နံပါတ်ပေးသည့် စနစ်နှင့်ပတ်သက်၍ အနည်းငယ် ဖော်ပြလိုပါသည်။ နိုင်ငံသားမှတ်ပုံတင်နံပါတ်တွင် ဂဏန်း ၁၂ လုံးရှိရာ ပထမ ခြောက်လုံးသည် မှတ်ပုံတင်ကိုင်ဆောင်သူ၏ မွေးနေ့သက္ကရာဇ် (နှစ်၊ လ၊ ရက်) ဖြစ်ပြီး နောက်ထပ် နှစ်လုံးသည် ၎င်းနေထိုင်ရာ ဒေသ၏ Code No. ဖြစ်ကာ နောက်ဆုံးလေးလုံးသည် ၎င်း၏ကိုယ်ပိုင်နံပါတ် (တစ်နည်းအားဖြင့် Serail No.) ဖြစ်သည်။ ဥပမာ - မှတ်ပုံတင်နံပါတ် တစ်ခုသည် 820516134186 ဖြစ်သည်ဆိုပါက 820516 သည် မွေးနေ့ဖြစ်သဖြင့် ထိုသူသည် ၁၉၈၂ ခုနှစ် မေလ ၁၆ ရက်နေ့တွင် မွေးဖွားသူတစ်ဦးဖြစ်ပြီး 13 သည် ၎င်းနေထိုင်ရာ ဒေသ၏ Code No. ဖြစ်ကာ 4186 သည် ၎င်း၏ကိုယ်ပိုင်နံပါတ်ဖြစ်ပါသည်။ နိုင်ငံခြားတိုင်းပြည်များတွင် မွေးဖွားသည့် မလေးလူမျိုးများနှင့် မလေးရှားနိုင်ငံတွင် အမြဲတမ်းအခြေချနေထိုင်သည့် နိုင်ငံခြားသားများသည် မလေးရှားနိုင်ငံသား (Malay Citizen) ဖြစ်လာမည်ဆိုပါက ၎င်းအတွက် ဒေသ Code No. သည် 71 ဖြစ်ပါသည်။ သို့သော် ၂၀၀၀ ပြည့်နှစ် နှစ်ဦးပိုင်းမှစ၍ ဘင်္ဂလားဒေ့ရှ်လူမျိုးများကို Code No. 79 ၊ စင်ကာပူလူမျိုးများကို 66 ၊ အင်ဒိုနီးရှား လူမျိုးများကို 61၊ ပါကစ္စတန်လူမျိုးများကို76၊ ထိုင်းလူမျိုးများကို 87၊ တောင်ကိုရီးယားလူမျိုးများကို 89 ဟု သီးခြားစီခွဲ၍ သတ်မှတ်ထားကြောင်း သိခဲ့ရပါသည်။

ရွေးကောက်ပွဲကော်မရှင်က မဲစာရင်းများကို Online မှသာမက အခြားနည်းမျိုးစုံ အသုံးပြု၍ ကြေညာပေးသည့်အပြင် မဲဆန္ဒရှင်များထံသို့လည်း အကြောင်းကြားပေးကြောင်း၊ မဲစာရင်းမှတ်ပုံတင်ခြင်းကို Compulsory အဖြစ် သတ်မှတ်မထားသောကြောင့် ပြီးခဲ့သည့် ရွေးကောက်ပွဲတွင် မဲစာရင်းမှတ်ပုံတင်မထားသူပေါင်း ၃ ဒသမ ၄ သန်းခန့် ရှိကြောင်း၊ လူအချို့သည် အသက် ၅၀ ကျော်နေသည့်တိုင် ယခုရွေးကောက်ပွဲကျမှသာ ပထမဦးဆုံးအကြိမ်အဖြစ် ဆန္ဒမဲပေးဖူးကြောင်း ကြားသိခဲ့ရပါသည်။

မဲပေးသည့် ဌာနများ

တစ်နိုင်ငံလုံးတွင် မဲပေးသည့်ဌာနများ- Polling Center ပေါင်း ၈၆၆၂ ဌာနရှိပြီး မဲရုံပေါင်း ၂၆၀၁၇ ရုံ ရှိပါသည်။ စာရေးသူတို့ လေ့လာခဲ့သော မဲပေးသည့်ဌာနများတွင် မဲရုံသုံးရုံမှ ခြောက်ရုံထိ ရှိပါသည်။ မသန်စွမ်းသူများနှင့် Senior Citizen များ (အသက် ၅၅ နှစ်နှင့်အထက်) အတွက် သီးသန့်မဲရုံတစ်ရုံ ထားရှိပေးပြီး ယင်းမဲရုံ၌ မဲဆန္ဒရှင် အများဆုံး ၄၅၀ သာရှိကြောင်း သာမန်မဲရုံများ၌ မဲဆန္ဒရှင် အများဆုံး ၈၀၀ အထိ ရှိကြောင်း သိရပါသည်။

ဆန္ဒမဲလက်မှတ်

ဆန္ဒမဲလက်မှတ်သည် စာရေးသူတို့နိုင်ငံမှ ဆန္ဒမဲလက်မှတ်နှင့် ပုံစံတူပါသည်။ ကိုယ်စားလှယ်လောင်း၏ အမည်၊ ပါတီ၏ အမှတ်တံဆိပ်နှင့် ဆန္ဒပြုသည့်အကွက်များ ပါဝင်သည်။ ပါလီမန်မဲလက်မှတ်နှင့် ပြည်နယ်မဲလက်မှတ်များကို အရောင်ဖြင့် ခွဲခြားထားပါသည်။ ဆန္ဒပြုသည့်အကွက်တွင် ကြက်ခြေခတ်ရန်ဖြစ်ပါသည်။ ကြက်ခြေခတ်မဟုတ်ဘဲ အကွက်ထဲတွင် ခြစ်ရာထင်လျှင်လည်း ခိုင်လုံမဲအဖြစ် သတ်မှတ်ပေးကြောင်း အသက်ကြီးသူများ၊ မသန်စွမ်းသူများအတွက် လျှော့ပေါ့စဉ်းစားပေးခြင်းဖြစ်ကြောင်း သိရပါသည်။

ရွေးကောက်ပွဲတွင် ပါဝင်ဆောင်ရွက်သူများ

ပြီးခဲ့သည့် ရွေးကောက်ပွဲတွင် တစ်နိုင်ငံလုံး၌ Returning Officer (RO) ဟုခေါ်သည့် ရွေးကောက်ပွဲအရာရှိ ၂၂၂ ဦး၊ လက်ထောက်ရွေးကောက်ပွဲအရာရှိ (ARO) - ၁၁၀၀၊ ကြီးကြပ်သူ (Supervisor)၊ မဲရုံမှူး (Presiding Officer) နှင့် မဲစာရေး (Election Clerk) စုစုပေါင်း ၂၂၉၇၉၅ ဦးရှိပါသည်။ မဲဆန္ဒနယ်တစ်ခုကို RO တစ်ဦးက ဦးဆောင်ကြီးကြပ်ပါသည်။ မဲရုံများဖွင့်ထားသည့် Polling Center (များသောအားဖြင့် စာသင်ကျောင်းများ) တစ်ခုကို Supervisor- ကြီးကြပ်ရေးမှူးတစ်ဦးက ကြီးကြပ်ပါသည်။ ကြီးကြပ်သူ၊ မဲရုံမှူးနှင့် မဲစာရေးများကို ကော်မရှင်က အခကြေးငွေပေး၍ ခေတ္တငှားရမ်း အသုံးပြုခြင်းဖြစ်ကြောင်း၊ ရွေးကောက်ပွဲအရာရှိမှ မဲစာရေးအထိ အစိုးရဝန်ထမ်းများသာဖြစ်ကြောင်း၊ မဲရုံစာရေးတစ်ဦးကို ရွေးကောက်ပွဲကျင်းပသည့်နေ့အတွက် ရင်းဂစ် ၃၀၀ (မြန်မာငွေ ၈၁၆၀၀ ကျပ်) ပေးကြောင်း၊ ထို့အပြင် Polling Center များ၏ ၉၀ ရာခိုင်နှုန်းသည် ကျောင်းများတွင် ပြုလုပ်ထားခြင်းဖြစ်သဖြင့် မဲစာရေးများကိုလည်း ဆရာ ဆရာမများအား ခန့်ထားမှုများကြောင်း သိခဲ့ရပါသည်။

မဲဆွယ်စည်းရုံးခြင်း

နိုင်ငံရေးပါတီများအား မဲဆွယ်စည်းရုံးရန်အတွက် အချိန် ၁၅ ရက်ပေးထားပါသည်။ ရွေးကောက်ပွဲမကျင်းပမီတစ်ရက်၏ ညသန်းခေါင်အချိန်တိုင် စည်းရုံးခွင့် ရှိပါသည်။ ယခုရွေးကောက်ပွဲကို မေ ၅ ရက်တွင် ကျင်းပခြင်းဖြစ်သဖြင့် မေ ၄ ရက် ည ၁၂ နာရီတိတိ အချိန်တိုင်အောင် စည်းရုံးနိုင်ပါသည်။ ဝင်ရောက်ယှဉ်ပြိုင်ကြသော ပါတီအသီးသီးမှ စည်းရုံးလှုံ့ဆော်ထားသည့် ပိုစတာများ၊ အလံများကို နေရာအနှံ့အပြားတွင် တွေ့ခဲ့ရပါသည်။ သို့သော် Polling Center မှ မီတာ ၇၀၀ (၇၆၅ ကိုက်) အတွင်း ပိုစတာများ၊ အလံများ ကပ်ခွင့်/ချိတ်ဆွဲခွင့် မရှိကြောင်း သိရပါသည်။ ကျောင်းတစ်ကျောင်းအနီးတွင် ပါတီတစ်ခုမှ ချိတ်ဆွဲထားသည့် အလံများ ပြုတ်ကျနေသည်ကို တွေ့ရသဖြင့် မေးမြန်းကြည့်ရာ Polling Center မှ မီတာ ၇၀၀အတွင်း၌ ချိတ်ဆွဲထားသဖြင့် ကော်မရှင်က ဖြုတ်ချထားခြင်း ဖြစ်ကြောင်း သိခဲ့ပါသည်။

ကိုယ်စားလှယ်လောင်းများသည်ပင်လျှင် ရွေးကောက်ပွဲကျင်းပသည့်နေ့၌ Polling Center မှ မီတာ ၇၀၀အတွင်းသို့ လာရောက်ခွင့်မရှိကြောင်း၊ ၎င်းတို့အား မဲဆွယ်စည်းရုံးရန် အချိန်လုံလောက်စွာ ပေးထားပြီးသောကြောင့် ဖြစ်ကြောင်း သိခဲ့ရပါသည်။

ထို့အပြင် မဲဆွယ်စည်းရုံးရေးအတွက် ပါတီများက စပေါ်ငွေ (Election Campaign Material Deposit) တင်ထားရကြောင်း၊ ပါလီမန်အတွက် ရင်းဂစ် ၅၀၀၀ (မြန်မာငွေကျပ် ၁၃ ဒသမ ၆ သိန်းခန့်) တင်ထားရပြီး ပြည်နယ်လွှတ်တော်အတွက် ရင်းဂစ် ၃၀၀၀ (မြန်မာငွေကျပ် ၈ ဒသမ ၁၆ သိန်းခန့်) စပေါ်ငွေ တင်ထားရကြောင်း၊ ၎င်းတို့ချိတ်ဆွဲထားသည့်အလံများ၊ ပိုစတာများကို ရွေးကောက်ပွဲပြီးသည့်နောက် ၁၅ ရက်အတွင်း မရှင်းလင်းပါက မြူနီစီပယ်က ရှင်းလင်းရန်အတွက်ဖြစ်ကြောင်း၊ အကယ်၍ မြူနီစီပယ်က ရှင်းလင်းသည့်အခါတွင် စပေါ်ငွေထက် ပို၍ကုန်ကျပါက သက်ဆိုင်ရာပါတီက လိုငွေကိုထပ်မံ၍ ပေးဆောင်ရကြောင်း သိခဲ့ရပါသည်။

ယခု ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ ၁၆ ပါတီ ဝင်ရောက်ယှဉ်ပြိုင်အရွေးခံခဲ့ကြရာ ပါလီမန်မဲဆန္ဒနယ်များတွင် ကိုယ်စားလှယ်လောင်း ၅၇၉ ဦးနှင့် ပြည်နယ်တွင် ၁၃၂၂ ဦး ဝင်ရောက်အရွေးခံခဲ့ကြပါသည်။

မဲဆွယ်စည်းရုံးမှု ကြီးကြပ်ရေးအဖွဲ့များ

ကိုယ်စားလှယ်လောင်းများ မဲဆွယ်စည်းရုံးရာတွင် ထုတ်ပြန်ထားသော စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာကြစေရေးအတွက် ကော်မရှင်က "Election Campaign Enforcement Team" - "မဲဆွယ်စည်းရုံးမှု ကြီးကြပ်ရေးအဖွဲ့များ" ကို ဖွဲ့စည်းပေးထားပါသည်။ တစ်နိုင်ငံလုံးတွင် အဖွဲ့ပေါင်း ၃၈၄ ဖွဲ့ရှိပြီး အဖွဲ့တစ်ဖွဲ့တွင် ခေါင်းဆောင်အဖြစ် Enforcement Officerက ဆောင်ရွက်ပြီး အဖွဲ့ဝင်များအဖြစ် ရဲအရာရှိ (Inspectorထက် အဆင့်မနိမ့်သူ)တစ်ဦး၊ ဒေသဆိုင်ရာ တာဝန်ရှိသူတစ်ဦး (အများအားဖြင့် မြူနီစီပယ်မှ)နှင့် ထိုဒေသတွင် ဝင်ရောက်ယှဉ်ပြိုင်ကြသည့် ပါတီများမှ ကိုယ်စားလှယ်တစ်ဦးကျစီ ပါဝင်ပါသည်။ ယင်းအဖွဲ့လှည့်လည် ကြီးကြပ်နိုင်ရန်အတွက် ကော်မရှင်က မော်တော်ကားတစ်စီး စီစဉ်ပေးထားကြောင်း၊ ဖြစ်ပေါ်လာသော အခြေအနေအရပ်ရပ်ကို ရွေးကောက်ပွဲအရာရှိထံ တင်ပြရကြောင်း သိခဲ့ရပါသည်။

မဲပေးပြီးသူတစ်ဦး ၄င်း၏လက်ညှိုးတွင် မင်သုတ်ထားသည်ကို ပြသနေပုံ။

ကြိုတင်ဆန္ဒမဲပေးခြင်း

တပ်မတော်သားများနှင့် ၎င်းတို့၏ မိသားစုများ၊ ရဲဝန်ထမ်းများနှင့် ၎င်းတို့၏ မိသားစုများသည် ကြိုတင်ဆန္ဒမဲ (Advance Voting or Early Voting) ပေးပိုင်ခွင့်ရှိသည်။ ကြိုတင်ဆန္ဒမဲကို ရွေးကောက်ပွဲမတိုင်မီ အနည်းဆုံး သုံးရက်ပေးရမည်ဟု သတ်မှတ်ထားသည်။ ယခုရွေးကောက်ပွဲတွင် ၂၀၁၃ ခုနှစ် ဧပြီ ၃၀ ရက် တစ်ရက်တည်းကို ကြိုတင်ဆန္ဒမဲပေးသည့်နေ့အဖြစ် သတ်မှတ်ခဲ့ပြီး ကြိုတင်ဆန္ဒမဲပေးမည့်သူပေါင်း ၂၇၀၀၀၀ ရှိကြောင်း၊ ၎င်းတို့ ဆန္ဒမဲပေးရန်အတွက် တစ်နိုင်ငံလုံးတွင် ဌာနပေါင်း ၅၄၄ခု ဖွင့်လှစ်ထားရှိကြောင်း၊ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲပေးသည့်စနစ်အတိုင်းပင်ဖြစ်ပြီး ပါတီကိုယ်စားလှယ်များအား သက်သေအဖြစ်ထားရှိကြောင်း၊ ကြိုတင်ဆန္ဒမဲထည့်ထားသည့် မဲပုံးများကို မေ ၅ ရက် ညနေ ၅ နာရီကျမှသာ ဖွင့်၍ ရေတွက်ခြင်းဖြစ်ကြောင်း သိရှိခဲ့ရပါသည်။

အထက်ဖော်ပြပါ ပုဂ္ဂိုလ်များအပြင် ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးအသီးသီးမှ ဝန်ထမ်းများနှင့် မဲရုံတွင် တာဝန်ထမ်းဆောင်မည့်သူများကိုလည်း ကြိုတင်ဆန္ဒမဲပေးခွင့်ပြုပြီး ကော်မရှင်က ကြိုတင်ဆန္ဒမဲပေးသူများ၏ မဲစာရင်းကို သီးခြားပြုစုပြီး ပေးပါသည်။

မလေးရှားနိုင်ငံတွင် မဲဆန္ဒနယ်များ၏ ပြင်ပတွင် ရောက်ရှိနေသူများအား Absent Voters ဟု ခေါ်ဝေါ်ပါသည်။

စာတိုက်မှ ဆန္ဒမဲပေးခြင်း

ပြည်ပတွင်ရောက်ရှိနေသော မလေးလူမျိုးများအတွက် ၂၈-၄-၂၀၁၃ ရက်နေ့ကို စာတိုက်မှ ဆန္ဒမဲပေးသည့်နေ့အဖြစ် (Postal Voting) သတ်မှတ်ပေးခဲ့ရာ ဆန္ဒမဲပေးရန် သတ်မှတ်ချက်နှင့် ကိုက်ညီသူပေါင်း ၈၇၅၆ ဦးရှိပြီး ၎င်းတို့အနက် ၇၀ရာခိုင်နှုန်းခန့် ဆန္ဒမဲပေးခဲ့ကြောင်း၊ နိုင်ငံအသီးသီးရှိ ဆန္ဒမဲပေးရန် စီစဉ်ထားသည့် ရုံးများ၌ နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ဆန္ဒမဲပေးနိုင်ကြောင်း၊ လန်ဒန်မြို့နှင့် မဲလ်ဘုန်းမြို့များတွင် မဲဆန္ဒရှင် ၁၀၀၀ ကျော် မှတ်ပုံတင်ထားသဖြင့် ည ၈ နာရီအထိ မဲပေးနိုင်ရန် စီစဉ်ထားခြင်းဖြစ်ကြောင်း သိရပါသည်။

ရှေ့တန်းသို့ ရောက်ရှိနေသော တပ်မတော်သားများနှင့် ရဲများ၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် စာတိုက်မှဆန္ဒပြုရန် ခွင့်ပြုပေးထားသော မီဒီယာမှ ပုဂ္ဂိုလ်များ၊ ကော်မရှင်ကခန့်အပ်ထားသော Election Workerများ (ရွေးကောက်ပွဲနေ့တွင် တာဝန်ထမ်းဆောင်မည့်သူများ)ကို စာတိုက်မှ ဆန္ဒမဲပေးရန် ခွင့်ပြုထားကြောင်း သိရပါသည်။

ဆန္ဒမဲပေးခြင်း

ယခုကျင်းပသည့် ရွေးကောက်ပွဲကို တစ်ရက်တည်း ကျင်းပခြင်း - One Day Voting ဖြစ်ပါသည်။ မဲဆန္ဒရှင်များသည် မဲရုံပြင်ပတွင် စည်းကမ်းတကျ တန်းစီ၍ စောင့်ဆိုင်းကြပြီး မဲရုံအတွင်းသို့လည်း တစ်ဦးပြီးမှ တစ်ဦး စနစ်တကျ ဝင်ကြသဖြင့် မဲရုံအတွင်း၌ လူများရှုပ်မနေပါ။ မဲရုံအပေါက်ဝတွင်လည်း ရဲတစ်ဦး စောင့်ကြပ်လျက်ရှိသည့်အပြင် Polling Center တစ်ခုလုံးကိုလည်း ရဲများ စောင့်ကြပ်လျက်ရှိသည်ကို တွေ့ရှိခဲ့ရပါသည်။ မဲရုံတစ်ရုံတွင် မဲရုံမှူးတစ်ဦးနှင့် မဲစာရေးသုံးဦးရှိပါသည်။ ပထမမဲစာရေးက မဲဆန္ဒရှင်၏ မှတ်ပုံတင်နှင့် မဲစာရင်းကို တိုက်ဆိုင်စစ်ဆေးပြီး ဒုတိယမဲစာရေးက လက်ညှိုးကို မင် (Indelible Ink) ဖြင့် သုတ်ပေးပါသည်။ (ဤစနစ်ကို ယခု ကျင်းပသည့် ရွေးကောက်ပွဲတွင် စတင်အသုံးပြုကြောင်း၊ ဆန္ဒမဲပေးပြီးသူ တစ်ဦးသည် နောက်တစ်ကြိမ်ထပ်၍ မဲမပေးနိုင်စေရန်အတွက် ပို၍သေချာစေရန် စီစဉ်ခြင်းဖြစ်ကြောင်း၊ အမှန်မှာ မဲပေးပြီးသူ၏ အမည်ကို ပထမမဲစာရေးက မဲစာရင်းတွင် မှတ်သားထားပြီး ဖြစ်ကြောင်း သိရှိခဲ့ရပါသည်။ လက်ညှိုးကို မင်သုတ်ရာတွင်လည်း စုတ်တံဖြင့် လက်သည်းကိုသာ သုတ်ပေးခြင်းဖြစ်ခြင်းကြောင့် မဲလက်မှတ်ကို မင်မစွန်းထင်းနိုင်ပါ။) တတိယမဲစာရေးက မဲလက်မှတ် ထုတ်ပေးပါသည်။ မဲရုံတစ်ရုံတွင် ပါလီမန်နှင့် ပြည်နယ်နှစ်ခုစလုံးရှိပါက မဲလက်မှတ် နှစ်စောင်ကို တစ်ခါတည်း ထုတ်ပေးပါသည်။ မဲလက်မှတ်များကို ကွဲပြားစေရန် အရောင်ဖြင့် ခွဲခြားထားပါသည်။

မဲဆန္ဒရှင်သည် မဲလက်မှတ်ကို ထုတ်ယူပြီးနောက် ဆန္ဒပြုခန်း (မြန်မာနိုင်ငံမှ ဆန္ဒပြုခန်းနှင့် အတူတူပင်ဖြစ်ပါသည်။ သို့သော် မလေးရှားမှ ဆန္ဒပြုခန်းများသည် ကတ်ထူစက္ကူဖြင့် အလွယ်တကူပြုလုပ်ထားပါသည်။) သို့ သွားရောက်ပြီး မဲလက်မှတ်တွင် ဆန္ဒပြုပြီးနောက် မဲလက်မှတ်ကို သေချာစွာ (ပိပိပြားပြား) နှစ်ခေါက်ချိုး၍ မဲပုံးထဲသို့ ထည့်ရပါသည်။ မဲလက်မှတ် မဲပုံးထဲသို့ရောက်ရှိပြီးမှ ပြန်၍ ပြန့်မသွားစေရန်ဖြစ်ပါသည်။ မဲပုံးကို ပလတ်စတစ်အကြည်ဖြင့် ပြုလုပ်ထားခြင်းဖြစ်သဖြင့် ဆန္ဒပြုထားခြင်းကို အခြားလူများ မမြင်စေရန်ဖြစ်ပါသည်။ ဆန္ဒပြုရာတွင် ယခင်က ခဲတံကို အသုံးပြုခဲ့သော်လည်း ယခုရွေးကောက်ပွဲကျမှသာ ဘောပင်ကို ပြောင်းလဲအသုံးပြုခဲ့ကြောင်း သိရှိရပါသည်။ ပါတီများမှ မဲရုံကိုယ်စားလှယ်များကို မဲပုံးများနှင့် မျက်နှာချင်းဆိုင် ၅ ပေ၊ ၆ ပေ အကွာတွင် ထိုင်ရန် နေရာပေးထားပါသည်။

ဆန္ဒမဲများ ရေတွက်ခြင်း

မဲရုံကို နံနက် ၈ နာရီတွင် ဖွင့်ပြီး ညနေ ၅နာရီတွင် ပိတ်ပါသည်။ စာရေးသူတို့ အကဲခတ်သူများ ကြည့်ရှုခဲ့သည့် မဲရုံတွင် ၅ နာရီတိတိ၌ မဲရုံကို ပိတ်ပြီး မဲများရေတွက်ရန် စတင်စီစဉ်ပါသည်။ ဦးစွာပထမ မဲပုံးကို တိပ်ကြိုးဖြင့်ပတ်ပြီး Seal လုပ်ထားသည့်အတိုင်း ခြေရာလက်ရာမပျက် ရှိနေသည်ကို မဲရုံကိုယ်စားလှယ်များအား ကြည့်ရှုစေပါသည်။ ထို့နောက် တိပ်ကြိုးတွင်ရှိသည့် ကတ်ပြား (Tag)ပေါ်တွင် မဲရုံကိုယ်စားလှယ်များအား လက်မှတ်ထိုးစေပါသည်။ (မဲရုံမဖွင့်မီကလည်း မဲပုံးကို သေချာစွာပြသပြီး ပါတီကိုယ်စားလှယ်များအား ယခုကဲ့သို့ပင် လက်မှတ်ထိုးစေကြောင်း သိရပါသည်။)

ထို့နောက် မဲစာရေးများက မဲပုံးကိုဖွင့်ပြီး မဲလက်မှတ်များကို စတင်ရေတွက်ပါသည်။ မဲလက်မှတ် ၁၀ စောင်လျှင် တစ်စည်း သားရေကွင်းဖြင့် စည်းပါသည်။ ပြီးလျှင် ၁၀ စည်းလျှင် အစည်းကြီး တစ်စည်း (မဲအစောင် ၁၀၀) ထပ်မံစည်းပါသည်။ ထုတ်ပေးထားသော မဲလက်မှတ် အရေအတွက်နှင့် ကိုက်ညီမှု ရှိ/ မရှိ တိုက်ဆိုင်စစ်ဆေးခြင်း ဖြစ်ပါသည်။

မဲရုံ၏ရှေ့တွင်ကပ်ထားသော မဲရုံတစ်ရုံ၏ အခင်းအကျင်းကို ပြသသည့် ပိုစတာ။ တစ်ဖက်ထိပ်မှ သုံးဦးသည် မဲစာရေးများဖြစ်ပြီး၊ ကျောပေးထားသူသည် မဲရုံမှူးဖြစ်ကာ အလယ်မှ နှစ်ဦးသည် ပါတီကိုယ်စားလှယ်များဖြစ်သည်။

တစ်ဖန် မဲလက်မှတ်များကို တစ်စောင်ခြင်း ကြည့်ရှုပြီး ခိုင်လုံမဲ၊ ပယ်မဲနှင့် ဆုံးဖြတ်ရခက်သော မဲ (50- 50) ဟူ၍ သုံးမျိုး ခွဲခြားကာ ခွက်သုံးခွက်တွင် ထည့်ပါသည်။ (မဲထည့်သည့်ခွက်များကိုလည်း ကတ်ထူစက္ကူဖြင့် ပြုလုပ်ထားပြီး ကော်မရှင်က စီစဉ်ပေးထားကြောင်း သိရှိခဲ့ရပါသည်။) မဲရုံမှူးက ဆုံးဖြတ်ရခက်သောမဲများကို ကိုယ်တိုင်တစ်စောင်ချင်း ကြည့်ရှုပြီး ခိုင်လုံမဲ/ ပယ်မဲ ဆုံးဖြတ်ပေးပါသည်။ ယင်းမဲလက်မှတ်များကို ခွက်ထဲသို့မထည့်မီ မဲရုံကိုယ်စားလှယ်များအား သေချာစွာပြသပေးပါသည်။

(ဆက်လက်ဖော်ပြပါမည်)

ဆောင်းပါး

ရွက်သစ်ဝေချိန်နှင့်အတူနှလုံးရွှင်ပြုံးပီတိဖုံးစေမည့် နေပြည်တော်သတ္တဌာနဆီသို့(၃)

စေတနာမောင်

(ယမန်နေ့မှအဆက်)

နေပြည်တော်၌ မဟာဗောဓိစေတီတော်နှင့် သတ္တဌာနတည်ဆောက်မှုနှင့်ပတ်သက်၍ ပါဝင်အားဖြည့်ဆောင်ရွက်ခဲ့ကြသော ပညာရှင်များ၊ ဆောက်လုပ်ရေးအဖွဲ့များ၏ အမြင်၊ အယူအဆနှင့်လုပ်ငန်းဆောင်ရွက်ခဲ့ပုံများကို ဆက်လက်တင်ပြလိုက်ရပါသည်။

ဦးမြင့်လွင် (မြန်မာမှုပညာရှင်၊ ACE ဆောက်လုပ်ရေးအဖွဲ့)

မေး။ ဆရာ့အနေနဲ့ ဘယ်လိုအပိုင်းက ကြိုးစားလုပ်ဆောင်ခဲ့ရတယ်ဆိုတာ ရှင်းပြပေးပါခင်ဗျာ။

ဖြေ။ ဆရာဦးဝင်းဇော်တို့ဦးဆောင်မှုနဲ့အတူ ဗုဒ္ဓဂယာကိုသွားရောက်လေ့လာခဲ့ပါတယ်။ လေ့လာတဲ့အခါမှာ စေတီတော်ကြီးဟာ ထူးခြားတဲ့စေတီတော်ကြီးလည်းဖြစ်တယ်၊ မြန်မာဘုရားတွေနဲ့လည်း မတူပါဘူး၊ ဒါကြောင့် လက်ရာမှတ်တမ်းဓာတ်ပုံတွေကို စေတီတော်ကြီးရဲ့အချိုးအစားအတိုင်းကို ပုံစံချပြီးတော့ သဲကျောက်ဆင်းတုတော်ဆို မျက်နှာတော်သပ်ရပ်သပ္ပာယ်အောင် ဓာတ်ပုံရိုက်ပြီး ထပ်တူညီမျှအောင် လုပ်ခဲ့ပါတယ်။ သဲကျောက်တွေကို ကျောက်ပန်းတောင်းဘက်ကနေပြီးတော့ အတုံးလိုက် သယ်ခဲ့ရတယ်။ ဓာတုစယစေတီကို ပုံစံဖော်ပြီးတော့ ထုလုပ်ခဲ့တာပါ။ ဒီစေတီတော်ကြီးကို မတည်ခင်ကတည်းက စကေးရဲ့ ငါးပုံတစ်ပုံ အချိုးရှိတဲ့ စေတီတော်ငယ်ကို စပြီးတည်ခဲ့ပါတယ်။ အခက်အခဲတွေကို လေ့လာသုံးသပ်ပြီးတော့မှ အောင်မြင်တဲ့စေတီတော်ကြီးဖြစ်အောင် ကြိုးစားပြီးတော့ လုပ်ခဲ့ပါတယ်။

ဦးစန်းမောင် (ဒီဇိုင်နာအင်ဂျင်နီယာ၊ ACE ဆောက်လုပ်ရေးအဖွဲ့)

မေး။ ဆရာ့ရဲ့ လုပ်ငန်းအတွေ့အကြုံကို ပြောပြပေးပါခင်ဗျာ။

ဖြေ။ သတ္တသတ္တာဟစေတီတော်ကြီးကို နေပြည်တော်မှာ တည်မယ်ဆိုတော့ ကျွန်တော်တို့ ဗုဒ္ဓဂယာကို နှစ်ခေါက်သွားပြီးတော့ တိုင်းထွာလေ့လာခဲ့ပါတယ်။ တိုင်းထွာလေ့လာတဲ့အခါမှာ လက်လှမ်းမီသလောက်ပဲ တိုင်းရပါတယ်၊ အထက်အမြင့်အထိ ကျွန်တော်တို့ မတိုင်းနိုင်ခဲ့ပါဘူး၊ အဲဒါကို ကျွန်တော်ဒီပြန်ရောက်တော့ ဓာတ်ပုံကို ကြည့်ပြီးတော့ပဲ ဗိသုကာပုံစံတွေကို သေချာထုတ်၊ ထုတ်ပြီးလို့ရှိရင် ဘုရားပုံစံကျလာပြီဆိုရင် ဓာတ်ပုံရိုက်၊ ပြီးရင် အဲဒီ Profile ကို ဟိုကဗောဓိစေတီနဲ့ ထပ်ကြည့်ပြီးတော့ တူ၊ မတူကို အများကြီးလုပ်ခဲ့ပါတယ်။

အခက်အခဲနဲ့ပတ်သက်ပြီး ကျွန်တော်တို့ ပြောရလို့ရှိရင်တော့ ကျွန်တော်တို့ ဒုတိယတစ်ခေါက် ဗုဒ္ဓဂယာသွားတုန်းက အပေါ်ထပ်ကိုတက်ဖို့ကျတော့ ကျွန်တော်တို့ အခက်အခဲလေးရှိခဲ့ပါတယ်။ အဲဒီအပေါ်မှာ နောင်ပွင့်မယ့် အရိမေတ္တေယျမြတ်စွာဘုရားရဲ့ပုံတော်ရှိပါတယ်။ မြတ်စွာဘုရားပုံတော်က သင်္ကန်းရုံထားတော့ သင်္ကန်းကိုဖယ်ပြီးတော့ ရိုက်ပါရစေဆိုတာကို အဲဒီမှာပါလာတဲ့ဘုန်းကြီးက ထိလို့ကိုမရဘူးဖြစ်ခဲ့တယ်။ ပုံစံအားဖြင့် ကျွန်တော်တို့က တူတယ်၊ မတူဘူးဆိုတဲ့နေရာမှာ တူတာကတော့ ကျွန်တော်တို့ Form နဲ့သူ့ရဲ့ Shape ကတော့ တူပါလိမ့်မယ်၊ ဒါပေမယ့်

သတ္တဌာန မဟာဗောဓိစေတီတော် တည်ဆောက်ရန် နိုင်ငံတော် သမ္မတ ရတနာပန္နက်တော်တင် ဆောင်ရွက်စဉ်။

အထဲမှာရှိတဲ့ အသေးစိတ်အချို့ကတော့ နည်းနည်းကွဲပြားတာလေးတွေရှိပါလိမ့်မယ်။ ဟိုမှာကျတော့ ကျွန်တော်တို့ ထေရဝါဒဗုဒ္ဓဘာသာနဲ့ မဆိုင်တဲ့ လက်ခြောက်ဖက်နဲ့နတ်ရုပ်၊ လေးဖက်နဲ့အရုပ်တွေပါတာ၊ အဲဒါတွေကတော့ ကျွန်တော်တို့က ကိုယ့်ရဲ့နိုင်ငံ၊ ကိုယ့်ရဲ့ဘာသာနဲ့မဆိုင်တော့ အဲဒီနေရာတွေမှာ ဗုဒ္ဓရုပ်ပွားတော်တွေနဲ့ပဲ အစားထိုးပြီးထည့်ခဲ့ပါတယ်။

မေး။ ဆရာ့ရဲ့ အယူအဆအရ ပြောင်းလဲဆောင်ရွက်ခဲ့ရတာမျိုးရှိရင် သိပါရစေ။

ဖြေ။ ဗုဒ္ဓဂယာမှာရှိတဲ့ မဟာဗောဓိစေတီကြီးအထဲမှာထည့်ထားတဲ့ရုပ်တုတွေက ဘာသာရေးနဲ့ပတ်သက်လို့ရှိရင် ထေရဝါဒဘာသာရေးနဲ့ပတ်သက်တဲ့ရုပ်တုကရှိတော့ရှိပေမယ့် တချို့ကျတော့ လက်လေးဖက်နဲ့ရုပ်တုတွေ၊ လက်ခြောက်ဖက်နဲ့ ရုပ်တွေဆိုတော့ ဟိန္ဒူဘက်ကိုနွယ်တဲ့ရုပ်တုတွေပေ့ါ၊ ဗုဒ္ဓဘာသာနဲ့ ဆိုင်တဲ့ဆင်းတုတော်တွေပဲ ထည့်ခဲ့ပါတယ်။ သဲကျောက်နဲ့လုပ်တာလား၊ ကြေးနဲ့သွန်းတာလားဆိုတာ လုပ်ခဲ့ပါတယ်။ အခက်အခဲကတော့ ရှိတယ်ဆိုပေမယ့် ပြဿနာတော့မရှိခဲ့ပါဘူး။

မေး။ ထီးတော်နဲ့ပတ်သက်ပြီး ဆရာ့အနေနဲ့ ဆောင်ရွက်ပေးခဲ့ပုံကိုလည်း ပြောပြပေးပါခင်ဗျာ။

ဖြေ။ ဒေါက်တာမောင်ဥိနီလို့ခေါ်တဲ့ ဖွားသီလရှင်ကြီးပေ့ါ၊ မင်းဓမ္မလမ်းထိပ်မှာ ကျောင်းရှိတယ်၊ သူက အဲဒီမှာ အိန္ဒိယက ဆံချည်နဲ့တူတဲ့စေတီ တည်ပါတယ်၊ အဲဒီအပေါ်မှာရှိတဲ့ ထီးတော်နဲ့ပတ်သက်ပြီး ကျွန်တော့်ကို အကူအညီတောင်းတော့ ဆွဲပေးခဲ့ဖူးပါတယ်။ အဲဒါကို သူကတော့ ကြေးနဲ့ပဲ လုပ်ပါတယ်။ ကျွန်တော်သိရတာကတော့ ရွှေသုဝဏ်ဆရာတော်ဘုရားကြီးက မိန့်တော်မူတာက ဗုဒ္ဓဂယာမှာ အခုတင်ထားတဲ့ထီးကို ဒေါက်တာမောဥိနီတို့အဖွဲ့ကနေပြီးတော့ တင်ထားတာလို့ ပြောပါတယ်၊ ၂၀၀၅ ခုနှစ်လောက်က သိန်း ၅၀ လောက်ကုန်တယ်လို့ ပြောပါတယ်၊ ဒေါက်တာမောဥိနီဆီကနေ ဓာတ်ပုံတချို့တွေ လာလို့ အဲဒီအချိုးနဲ့ပြန်ဆွဲပြီး ပုံထုတ်ပေးခဲ့ပါတယ်။

ဦးဝင်းမောင် (ကြေးသွန်းပညာရှင်၊ ACE ဆောက်လုပ်ရေးအဖွဲ့)

မေး။ ဆရာ့အနေနဲ့ ဘယ်လိုမျိုးစီစဉ်ဆောင်ရွက်ခဲ့ရတယ်၊ ကြိုးစားခဲ့ရတယ်ဆိုတာပြောပြပေးပါ၊ ထူးခြားဆောင်ရွက်မှုရှိရင်လည်း ပြောပြပေးပါခင်ဗျာ။

ဖြေ။ ကျွန်တော်တို့က အိန္ဒိယနိုင်ငံကို သွားပြီးတော့ ဓာတ်ပုံတွေအသေးစိတ်ရိုက်ခြင်း၊ လေ့လာခြင်း၊ တိုင်းထွာခြင်းတွေပြုလုပ်ခဲ့ပါတယ်။ အဲဒီလိုပြုလုပ်ခဲ့တာ တော်တော်လေးအားရကျေနပ်မှုရှိခဲ့သလို တချို့နေရာက ဆရာဦးစန်းမောင်ပြောခဲ့သလိုပဲ အရိမေတ္တေယျမြတ်စွာဘုရား ဘုရားရဲ့ပုံတော်မှာဆိုလို့ရှိရင်လည်း တက်ပြီးတော့ခဲရာခဲဆစ်ဓာတ်ပုံရိုက်ရပါတယ်။ ဓာတ်ပုံရိုက်တာက ၁၅ မိနစ်ပဲအချိန်ရမယ်ဆိုတဲ့အချိန်မှာ သင်္ကန်းက ဘုရားရဲ့ဒူးတော်ကို အုပ်ထားတယ်၊ အောက်ပိုင်းမမြင်ရတော့ အဲဒီမှာစောင့်တဲ့ဦးဇင်းကို ဒါလေးနည်းနည်းဆွဲဖယ်ပါရစေဆိုတော့ မဖယ်ရဘူး၊ မကိုင်ရဘူးနဲ့ မှန်းဆပြီးတော့ပဲ ရိုက်ခဲ့ရတယ်။ ကျွန်တော်တို့ တတ်တဲ့ အနုပညာနဲ့ တခြားမှာရှိတာလေးတွေနဲ့ ပေါင်းစပ်ပြီးတော့ ဒီအပိုင်းလေးကတော့ ဒါဖြစ်နိုင်တယ်လို့ အတတ်နိုင်ဆုံးနီးစပ်အောင် ထုလုပ်ရတဲ့အပိုင်းလေးတွေရှိပါတယ်။

အသေးစိတ်တွေကို ဓာတ်ပုံရိုက်၊ အတွင်းထဲက ရုပ်ပွားတော်ကြီးဆိုရင် သိပ်သပ္ပာယ်ကြည်ညိုစရာကောင်းပြီးတော့ ထောင့်လေးမျိုးကနေထိုင်ကြည့်တယ်၊ သုံးလေးရက်လောက်လည်း ထိုင်ဖူးတယ်၊ ကျကျနနကြည့်ပြီး ဓာတ်ပုံတွေရိုက်လာပြီးတဲ့အခါမှာ မန္တလေးမှာ ရွှံ့နဲ့ထုပါတယ်၊ ရွှံ့နဲ့ထုပြီး ရွှံ့ပုံက ပုံစံရပြီဆိုမှ ပလာစတာနဲ့ပုံထုလိုက်တယ်၊ ဒီပုံတော့ တော်တော်လေးကို တူပြီ၊ သေချာပြီဆိုမှ ကြေးသွန်းတယ်၊ ထူးခြားတာလေးတစ်ခုကတော့ အရိမေတ္တေယျမြတ်စွာ ဘုရားရဲ့ပုံတူ ဘုရားလောင်းမှာဆိုရင် ရုပ်ပွားတော်မှာ ပေါင်တံနည်းနည်းလေး ပေါ်နေတာကို မြန်မာ့မှုလေးနဲ့ သင်္ကန်းအပါးလွှာလေး ဖုံးပြီးတော့ ထုလုပ်ထားပါတယ်၊ အောက်ဘက်မှာရှိတဲ့ ရုပ်ပွားတော်ကြီးမှာဆိုရင် မူလပုံမှာ ရင်အုပ်တော်ရဲ့အောက်မှာ သင်္ကန်းကကျနေတာပေ့ါ၊ အဲဒါကိုလည်းမြန်မာ့မှုနဲ့ကိုက်အောင် ရင်အုပ်တော်ကို အပေါ်ကနေသင်္ကန်းရုံပေးလိုက်ပါတယ်။ အဲဒါလေးတွေ ထူးခြားအောင်လည်း ထုလုပ်ထားပါတယ်။

ရုပ်ပွားတော်အနေနဲ့ အားလုံးဆိုရင်တော့ ၉၁၉ ဆူ ထုလုပ်ထားပါတယ်။ ပင်မလိုဏ်ထဲမှာရှိတဲ့ ရုပ်ပွားတော်ကြီးမှာ ပိုပြီးထူးခြားမှုတစ်ခုကတော့ ရုပ်ပွားတော်ကြီးရဲ့ မျက်နှာတော်ကြီးထဲမှာ ရွှေစင်သွန်းလောင်းပြီးတော့ ထည့်ထားပါတယ်။ ရွှေ ၅၀ ကျပ်သားကျော်၊ ငွေ ၁၅ ကျပ်သားကျော်နဲ့ သွပ်၊ ကြေး၊ သံအစရှိတာတွေထည့်ပြီးတော့ သွန်းလောင်းထားပါတယ်။ အိန္ဒိယနိုင်ငံဆိုတာရောက်ဖို့မလွယ်ဘူးလေ၊ ဒါကြောင့် အိန္ဒိယနိုင်ငံမှာ သွားဖူးရသကဲ့သို့ အများပြည်သူတွေဖူးနိုင်အောင်၊ အတတ်နိုင်ဆုံးတူပါလားဆိုတဲ့ သဒ္ဓါတရားဖြစ်အောင် အစွမ်းကုန်ကြိုးစားပြီးတော့ ထုလုပ်သွန်းလောင်းထားပါတယ်။

ဦးဇော်မိုးဝင်း (အုပ်ချုပ်မှုဒါရိုက်တာ၊ ACE ဆောက်လုပ်ရေးအဖွဲ့)

မေး။ စေတီတော်တည်ဆောက်ရေးနဲ့ပတ်သက်လို့ ကနဦးလုပ်ငန်းဆောင်ရွက်ခဲ့မှုကိုပြောပြပေးပါ။

ဖြေ။ စေတီတော်မြတ်ကြီး တည်ထားကိုးကွယ်မယ်ဆိုတဲ့ အချိန်ကစပြီး ကျွန်တော်တို့ ပထမဦးဆုံးလုပ်ရမယ့်အလုပ်က ဗိသုကာပုံထုတ်တဲ့လုပ်ငန်းဖြစ်လို့ ဒီလုပ်ငန်းစတင်ဖို့ ကျွန်တော်တို့ လေ့လာရေးအဖွဲ့တွေက အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာကို သွားရောက်လေ့လာခဲ့ပါတယ်။ လေ့လာတဲ့အချိန် ပထမကနဦးလေ့လာမှုကိုတော့ ရွှေတောင်ကုမ္ပဏီက ဦးဆောင်ပြီးတော့ ကျွန်တော်တို့ဆီက ဗိသုကာပညာရှင်တွေရယ်၊ ဆရာဦးစန်းမောင်တို့အပါအဝင် ဒီအဖွဲ့တွေ သွားရောက်လေ့လာခဲ့ပါတယ်။ ဗုဒ္ဓဂယာရဲ့ ဒီပန္နက်ပုံအနေအထားတွေကို တိုင်းထွာပြီးတော့ ကျွန်တော်တို့ ဒီမှာ တည်ထားကိုးကွယ်မယ့် နေရာမှာ ဒီပန္နက်ပုံအတိုင်း ပန္နက်ချလို့ ရ၊ မရ။ Level အနိမ့်အမြင့်တွေ မှန်၊ မမှန် ဒါတွေကို ဒီမှာ Layout ချကြည့်ပါတယ်။ ချကြည့်တော့ ဒီလုပ်ငန်းတွေ ဒီမှာဆောင်ရွက်နိုင်ပြီဆိုတဲ့ အနေအထားကျတော့မှ ကျွန်တော်တို့ ဒုတိယတစ်ခေါက်သွားပြီး ဗိသုကာပုံထုတ်တဲ့လုပ်ငန်းတွေကိုလုပ်ခဲ့ပါတယ်။

မေး။ လုပ်ငန်းတာဝန် ခွဲဝေမှု အကျဉ်းချုပ်ကိုလည်း သိပါရစေ။

ဖြေ။ သတ္တသတ္တာဟ ဒီခုနစ်ဌာနမှာ ရွှေတောင်ကုမ္ပဏီအနေနဲ့ မုစလိန္ဒာအိုင်ကို တာဝန်ယူပြီး တည်ဆောက်ပါတယ်။ အေစီအီးဆောက်လုပ်ရေးအဖွဲ့အနေနဲ့ ကျန်တဲ့သတ္တသတ္တာဟထဲက ကျန်တဲ့ခြောက်ဌာနကို တာဝန်ယူပြီးတည်ဆောက်ပါတယ်။ သဲကျောက်တွေဆိုရင်လည်း ကျောက်ပန်းတောင်းဘက်က ဝွေးချိုကလည်းပါတယ်။ ရေစကြို၊ ပခုက္ကူကလည်းပါတယ်။ သဲကျောက်တွေကို အတုံးလိုက်ကြီးတွေ ဒီကိုသယ်လာတယ်။ သယ်လာပြီးတော့ အဲဒီကပညာရှင်တွေကိုပဲ နေပြည်တော်ကို ခေါ်လာပြီးတော့ သူတို့ကို နေရာပေးတယ်၊ စားရေးသောက်ရေး နေရာထိုင်ခင်း စီစဉ်ပေးတယ်၊ စေတီတော်တွေမှာ သဲကျောက်ဆင်းတုတော်တွေရဲ့ တစ်ဆူချင်းစီကို ဓာတ်ပုံလေးတွေ သေချာရိုက်လာတယ်။ သေချာရိုက်လာ ပြီးတော့မှ အဲဒါတွေကို သေချာမိုလ်ထုတ်တယ်၊ မိုလ်ထုတ်ပြီးတော့မှ၊ ဓာတ်ပုံကို ဘေးနားချပြီးတော့မှ တူအောင်ထု၊ မတူလို့ရှိရင်ပယ်တယ်၊ ပြန်ပြီးတော့ အစားထုတယ်၊ ဒီလိုစနစ်မျိုးတွေနဲ့ သူတို့လုပ်ခဲ့တာ ဖြစ်ပါတယ်။

မဟာဗောဓိစေတီတော်၌ ပုံစံပြ ထီးတော် ယာယီတပ်ဆင်ထားစဉ်က မြင်တွေ့ခဲ့ရပုံ။

မေး။ အချိန်ကာလအနေနဲ့ ဘယ်လောက်ကြာကြာယူခဲ့ရသလဲ။

ဖြေ။ ဒီစေတီတော်ကြီးစတင် တည်ဆောက်ဖို့ မဟာပန္နက်တော်တင်မင်္ဂလာ၊ မြေသန့်မင်္ဂလာ၊ တွင်းတော်ဝန်း မင်္ဂလာအခမ်းအနားတွေကို ၂၀၁၁ ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့မှာ စတင်ဆောင်ရွက်ခဲ့ပါတယ်။ စက်တင်ဘာ ၂၂ ရက်မှာ ရတနာအုတ်မြစ်စီ အခမ်းအနား ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီနေ့ကနေစပြီးတော့ တည်ဆောက်ရေးလုပ်ငန်းတွေကို စတင်ဆောင်ရွက်ခဲ့တာ ဒီနေ့အချိန်ထိဆိုရင်တော့ တစ်နှစ်နဲ့ ကိုးလကျော်ကြာခဲ့ပြီး ဒီအချိန်တွင်းမှာ အခုဖူးမြင်ရတဲ့အတိုင်း သတ္တသတ္တာဟ စေတီတော်ကြီးရဲ့ ရုပ်လုံးတော်ဟာ ပေါ်လာပြီးတော့ မကြာမီရက်ပိုင်းအတွင်းမှာ ထီးတော်တင်မဟာ မင်္ဂလာအခမ်းအနားကြီးကျင်းပပြီးရင်တော့ စေတီတော်အနေကဇာတင်အခမ်းအနား ဆက်လက်ကျင်းပပြီးအောင်ပွဲမင်္ဂလာ ရောက်ရှိလာတော့မှာပါ။

မေး။ ထီးတော်နဲ့ပတ်သက်လို့ ပြောပြပေးပါ။

ဖြေ။ ပထမ ဗုဒ္ဓဂယာမှာ တင်ထားတဲ့ထီးက မင်းတုန်းမင်းတရားကြီးတင်ထားတဲ့ထီးဖြစ်ပြီး ပျက်စီးယိုယွင်းလာတဲ့အခါမှာ သီလရှင်ဆရာကြီးက ထီးတင်တယ်လို့ပြောပါတယ်။ ဆရာဦးစန်းမောင် ပုံထုတ်ပြီးတဲ့နောက်ပိုင်းမှာတော့ ထီးတော်နဲ့ပတ်သက်ပြီး မြန်မာ့ဆိုင်းကမ်းအာဇာပိုင်မှ ဆရာဦးအောင်မြတ်က Frame ဒီဇိုင်းတွေ ခိုင်ခံ့မှုတွေ အကုန်လုံးကိုတာဝန်ယူပြီးတော့ ဆောင်ရွက်ထားပါတယ်။ သူဆောင်ရွက်ပြီးတော့ အပေါ်က Stainless Steel နဲ့ကုပ်တဲ့ လုပ်ငန်းကိုတော့ ကိုရန်လင်းအောင်တို့အဖွဲ့က ဘုန်းဘုန်းကြီးရဲ့ကြီးကြပ်မှုနဲ့ ထီးတော်ကို ဆောင်ရွက်သွားတာဖြစ်ပါတယ်။

ဦးအောင်မြတ် (ဒုတိယအထွေထွေမန်နေဂျာ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)

မေး။ ထီးတော်နဲ့ ပတ်သက်လို့ ဆရာတာဝန်ယူ ဆောင်ရွက်ခဲ့ပုံကို သိပါရစေ။

ဖြေ။ ပထမတော့ မူလပုံစံ(Prototype) နမူနာကို အရင်လုပ်ပေးဖို့ တာဝန်ပေးချက်အရ ဆရာဦးစန်းမောင်တို့ပေးတဲ့ ဆွဲပုံနဲ့ရိုက်လာတဲ့ဓာတ်ပုံ၊ အဲဒီနှစ်ခုကို ညှိနှိုင်းပြီးတော့ အမာခံအပိုင်းတွေကို အရင်လုပ်ခဲ့ပါတယ်။ ထီးတော်က သမားရိုးကျထီးမဟုတ်တော့ ခိုင်ခံ့မှုကိုစဉ်းစားပြီး သင်္ဘောကျင်းမှာ လုပ်ခဲ့ပါတယ်။ ပြီးတော့ ထီးတော်ကို ရွှေသုဝဏ်ဆရာတော်ကြီးကိုပြပြီး စေတီတော်ကြီးမှာ အရင်တင်ကြည့်လိုက်ပါတယ်။ တင်ကြည့်ပြီး လူကြီးတွေအဆုံးအဖြတ်ပေးပြီးမှ တကယ်တင်မယ့်ရွှေထီးတော်ကိုဆက်လုပ်ဖို့ တာဝန်ပေးပါတယ်။

ကျွန်တော်တို့ကလည်း တကယ့်ဓာတ်ပုံထဲကပုံနဲ့ အနီးစပ်ဆုံးဖြစ်အောင် အတတ်နိုင်ဆုံးကြိုးစားပြီး ဆောင်ရွက်ထားပါတယ်။ လက်ရှိတင်မယ့်ထီးတော်ဟာ မြန်မာမှုလောကမှာလုပ်နေတဲ့ ထီးမဟုတ်ပါဘူး။ ပုံစံကနည်းနည်းလေး ထူးခြားတဲ့အတွက် အတွင်းကဒီဇိုင်းတွေကို ခံနိုင်ရည်ရှိအောင်လို့ အတွေ့အကြုံ ဗဟုသုတ၊ သင်္ဘောဆောက်တဲ့သင်္ဘောဒီဇိုင်းနဲ့ ဖြည့်စွက်ပြီး ဆောင်ရွက်ထားပါတယ်။

ထီးတော်အထဲက အမာခံသံထည်အပိုင်းကို ခံနိုင်ရည်ရှိအောင်၊ ပုံစံရအောင် ဖော်ယူရတာပေ့ါ။ အပြင်ကပုံစံရအောင်လုပ်တာတော့ တော်ဝင်မြန်မာမှုအဖွဲ့ ဦးရန်လင်းအောင်တို့က Stainless Steel ရွှေပြားနဲ့ ထီးအရွက်ကို ကပ်တာပေ့ါ၊ ပိန္နဲတိုင်နဲ့ ပန်းလည်တိုင်တွေနဲ့ပတ်သက်ပြီး ကျွန်တော်တို့က ဗိသုကာဆွဲပြတဲ့ဒီဇိုင်းကို ဆရာတော်ဆီမှာ အတည်ပြုပြီးဆောင်ရွက်ခဲ့ပါတယ်။ ထီးတော်အမြင့်က ပေ ၂၀ လောက်ရှိပါတယ်။ ကျွန်တော်တို့ ထီးတော်တွေမှာတော့ တိုင်တွေကို ဆိုင်းကြိုးနဲ့ဆိုင်းတာပေ့ါ။

ဒီထီးတော်က တကယ်တော့ မူလက မြန်မာထီးဗျ။ မင်းတုန်းမင်းကြီးလုပ်ခဲ့ပြီးတော့ မူလကဆိုင်းကြိုးမပါတော့ ကျွန်တော်တို့ကအထဲမှာ အမာခံတန်းတွေကို၊ ပိုက်နဲ့ပိုက်ထဲမှာ ထည့်တဲ့တိုင်ကို နိုင်ငံခြားကမှာယူပြီး အထဲမှာ တပ်ထားတာပါ။ အဲဒီခိုင်ခံ့မှုတွေကို ကျွန်တော်က တာဝန်ယူဆောင်ရွက်ပေးရတာပေ့ါ။ အခုနောက်ဆုံး တင်မယ့်အထိကို တာဝန်ယူဆောင်ရွက်ပေးရပါတယ်။ အချိန်အနေနဲ့ နမူနာထီးတော်က တစ်လခွဲလောက်ကြာတယ်၊ တကယ်တင်မယ့် ရွှေထီးတော်ကတော့ နှစ်လခွဲလောက်ကြာတယ်။

(ဆက်လက်ဖော်ပြပါမည်)

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်အတွင်းရှိ ဇဝနသိဒ္ဓိရပ်ကွက် (ဒိုးနွယ်ကွက်သစ်)ရှိ ရပ်ကွက်တွင်း နေထိုင်သူများအား ဥတ္တရသီရိမြို့နယ် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်ဇော်နှင့် ဝန်ထမ်းများမှ မိုးပွင့်အဆင့်(၅)စီမံချက်အရ မေ ၂၁ ရက်က နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုစာရင်းများ နေ့ချင်းပြီးဆောင်ရွက်ပေးစဉ်။ ကိုကိုလွင်(နေပြည်တော်)

■ ကျောဖုံးမှ

ကာလပိုင်းခြား သတ်မှတ်သင့်ပါကြောင်း၊ ပဋိပက္ခဖြစ်ပွားခဲ့သည့် ဒေသများ၌ အုပ်ချုပ်ရေး၊ လုံခြုံရေး တာဝန်ယူဆောင်ရွက်သည့် တာဝန်ရှိသူများအနေဖြင့် အရေးကြီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေအတိုင်း ထိထိရောက်ရောက် ကျင့်သုံးသွားကြရန် လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

ကော့မှူးမဲဆန္ဒနယ်မှ ဒေါ်အောင်ဆန်းစုကြည်က ဆွေးနွေးရာတွင် တရားဥပဒေစိုးမိုးရေးသည် ကြိုက်နှစ်သက်သူများအတွက် ကောင်းမွန်ပါကြောင်း၊ ဥပဒေကဲ့သို့ တည်သော အမိန့်များကို ထုတ်ပြန်ကြေညာရာတွင် ယခုထက် ပိုမိုသတိထား ထုတ်ပြန်သင့်ပါကြောင်း၊ ဒီမိုကရေစီလမ်းကြောင်း လျှောက်လှမ်းရာတွင် ယခုကဲ့သို့ အမိန့်ထုတ်ပြန်ချက်များကို အလေးအနက်ထားစဉ်းစားသုံးသပ်သင့်ပါကြောင်း၊ အုပ်ချုပ်ရေးအပိုင်းအနေဖြင့် အရေးပေါ်ကာလအတွင်း လုပ်ငန်းဆောင်ရွက်ရာတွင် ထိထိရောက်ရောက် ဆောင်ရွက်နိုင်မှုနှင့် နဂိုမူလအတိုင်း ပြန်လည်တည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်ခဲ့မှုများကို ပြည်သူများအား အသိပေးထုတ်ပြန် ပြောကြားသင့်ပါကြောင်း၊ ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်ထုတ်ပြန်ချက်များ မထုတ်ပြန်မီတွင် ပြည်သူ့ကိုယ်စားလှယ်များအား အကြောင်းကြားသင့်သကဲ့သို့ တင်းကြပ် ထိရောက်သေချာသည့် ဥပဒေအတိုင်း ဆောင်ရွက်ရန်အတွက် ဖွဲ့စည်းပုံဥပဒေကို ပြန်လည်သုံးသပ်သင့်ပါကြောင်း၊ အရေးပေါ်အခြေအနေကြေညာရာတွင် တရားစီရင်ရေးကဏ္ဍ မပါဝင်သဖြင့် သုံးသပ်ရန်လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

အဆိုနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ခေတ္တပြည်ထောင်စုဝန်ကြီး သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်က ပဋိပက္ခဖြစ်ပွားမှုများအနေဖြင့် အချိန်ကာလများစွာ မကြာမြင့်သော်လည်း ပျက်စီးဆုံးရှုံးမှုများသည့်အတွက် တည်ငြိမ်အေးချမ်းမှု ပျက်ပြားပြီး အသက်အိုးအိမ်ဆုံးရှုံးခဲ့ရသည်ကို မည်သူမျှ ငြင်းနိုင်မည်မဟုတ်ပါကြောင်း၊ သို့ဖြစ်၍ မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၂ (က)အရ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ် (၁/၂၀၁၃) ကို အတည်ပြုပေးနိုင်ရန် တင်ပြခြင်းဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၏ တင်ပြဆွေးနွေးချက်များတွင် ဝေဖန်အကြံပြုသုံးသပ်ချက်များအပြင် အကြံပေးဆွေးနွေးသွားသည်ကို တွေ့ရပါကြောင်း၊ ယင်းအကြံပေးထောက်ပြချက်များသည် မမြင်သည်ကို မြင်အောင်၊ မတွေ့သည်ကို တွေ့အောင်၊ မစုံလင်သည်ကို စုံလင်အောင်၊ မှားသည်များကို မှန်အောင် လမ်းပြဖြည့်စွက်တည့်မတ်ပေးသည်ဟု ထင်မြင်ပါကြောင်း၊ ဝေဖန်သုံးသပ် အကြံပြုသည်များကိုလည်း အုပ်ချုပ်ရေးအဖွဲ့အစည်းအနေဖြင့် လမ်းပြ ဖြည့်စွက်တည့်မတ်ပေးသည်ဟု ခံယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည် ရှင်းလင်းဆွေးနွေးခဲ့သည်။

နိုင်ငံတော်သမ္မတ၏ ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်အမှတ် (၁/၂၀၁၃) အရေးပေါ်အခြေအနေကြေညာခြင်းကို အတည်ပြုနိုင်ရန်အတွက် စက်ခလုတ်အသုံးပြု၍ အဆုံးအဖြတ်ရယူခဲ့ရာ ထောက်ခံမဲ ၅၂၁ မဲဖြင့် အတည်ပြုခဲ့ပြီး အချိန်ကာလနှင့်ပတ်သက်၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည့်ရက်မှစ၍ ရက်ပေါင်း ၆၀ အထိ ဆက်လက်အာဏာတည်ရမည်ဟု ဆုံးဖြတ်ခဲ့သည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက က လွှတ်တော်ကိုယ်စားလှယ် ရင်ထိုးတံဆိပ်ပြောင်းလဲတပ်ဆင် အသုံးပြုရေးအတွက် ရှင်းလင်းပြောကြားခဲ့သည်။ ယခင် ၂၀၁၃ခုနှစ် ဇန်နဝါရီ ၁၀ ရက်က အသုံးပြုခဲ့သည့် ပြည်ထောင်စုလွှတ်တော်စာတန်းပါ ရင်ထိုးတံဆိပ်အစား အပေါ်ဘက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စာတန်း၊ အလယ်တွင် နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်နှင့် အောက်ဘက်တွင် ပြည်ထောင်စုလွှတ်တော်စာတန်းပါ ရင်ထိုးတံဆိပ်ကို ပြောင်းလဲအသုံးပြုရမည်ဖြစ်ပြီး မိမိ၏လွှတ်တော်သက်တမ်းကာလအတွင်း လွှတ်တော်အစည်းအဝေး တက်ရောက်ခြင်းအပါအဝင် တာဝန်ချိန်များတွင် အဆောင်အယောင်တစ်ခုအနေဖြင့် တပ်ဆင်အသုံးပြုရန်ဖြစ်ကြောင်း သိရသည်။

ယနေ့ အထူးအစည်းအဝေးကို မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင် ရပ်နားခဲ့ပြီး ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေး ကျင်းပပြီးစီးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တပ်မတော်၏ဂုဏ်ကို မြှင့်တင်နိုင်သော တပ်မတော်သားများဖြစ်အောင်ကြိုးစားလုပ်ဆောင်

နေပြည်တော် မေ ၂၁

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး သူရသက်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကျောက်ပန်းတောင်း တပ်နယ်သို့ ရောက်ရှိပြီး တပ်နယ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် နေ့လည်ပိုင်းတွင် ပုပ္ပားတပ်နယ်သို့ရောက်ရှိပြီး ဦးအောင်ဇေယျခန်းမ၌ တပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုများအား တွေ့ဆုံမှာကြားခဲ့သည်။

ထိုသို့ပြောကြားရာတွင် အရာရှိ၊ စစ်သည်များအနေဖြင့် ပေးအပ်သောရည်မှန်းချက်တာဝန်များကို သက်စွန့်ဆံဖျား အပင်ပန်း အဆင်းရဲခံကာ အောင်မြင်အောင် ဆောင်ရွက်နိုင်သည့်အတွက် ချီးကျူးဂုဏ်ပြုပါကြောင်း၊ တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ကျေပွန်စွာထမ်းဆောင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်နိုင်ရန်အတွက် စွမ်းရည်ရှိသော တပ်မတော်တစ်ရပ်ဖြစ်ရေး စွမ်းရည် (၃)ရပ်ကို ပြည့်ဝအောင် အကောင်အထည်ဖော် ဆောင်ရွက်သွားရန်လိုကြောင်း၊ ပညာရည်မြင့်မားမှ နည်းပညာမြင့်မားသော စစ်အသုံးအဆောင်ပစ္စည်းများကို ကိုင်တွယ်အသုံးပြုနိုင်မည်ဖြစ်၍ စစ်သည်များ ပညာရည်မြင့်မားရေး အလေးထားဆောင်ရွက်ပေးလျက် ရှိကြောင်း၊ ပြည်သူလူထု အထင်အမြင်လွဲမှားစေမည့်ကိစ္စရပ်များအား အထူးရှောင်ကြဉ်ပြီး ပြည်သူလူထုအပေါ် ပြုကျင့်ရမည့် ကျင့်ဝတ်(၁၀) ပါးနှင့်အညီ ပြုမူနေထိုင်သွားကြရန် လိုကြောင်း၊ တပ်မတော်၏ဂုဏ်ကို မြှင့်တင်နိုင်သော တပ်မတော်သားများဖြစ်အောင် ကြိုးစားလုပ်ဆောင်သွားကြရန် တိုက်တွန်းလိုကြောင်းဖြင့် ရှင်းလင်းမှာကြားခဲ့သည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ရွှေဖီဦးအသင့်ဖျော် လက်ဖက်ရည်ထုပ်များကို လက်ဆောင်အဖြစ်ပေးအပ်ပြီး တပ်မတော်ကာကွယ်ရေးဦးချုပ်၏ဇနီး ဒေါ်ကြူကြူလှက မိခင်ကလေးရန်ပုံငွေနှင့် လက်ဆောင်ပစ္စည်းများပေးအပ်ခဲ့သည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ) (သတင်းစဉ်)**

ဒုတိယအကြိမ် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးညီလာခံ ဆက်လက်ကျင်းပ

ရန်ကုန် မေ ၂၁

ဒုတိယအကြိမ် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးညီလာခံကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ ကန်တော်ကြီးပဲလေ့စ်ဟိုတယ်၌ ဒုတိယနေ့ ဆက်လက်ကျင်းပရာ "The Business of Media " ခေါင်းစဉ်ဖြင့် Mizzima News မှ အယ်ဒီတာချုပ် ဦးစိုးမြင့်က ဦးဆောင်၍ ရန်ကုန်မီဒီယာဂရုပ် ဥက္ကဋ္ဌ ဦးကိုကို၊ Business Media Consultant Ms.Michelle Foster၊ Malaysiakini မှ အယ်ဒီတာချုပ် Mr.Steven Gan နှင့် ရွှေသံလွင်ကုမ္ပဏီလီမိတက် (Skynet) အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးဌာနမှ အထွေထွေမန်နေဂျာ ဦးသက်ဝင်းကလည်းကောင်း ပါဝင်ဆွေးနွေးကြသည်။

ထို့နောက် "Serving the public: How can media foster a more inclusive and participatory Society?" ခေါင်းစဉ်ဖြင့် BBC မှ Director for Strategy & Policy. Mr.Mak Bunting က ဦးဆောင်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးတင့်ဆွေ၊ Nepal Community Radio Support Centre မှ ဒါရိုက်တာ Mr.Raghu Mainali၊ Burma News International (BNI) Karen Information Center/ Development Officer/ News Editor Ms.Nan Paw Gay နှင့် USA,Aspen Institute, Communications & Society Fellow မှ Mr.Blair Levin တို့က လည်းကောင်း ပါဝင်ဆွေးနွေးပြီး ညီလာခံကို ခေတ္တရပ်နားသည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် ညီလာခံကိုဆက်လက်ကျင်းပရာ "The Role of Media in Good Governance" ခေါင်းစဉ်ဖြင့် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီဝင်နှင့် နိုင်ငံတော်သမ္မတ စီးပွားရေးနှင့် လူမှုရေးအကြံပေးအဖွဲ့ဝင် ဒေါက်တာ အောင်ထွန်းသက်ကဦးဆောင်၍ Union Supreme Court၊ သုတေသနနှင့် အချက်အလက်ဌာနမှ ညွှန်ကြားရေးမှူး ဦးပေါ်ခိုင်သန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ဦးဝင်းကို၊ The Pae Tin Thran News Journal မှ Writer/Executive Editor ဒေါက်တာ မသီတာ (စမ်းချောင်း)၊ Independent Media Trainer မှ Mr.Jeff Hodson နှင့် Governance Reform Working Group မှ Chairperson Mr.Perter Mc Dermott တို့က ပါဝင်ဆွေးနွေးကြသည်။

ဆက်လက်၍ "Filling the Gap. Journalism, Education and Trainning" ခေါင်းစဉ်ဖြင့် Internews Trainer Mr.Michael Pan က ဦးဆောင်၍ Forever Group Co.,Ltd.မှ Co-Founder & Director, ဦးခင်မောင်ဌေး၊ Myanmar Media Library ဒါရိုက်တာ ဦးစောလင်းအောင်၊ Singapore, Nanyang Technological University မှ တွဲဖက်ပါမောက္ခ Cherian George နှင့် UNESCO Myanmar Office မှ Media Development Specialist Mr. Ramon R. Tuazon တို့က ပါဝင်ဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းကြရာ ပါဝင်ဆွေးနွေးကြသူများက ပြန်လည် ဖြေကြားကြသည်။

ယင်းနောက် ပါဝင်ဆွေးနွေးသူများနှင့် တက်ရောက်လာကြသူများ၏ အကြံပြုဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ UNESCO CI Regional Adviser Ms. Rosa Maria Gonzalez၊ မြန်မာနိုင်ငံစာနယ်ဇင်း ကောင်စီအဖွဲ့ဝင် Open News Journal အယ်ဒီတာချုပ် ဦးသီဟစော၊ ကုမုဒြာသတင်းဂျာနယ် အကြီးတန်းသတင်းထောက် ဒေါ်နန်းလွင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာတင်နှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးတင့်ဆွေတို့က ပြန်လည်သုံးသပ်ဆွေးနွေးကြပြီး ကျေးဇူးတင်စကားပြောကြားကာ ညီလာခံကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

▲ ကျောဖုံးမှ

ထို့နောက် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ပညာရေးဝန်ကြီး Mr. Pongthep Thepkanchana က မိန့်ခွန်းပြောကြားကာ ကမ္ဘာ့ခေါင်းဆောင်များ၏ သဝဏ်လွှာများကို ဖတ်ကြားကြသည်။

ယင်းနောက် ဒုတိယသမ္မတသည် မြန်မာနိုင်ငံမှ အဆိုပါအခမ်းအနားသို့ တက်ရောက်လာသော သီတဂူဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော် ဘဒ္ဒန္တဉာဏိဿရနှင့် အခြားနိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များအား လိုက်လံကြည်ညိုပြီး နှုတ်ဆက်စကား ပြောကြားခဲ့သည်။

မွန်းလွဲပိုင်းတွင် အခမ်းအနားကို ဆက်လက်ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်ကြည်ညိုသည်။

အခမ်းအနားတွင် ထိုင်းနိုင်ငံတော်ဝင်မင်းသမီး၊ ထိုင်းနိုင်ငံအိမ်ရှေ့မင်းသား၏ ကြင်ရာတော်ဖြစ်သူ HRH Princess Srirasm က တက်ရောက်မိန့်ခွန်းပြောကြားကာ အခမ်းအနားအစီအစဉ်များအတိုင်း ဆက်လက်ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားကို မေ ၂၂ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ကုလသမဂ္ဂဗုဒ္ဓနေ့ အခမ်းအနားကို ၂၀၀၄ ခုနှစ်မှ စတင်ကျင်းပခဲ့ပြီး နှစ်စဉ်ကျင်းပလျက်ရှိကြောင်း သိရသည်။

ညပိုင်းတွင် ဒုတိယသမ္မတသည် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင်ဝင်း၏နေအိမ်၌ သံရုံးဝန်ထမ်းမိသားစုများအား တွေ့ဆုံနှုတ်ဆက် အားပေးစကားပြောကြားပြီး သံအမတ်ကြီးမိသားစုက တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။ **(သတင်းစဉ်)**

အာဆီယံစီးပွားရေးအသိုက်အဝန်း လွတ်လပ်သောကုန်သွယ်မှုဒေသ၌ ပါဝင်ယှဉ်ပြိုင်နိုင်စွမ်းရှိရန် ဆောင်ရွက်သင့်သည်များကို လေ့လာဆောင်ရွက်

ရန်ကုန် မေ ၂၁

ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရနှင့်ပုဂ္ဂလိက တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၌ကျင်းပရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက်မှုအတွက် ပြည်သူများ ပူးပေါင်းပါဝင်သော စီမံအုပ်ချုပ်လုပ်ကိုင်သည့်စနစ်ကိုလည်း ပြောင်းလဲဆောင်ရွက်လျက်ရှိပါကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက်အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုသည် အရေးပါကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဖန်တီးလုပ်ကိုင် ပေးနိုင်မှသာလျှင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မည် ဖြစ်ကြောင်း၊ ယခုဆွေးနွေးပွဲသည် ကုန်သွယ်မှု လျင်မြန်ချောမွေ့ရေးအတွက် အစိုးရဌာနများဖြင့် ဖွဲ့စည်းထားသည့် လုပ်ငန်းအဖွဲ့များနှင့် ပုဂ္ဂလိကကဏ္ဍမှ လုပ်ငန်းအဖွဲ့များ တွေ့ဆုံဆွေးနွေးညှိနှိုင်း၍ မြန်မာ့ထွက်ကုန်များ ကမ္ဘာ့ဈေးကွက်ဝင်ရောက်ရေး၊ အာဆီယံစီးပွားရေးအသိုက်အဝန်းတွင် လွတ်လပ်သောကုန်သွယ်မှုဒေသ၌ ပါဝင်ယှဉ်ပြိုင်နိုင်စွမ်းရှိရန် ဆောင်ရွက်သင့်သည်များကို လေ့လာသုံးသပ်၍ တစ်ခုပြီးတစ်ခု အောင်မြင်အောင် ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်က ကုန်သည်/ စက်မှုအသင်းချုပ်လုပ်ငန်းအဖွဲ့ဖွဲ့စည်း ဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြပြီး ပုဂ္ဂလိကလုပ်ငန်းရှင်များက ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ကုန်သွယ်မှု လျင်မြန်ချောမွေ့ရေးကဏ္ဍ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ဌာနဆိုင်ရာများမှ လုပ်ငန်းအဖွဲ့ ခေါင်းဆောင်များက လုပ်ငန်းကဏ္ဍအလိုက် ဖြေလျှော့ဆောင်ရွက်ပြီးစီးမှုများ၊ ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့ရှိ ဂျွန်ဟော့ကင်း (John Hopkins) တက္ကသိုလ်၌ မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

◆ ရှေ့ဖုံးမှ

အဖွဲ့အစည်းတစ်ခုအဖြစ် ရပ်တည်ခဲ့ပါတယ်။ လက်ရှိ တာဝန်ထမ်းဆောင်နေကြတဲ့ သံတမန်အရာရှိကြီးတွေနဲ့ ကျွန်တော့်ရဲ့အကြံပေးအဖွဲ့ဝင် အချို့ဟာလည်း ဒီ SAIS ကျောင်းကြီးမှာ ပညာသင်ယူခဲ့ကြပါတယ်။

ကျွန်တော့်အနေနဲ့ ဒီလိုတစ်ချိန်ကရှိခဲ့တဲ့ ရင်းနှီးခိုင်မာတဲ့ ဆက်ဆံမှုတွေကို ပြန်လည်အသက်သွင်းနိုင်မယ်လို့ အထူးယုံကြည်မျှော်လင့်ပါတယ်။

ဂုဏ်သရေရှိ ဧည့်သည်တော်များခင်ဗျား

ဒီလိုအချိန် ဒီလိုနေရာမှာ ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲမှုအကြောင်း၊ မြန်မာနိုင်ငံရဲ့ အနာဂတ်အတွက် မျှော်မှန်းချက် (Vision)၊ မြန်မာ-အမေရိကန်နှစ်နိုင်ငံ ပြည်သူများအကြား ရင်းနှီးချစ်ကြည်တဲ့ဆက်ဆံမှုတွေဖြစ်ပေါ်လာစေမယ့်ကိစ္စရပ်တွေကို ပြောကြားခွင့်ရတဲ့အတွက် အလွန်ပဲ ဝမ်းမြောက်မိပါတယ်။ ကျွန်တော်တို့အစိုးရ ဦးဆောင်ခဲ့တဲ့ လွန်ခဲ့သော နှစ်နှစ်တာကာလဟာ အပြောင်းအလဲတွေ ဖော်ဆောင်နိုင်ခဲ့တဲ့ ကာလတစ်ခုဖြစ်ပါတယ်။ စစ်အုပ်ချုပ်ရေးစနစ်ကို ရပ်တန့်နိုင်ခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကို အခြေခံတဲ့ အုပ်ချုပ်မှုပုံစံသစ်တစ်ရပ်ကို ပုံဖော်နိုင်ခဲ့ပါတယ်။ အားကောင်းတဲ့ ဒီမိုကရေစီစနစ်နဲ့ ခွန်အားရှိတဲ့ ဈေးကွက်စီးပွားရေးတစ်ခု ပေါ်ပေါက်လာဖို့ လိုအပ်တဲ့ နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုတွေကို ပြုလုပ်နိုင်ခဲ့ပါတယ်။ တစ်ချိန်တည်းမှာပဲ ၁၉၄၈ မြန်မာ့လွတ်လပ်ရေးနဲ့အတူ အမြစ်တွယ်ခဲ့တဲ့ လက်နက်ကိုင် ပဋိပက္ခတွေကိုလည်း ငြိမ်းချမ်းစွာ ဖြေရှင်းအဆုံးသတ်ဖို့ ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ဒီအပြောင်းအလဲတွေကနေ နိုင်ငံတကာရဲ့ တားဆီးပိတ်ဆို့မှုတွေဖယ်ရှားနိုင်ပြီး ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ အထီးကျန်ဆန်ခဲ့ရမှုကို ချုပ်ငြိမ်းအောင်၊ ဒေသအတွင်းနှင့် ကမ္ဘာ့လုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတွေမှာ အထောက်အကူပြုနိုင်အောင် ကြိုးပမ်းဆောင်ရွက်နေတာလည်း ဖြစ်ပါတယ်။

ယနေ့ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ဆောင်ရွက်နေတဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ဟာ သမိုင်းမှာ တစ်ကြိမ်တစ်ခါမျှ မကြုံဖူးသေးတဲ့ ဆောင်ရွက်မှုကြီးတစ်ရပ် ဖြစ်ပါတယ်။ ဗဟိုအုပ်ချုပ်ရေးစနစ်ကနေ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ဆီ၊ ဗဟိုချုပ်ကိုင်တဲ့ စီးပွားရေးကနေ လွတ်လပ်တဲ့ ဈေးကွက်စီးပွားရေးစနစ်ဆီ ကူးပြောင်းနေတဲ့ တစ်ပြိုင်နက်တည်းမှာပဲ မတူညီတဲ့ သဘောသဘာဝရှိတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ၁၂ ခုကို တည်ဆောက်နေရသလို ဆယ်စုနှစ်ပေါင်းများစွာ နောက်ကျကျန်နေခဲ့တဲ့ နိုင်ငံတကာဆက်ဆံရေးမှာလည်း ဆက်ဆံရေးပုံစံသစ်တစ်ခုကို ပြန်လည်တည်ဆောက်နေရပါတယ်။ အဲသလို တည်ဆောက်ရာမှာလည်း ကျန်ရှိနေသေးတဲ့ စီးပွားရေးပိတ်ဆို့မှုတွေရဲ့ ဖိအားတွေကြားမှာ တည်ဆောက်နေရတာဖြစ်တဲ့အတွက် ကမ္ဘာ့သမိုင်းမှာ မကြုံဖူးသေးတဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ကြီးကို ကြိုးပမ်းဆောင်ရွက်နေရတာဖြစ်တယ်လို့ ဆိုရမှာဖြစ်ပါတယ်။

ကျွန်တော်တို့ဟာ အလွန်တရာခက်ခဲတဲ့ စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်နေရပါတယ်။ ကျွန်တော်တို့မှာ လက်ရှိအင်စတီကျူးရှင်းအချို့ကို လိုအပ်တဲ့ ချိန်ညှိမှုတွေ ပြုလုပ်နေရပါတယ်။ အချို့ကိုလုံးဝပြုပြင်ပြောင်းလဲပစ်ရပါတယ်။ လိုအပ်တဲ့ အင်စတီကျူးရှင်းအသစ်တွေလည်း တည်ဆောက်နေရပါတယ်။ စဉ်းစားတွေးခေါ်ပုံတွေကိုလည်း ပြောင်းလဲကြရမှာဖြစ်ပါတယ်။ ပထမဆုံးနဲ့ အရေးကြီးဆုံးကိစ္စကတော့ ပြည်သူတွေအပေါ် တာဝန်ကျေတဲ့ အစိုးရတစ်ရပ်ဖြစ်အောင် ကြိုးစားဆောင်ရွက်နေရတာပဲဖြစ်ပါတယ်။ ဆယ်စုနှစ်ပေါင်းများစွာ ဗဟိုဦးစီးအုပ်ချုပ်ရေးစနစ်အောက်မှာနေခဲ့ရတဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံအတွက် ဒီပြုပြင်ပြောင်းလဲရေးဟာ မလွယ်ကူပါဘူး။ ကျွန်တော်တို့ရဲ့စီးပွားရေးစနစ်ကို ပိုမိုညီညွတ်မျှတမှုရှိလာအောင်၊ တရားမျှတတဲ့ယှဉ်ပြိုင်မှု ပေါ်ပေါက်လာအောင် ဆောင်ရွက်နေပါတယ်။ တစ်ဖက်မှာ ကျွန်တော်တို့ရဲ့ ပေါကြွယ်ဝလှတဲ့ သဘာဝသယံဇာတတွေကို အသုံးပြုပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နေသလို တခြားတစ်ဖက်မှာလည်း သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်အောင် ကြိုးပမ်းဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒီကြိုးပမ်းမှုတွေ အောင်မြင်နိုင်ဖို့အတွက် အမေရိကန်ပြည်ထောင်စုအပါအဝင် နိုင်ငံတကာရဲ့ အားပေးထောက်ခံမှုတွေလိုအပ်မှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံအတွက် လိုအပ်တဲ့ အသိပညာ၊ နည်းပညာတွေရရှိနိုင်ဖို့ အတွေ့အကြုံဖလှယ်နိုင်ဖို့၊ ကုန်သွယ်မှုတွေ၊ ရင်းနှီးမြှုပ်နှံမှုတွေဆောင်ရွက်ပေးဖို့ အမေရိကန်ပြည်ထောင်စုအပြင် အခြားနိုင်ငံတွေကလည်း အလားတူ ဆောင်ရွက်လာအောင် တိုက်တွန်းပေးစေလိုပါတယ်။

အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များဟာ အန္တရာယ်အမျိုးမျိုးနဲ့ ပြည့်နှက်နေတတ်ပြီး စွန့်စားမှုတွေလည်း မလွဲမသွေလုပ်ဆောင်ရလေ့ရှိပါတယ်။ ဒါပေမယ့် ကျွန်တော့်နိုင်ငံနဲ့ ကျွန်တော့်လူမျိုးရဲ့အကြောင်းကို ကျွန်တော်ကောင်းကောင်းသိပါတယ်။ ကျွန်တော့်ပြည်သူတွေဟာ ဒီအပြောင်းအလဲအောင်မြင်ဖို့ ဘယ်လောက်ထိ မျှော်လင့်နေကြတယ်ဆိုတာလည်း ကျွန်တော်နားလည်ပါတယ်။ ဒီမိုကရေစီစနစ် အမြစ်တွယ် ရှင်သန်နိုင်ဖို့ အထီးကျန် တံခါးပိတ်နိုင်ငံအဖြစ်ကနေ ရုန်းထွက်၊ အခြား အာရှနိုင်ငံတွေကို စီးပွားရေးအရ အမီလိုက်နိုင်ပြီး အကြမ်းဖက်မှုတွေ၊ တိုက်ခိုက်မှုတွေအားလုံး အမြန်ဆုံးချုပ်ငြိမ်းသွားတဲ့ ငြိမ်းချမ်း၊ သာယာ၊ ဝပြောတဲ့ မြန်မာပြည်သစ်ကို ကျွန်တော့်ပြည်သူတွေ ဘယ်လောက်မြင်တွေ့ချင်နေကြတယ်ဆိုတာကို ကျွန်တော့်အနေနဲ့ ကောင်းကောင်းကြီး သိနားလည်ထားပါတယ်။ ဒီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွေဟာ ကျွန်တော်တို့အားလုံး မလွဲမသွေ လျှောက်လှမ်းရမယ့် လမ်းကြောင်းဖြစ်တယ်ဆိုတာကို ကျွန်တော်တို့အားလုံး လက်ခံထားပါတယ်။ အလျှော့ပေး ညှိနှိုင်းမှုတွေ၊ သည်းခံနားလည်မှုတွေ ရှိမှသာ အောင်မြင်မှုရရှိမယ်ဆိုတာကိုလည်း ကျွန်တော်တို့အားလုံး နားလည်လက်ခံထားပါတယ်။ ဒီလိုပြုပြင်ပြောင်းလဲမှုတွေကြောင့် မိမိကိုယ်ကျိုးစီးပွားကို ထိပါးလာနိုင်တယ်လို့ ယူဆပြီး ဒီအပြောင်းအလဲကို မလိုချင်တဲ့ အနှောင့်အယှက်အတားအဆီးတွေလည်း ရှိနေနိုင်ပါတယ်။ မကြာသေးခင်ကာလမှာတင် အလွန်ဝမ်းနည်းစရာကောင်းတဲ့၊ ဘယ်လိုမှမျှော်လင့်မထားတဲ့ ပဋိပက္ခတွေ ကျွန်တော်တို့လူ့အဖွဲ့အစည်းမှာ ပေါ်ပေါက်ခဲ့ရပါတယ်။ ဒါပေမယ့် ဘယ်လိုပဲကြမ်းတမ်းတဲ့ အခက်အခဲတွေနဲ့ ကြုံရပါစေ ကျွန်တော်တို့ဟာ ဒီလမ်းကြောင်းကို ဆက်လျှောက်ဖို့ ဆုံးဖြတ်ထားပြီးသားဖြစ်ပါတယ်။ ကျွန်တော်တို့ မလွဲမသွေ အောင်မြင်မှုရမယ်ဆိုတာလည်း ယုံကြည်ပါတယ်။

ဂုဏ်သရေရှိ ဧည့်သည်တော်များခင်ဗျား

အားလုံးသိတဲ့အတိုင်း ကျွန်တော်တို့ရဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွေဟာ ဖန်လုံအိမ်တစ်ခုထဲမှာ ဖြစ်ပျက်နေတာမဟုတ်ပါဘူး။ အရင်တစ်ချိန်က ဆင်းရဲမွဲတေမှုနဲ့ စစ်မက်ဆိုတဲ့ စကားလုံးများနဲ့တွဲဖက်ပြီး သိခဲ့ကြတဲ့ အာရှတိုက်ဟာဆိုရင် ယခုအခါမှာ လျင်လျင်မြန်မြန် ပြောင်းလဲတိုးတက်နေတဲ့အပြင် သမိုင်းမှာ မကြုံစဖူး ထူးခြားတဲ့ ငြိမ်းချမ်းပြီး သာယာဝပြောတဲ့ အချိန်အခါကို ရောက်ရှိနေတာဖြစ်ပါတယ်။ ကိုလိုနီဆိုးမွေတွေ၊ အတိတ်ကာလရဲ့ အိုင်ဒီယော်လော်ဂျီ ကွဲပြားသဘောမတူမှုတွေမရှိတော့တဲ့ မျိုးဆက်သစ်တွေက ယနေ့အာရှရဲ့ တိုးတက်မှုတွေကို ဦးဆောင်အကောင်အထည်ဖော်နေကြတာပဲဖြစ်ပါတယ်။ အဓိကအရေးအကြီးဆုံးကတော့ ကျွန်တော်တို့မြန်မာနိုင်ငံဟာလည်း ခေတ်နောက်ကျကျန်နေလို့မရဘဲ ဒီသမိုင်းတွင်မယ့် ပြောင်းလဲမှုဖြစ်စဉ်ကြီးမှာ အတူပြောင်းလဲလိုက်ပါရမယ်ဆိုတဲ့ အချက်ပဲဖြစ်ပါတယ်။ လူဦးရေ သန်း ၆၀ နီးပါးရှိတဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ အာရှရဲ့ လမ်းဆုံလမ်းခွနေရာမှာတည်ရှိနေပါတယ်။ အနောက်မြောက်ဘက်မှာ တရုတ်နိုင်ငံ၊ အနောက်ဘက်မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ တောင်အရပ်မှာ အာဆီယံမိတ်ဆွေနိုင်ငံများနဲ့ နယ်နိမိတ်ချင်းထိစပ်နေတာဖြစ်တဲ့အတွက် တစ်နည်း ပြောရရင် လူဦးရေ သန်း ၂၀၀၀ လောက်ရှိပြီး လျင်လျင်မြန်မြန် ဖွံ့ဖြိုးတိုးတက်နေတဲ့ ဈေးကွက်ကြီးနဲ့ ချိတ်ဆက်တည်ရှိနေတာလည်း ဖြစ်ပါတယ်။ နိုင်ငံရေးအရသာမက သဘာဝအဟန့်အတားတွေအရပါ အထီးကျန်ဖြစ်ခဲ့ရတဲ့ ကျွန်တော်တို့နိုင်ငံဟာ ယခုဆိုရင် ဒီအဟန့်အတားတွေကို ကျော်လွှားပြီး ကမ္ဘာ့မိသားစုထဲကို ပြန်လည်ဝင်ရောက်လာဖို့ စတင်နေပြီဖြစ်ပါတယ်။ ဒီလို အာရှနဲ့ ပြန်လည်ပေါင်းစည်းတာ၊ ကမ္ဘာနဲ့ ပြန်လည်ပေါင်းစည်းတဲ့ကိစ္စမှာ ပြည်သူတွေ အမြတ်ထုတ်ခံလိုက်ရတဲ့ ပေါင်းစည်းမှုမျိုးမဟုတ်ဘဲ ကျွန်တော်တို့ ပြည်သူတွေရဲ့ အကျိုးစီးပွားကို မျက်ကွယ်မပြုတဲ့၊ ပြည်သူ့အကျိုးစီးပွားကို ရှေးရှုတဲ့ ပြန်လည်ပေါင်းစည်းမှုမျိုးဖြစ်အောင် ကျွန်တော်တို့အနေနဲ့ ဆောင်ရွက်အကောင်အထည်ဖော်ဖို့ အထူးအရေးကြီးပါတယ်။ ဒီလိုဆောင်ရွက်နိုင်ဖို့ စီးပွားရေးဆိုင်ရာ လိုအပ်တဲ့ အင်စတီကျူးရှင်းများကို မှန်မှန်ကန်ကန် တည်ထောင်နိုင်ဖို့ အထူးအရေးကြီးပါတယ်။

စိန်ခေါ်မှုသစ်တွေကော၊ စိန်ခေါ်မှုဟောင်းတွေကိုပါ ရင်ဆိုင်ကျော်လွှားနိုင်ပြီး အခက်အခဲတွေကို ကြံ့ကြံ့ခံရင်ဆိုင်နိုင်ဖို့ လိုအပ်တဲ့ အင်စတီကျူးရှင်းများကိုလည်း ကျွန်တော်တို့ တည်ဆောက်သွားကြရမှာဖြစ်ပါတယ်။ သာဓကအနေနဲ့ဖော်ပြရရင် ကျွန်တော်တို့နိုင်ငံဟာ ရာသီဥတုပြောင်းလဲမှုကြောင့် ပင်လယ်ရေပြင်မြင့်တက်လာမှုလို သဘာဝဘေးအန္တရာယ်တွေကို အများဆုံးခံစားရတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ နာဂစ်မုန်တိုင်းကြောင့် ၂၄ နာရီအတွင်းမှာပဲ ကျွန်တော့်ပြည်သူတစ်သိန်းခန့် အသက်ဆုံးရှုံးခဲ့ရသလို များစွာအိုးအိမ်မဲ့ဖြစ်ခဲ့ရပါတယ်။ လွန်ခဲ့တဲ့ အပတ်ကပဲ နိုင်ငံရဲ့ အနောက်ဘက်ကမ်းခြေမှာ မဟာစင်မုန်တိုင်းရဲ့ ခြိမ်းခြောက်ခြင်းဒဏ်ကိုလည်း ခံစားခဲ့ရပါတယ်။ အချိန်အခါမရွေး မြေငလျင်များကျရောက်နိုင်ဖွယ်လည်း ရှိနေပါတယ်။ ကူးစက်ကပ်ရောဂါတွေရဲ့ အန္တရာယ်ကလည်း အာရှမှာ ရှိနေပါသေးတယ်။ လက်နက်ကိုင်ပဋိပက္ခနဲ့ လူမှုအသိုက်အဝန်းများကြား ပဋိပက္ခတွေချုပ်ငြိမ်းသွားအောင် ကြိုးပမ်းဆောင်ရွက်နေရသလို တစ်ချိန်တည်းတစ်ပြိုင်တည်းမှာပဲ မြန်မာပြည်သူလူထုတွေရဲ့ ဘဝရပ်တည်ရေးလုံခြုံမှုကို အာမခံနိုင်တဲ့ လုံခြုံရေးဆိုင်ရာအမြင်သစ်တစ်ခုဖြစ်ပေါ်လာအောင် ကြိုးပမ်းဆောင်ရွက်နေရတာလည်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးမှာ တပ်မတော်ရဲ့အခန်းကဏ္ဍကိုလည်း အထူးအလေးပေးထည့်သွင်းစဉ်းစားရမှာ ဖြစ်ပါတယ်။ ယခင်စနစ်ဟောင်းမှာ မြန်မာ့တပ်မတော်ဟာ ပြည်တွင်းတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးရှုထောင့်မှ တာဝန်ယူဆောင်ရွက်ခဲ့ပေမယ့် ယခုအခါမှာတော့ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးနဲ့ ငြိမ်းချမ်းရေးတည်ဆောက်မှုကိစ္စရပ်တွေမှာ လိုက်လျောညီထွေပါဝင်နိုင်စေဖို့အတွက်လည်း ဆောင်ရွက်နေပါတယ်။

ဂုဏ်သရေရှိ ဧည့်သည်တော်များခင်ဗျား

မြန်မာ့နိုင်ငံရေးဖြစ်စဉ်များဟာ အလွန်ပဲ နက်နဲသိမ်မွေ့တဲ့ သဘောသဘာဝရှိပါတယ်။ ရှုပ်လျားတဲ့ သမိုင်းအစဉ်အလာရှိတဲ့ မြန်မာနိုင်ငံမှာ မတူညီတဲ့ တိုင်းရင်းသားမျိုးနွယ်စုတွေ အများကြီးရှိတဲ့အပြင် ဘာသာတရားကိုးကွယ်မှု အမျိုးမျိုးလည်းရှိပါတယ်။ သမိုင်းကြောင်းနဲ့ချီတဲ့ လက်နက်ကိုင်ပဋိပက္ခတွေလည်း ရှိပါတယ်။ ဒီလိုအခြေအနေမျိုးတွေက ကျော်လွှန်နိုင်ဖို့ မြန်မာနိုင်ငံရေးစာမျက်နှာသစ်တစ်ရပ်အနေနဲ့ ကျွန်တော်တို့အစိုးရသစ်သက်တမ်းနှစ်နှစ်အတွင်းမှာ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လွှတ်တော်အတွင်း ဝင်ရောက်လာနိုင်ဖို့အတွက် လွတ်လပ်မျှတတဲ့ ၂၀၁၂ ခုနှစ်ကြားဖြတ်ရွေးကောက်ပွဲတွေကို ကျင်းပပေးခဲ့ပါတယ်။ ဒီနိုင်ငံရေးအခင်းအကျင်းသစ်မှာ နိုင်ငံရေးပါတီတွေအများကြီးနဲ့ နိုင်ငံရေးလှုပ်ရှားမှုတွေကိုလည်း တွေ့ရမှာဖြစ်ပါတယ်။ ဒီနှစ်တွေအတွင်းမှာ ရာနဲ့ချီတဲ့ အရပ်ဘက်လူ့အဖွဲ့အစည်းတွေ၊ ထောင်နဲ့ချီတဲ့ ကျေးရွာအဆင့်အဖွဲ့အစည်းတွေ ပေါ်ထွက်လာရုံသာမက ပြည်တွင်းမီဒီယာနဲ့ အင်တာနက်လူမှုကွန်ရက်တွေပါ အားကောင်းမောင်းသန် ဖြစ်ထွန်းလာတာကိုလည်း တွေ့မြင်နိုင်မှာဖြစ်ပါတယ်။ လာမယ့် ၂၀၁၅ ရွေးကောက်ပွဲမှာ ဒီမိုကရေစီ နည်းလမ်းတကျပေါ်ပေါက်လာမယ့် အစိုးရသစ်အတွက် အခြေခံကောင်းတွေ ဖန်တီးပေးနေတာလည်း ဖြစ်ပါတယ်။

ဒီမိုကရေစီစနစ်ကို ကူးပြောင်းတဲ့အခါမှာ ပြိုင်ဆိုင်မှုတွေအားကောင်းပြင်းထန်တဲ့ နိုင်ငံရေးဝန်းကျင်တစ်ရပ် ပေါ်ပေါက်လာအောင် ဖန်တီးဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒါပေမယ့် ဒီလိုပြိုင်ဆိုင်မှုတွေဟာ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးဖြစ်စဉ်တွေကို အနှောင့်အယှက် အဟန့်အတားမဖြစ်စေဘဲ ဒီမိုကရေစီအပြောင်းအလဲတွေကို အားပေးထောက်ပံ့တဲ့ ပြိုင်ဆိုင်မှုမျိုးဖြစ်ပေါ်စေဖို့ဆိုတာ တကယ့်စိန်ခေါ်မှုတစ်ရပ်ပဲဖြစ်ပါတယ်။ အပြောင်းအလဲတွေကို ဆောင်ရွက်ရာမှာလည်း ဟန်ချက်ညီညီ အချိန်ကိုက် ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်မှာ ယှဉ်ပြိုင်မှုတွေ ပါဝင်ရမှာမှန်ပေမယ့် ဒီလိုပြုပြင်ပြောင်းလဲမှုတွေ စတင်ဖော်ဆောင်နေတဲ့အချိန်မှာတော့ ကျယ်ပြန့်တဲ့ မဟာမိတ်ဖွဲ့ ပူးပေါင်းလုပ်ဆောင်မှုတွေကို တတ်နိုင်သမျှဆောင်ရွက်ရမှာဖြစ်ပါတယ်။ အယူအဆထက် မူဝါဒတွေကို အခြေခံတဲ့ နိုင်ငံရေးပါတီတွေကို ပြုစုပျိုးထောင်ရမှာဖြစ်ပါတယ်။ ဒီလို တိုင်းပြည်

ပြည်တွင်းသတင်း

မြန်မာနိုင်ငံ၏ စီးပွားရေးအခွင့်အလမ်းများ ကောင်းမွန်ရေးသည် မြန်မာပြည်သူများ၏ မျှော်လင့်ချက်အရင်းအမြစ်တစ်ခုဖြစ်ပြီး မိမိတို့အစိုးရ၏ တာဝန်လည်းဖြစ်

နေပြည်တော် မေ ၂၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မေ ၂၀ ရက် ဒေသစံတော်ချိန် ညနေ ၅ နာရီ မိနစ် ၂၀ တွင် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့ရှိ အမေရိကန်ကုန်သည်ကြီးများအသင်း (US Chamber of Commerce)ရုံး၌ ကျင်းပသည့် အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီ (US- ASEAN Business Council)နှင့် အမေရိကန်ကုန်သည်ကြီးများအသင်းတို့ ပူးပေါင်းကျင်းပသည့် စားပွဲဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီနှင့် အမေရိကန်ကုန်သည်ကြီးများ အသင်းတို့က တည်ခင်းသော ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

အဆိုပါ ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ သံအမတ်ကြီး ဦးသန်းဆွေနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီဥက္ကဋ္ဌ Mr. Alexander C. Feldman၊ အမေရိကန်ကုန်သည်ကြီးများအသင်းဒုတိယဥက္ကဋ္ဌ Ms. Tami Overby၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ ဒဲရစ်မစ်ချယ်၊ General Electric မှ Mr. James N. Suciu ၊ ACE ကုမ္ပဏီမှ Mr. John Keogh၊ Ford ကုမ္ပဏီမှ Mr. Steve Biegun ၊ P&G ကုမ္ပဏီမှ Mr. Carolyn Brehm၊ အမေရိကန်ကုန်သည်ကြီးများအသင်းနှင့် အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီနှင့် အမေရိကန် ကုန်သည်ကြီးများအသင်းတို့မှ အမှုဆောင်များနှင့်အသင်းဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စားပွဲဝိုင်းဆွေးနွေးပွဲအပြီးတွင် နိုင်ငံတော်သမ္မတအား အမေရိကန်-အာဆီယံစီးပွားရေး ကောင်စီနှင့် အမေရိကန် ကုန်သည်ကြီးများ အသင်းတို့က ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံကြသည်။

အခမ်းအနားတွင် အမေရိကန်-အာဆီယံစီးပွားရေးကောင်စီဥက္ကဋ္ဌ General Electric မှ Mr. James N. Suciu နှင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ ဒဲရစ်မစ်ချယ်တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားများပြောကြားကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင်ယခုကဲ့သို့ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပေးပါသော အမေရိကန်ကုန်သည်ကြီးများအသင်းနှင့် အမေရိကန်-အာဆီယံစီးပွားရေး ကောင်စီတို့အား အထူးကျေးဇူးတင်ရှိပါကြောင်း။

မြန်မာနိုင်ငံသည် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများနှင့် တန်းတူမိတ်ဖက်အဖြစ် ဆောင်ရွက်ရန် အသင့်ရှိပါကြောင်း။

မြန်မာနိုင်ငံ၏စီးပွားရေး အခွင့်အလမ်းများ ကောင်းမွန်ရေးသည် မြန်မာပြည်သူများ၏ မျှော်လင့်ချက် အရင်းအမြစ်တစ်ခုဖြစ်ပြီး မိမိတို့အစိုးရ၏တာဝန်လည်းဖြစ်ပါကြောင်း။

အမေရိကန်နှင့် ကမ္ဘာတစ်ဝန်းရှိ ကုမ္ပဏီများအတွက် ရှင်းလင်းလွယ်ကူစွာလုပ်ကိုင်နိုင်မည့် ဈေးကွက်စီးပွားရေးစနစ်ဖွံ့ဖြိုးရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင်တစ်ရပ် ဖြစ်ပေါ်လာစေရေးအတွက် ခိုင်မာသည့်အခြေခံကောင်းများ ခင်းကျင်းပေးရန် အစိုးရကကြိုးပမ်းလုပ်ဆောင်နေပါကြောင်း။

မိမိတို့အစိုးရအနေဖြင့် တရားမျှတပြီး ညီညွတ်မှုရှိသည့် စီးပွားရေးတစ်ရပ်ကို ဖော်ဆောင်ရမည်ဖြစ်ပြီး ယင်းစီးပွားရေးသည် မိမိတို့ နိုင်ငံ၏ ကြွယ်ဝသည့် သဘာဝအရင်းအမြစ်များကို တန်ဖိုးမြှင့်ထုတ်ယူသုံးစွဲနိုင်ရမည်ဖြစ်ကြောင်း၊ ထိုသို့ ထုတ်ယူသုံးစွဲရာတွင်လည်း မိမိတို့၏ သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေရန် လိုအပ်သဖြင့် ၎င်းရည်ရွယ်ချက်အားလုံး ပြီးမြောက်အောင်မြင်စေရန် မိမိတို့အနေဖြင့် လေ့ကျင့်ပညာပေးရေး၊ အသိပညာမျှဝေပေးရေး၊ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု မြှုလုပ်ရေးနှင့် သက်ဆိုင်သူများကိုလည်း ထိုနည်းတူ လိုက်ပါလုပ်ဆောင်လာအောင် အားပေး အားမြှောက်ပြုရေးတို့အတွက် အမေရိကန်နိုင်ငံအပါအဝင် နိုင်ငံတကာ၏ပံ့ပိုးကူညီမှုများကို အမြင့်ဆုံးအဆင့်အထိ ရရှိရန် လိုအပ်ပါကြောင်း။

ဤနေရာတွင် ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုတည်ဆောက်ရေးနှင့် မြန်မာနိုင်ငံအတွင်း တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်ပေးနိုင်ရေးတို့အတွက် အစိုးရ၏ ဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားလိုပါကြောင်း။

သမ္မတရုံးသည် လွှတ်တော်နှင့် ပူးပေါင်း၍ နိုင်ငံတကာစံနှုန်းနှင့် ကိုက်ညီမှုအပြင် ရင်းနှီးမြှုပ်နှံသူများနှင့် နိုင်ငံသားများအတွက် နှစ်ဦးနှစ်ဖက်အကျိုးရှိစေမည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေပြဋ္ဌာန်းနိုင်ရေးအတွက် ဆောင်ရွက်နေပါကြောင်း၊ လက်ရှိအခြေအနေတွင် ပိုမိုပွင့်လင်းပြီး တာဝန်ခံမှုရှိသော၊ တရားဥပဒေနှင့်ညီညွတ်သော၊ ရှင်းလင်းလွယ်ကူသော လုပ်နည်းလုပ်ဟန်များနှင့် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရန် ဆောင်ရွက်လျက် ရှိပါကြောင်း။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ဖွဲ့စည်းထားသော မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ကို ဝန်ကြီးဌာနများ၊ ကျွမ်းကျင်သူများနှင့်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားခြင်း ဖြစ်ပါကြောင်း။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေသည် မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုပုံစံတစ်ခုကို ပေါ်ထွန်းလာစေမည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ဥပဒေပိုင်းဆိုင်ရာ ပေါင်းစပ်မှုမူဘောင်၏ အစိတ်အပိုင်းတစ်ရပ်သာလျှင်ဖြစ်ပါကြောင်း၊ အစိုးရသည် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ အားကောင်းလာစေရန် ဆက်လက်ဆောင်ရွက်နေပြီး မြန်မာနိုင်ငံ၏ ခုံသမာဓိစီရင်ဆုံးဖြတ်မှုစနစ်ကို နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီအောင် ဆောင်ရွက်နေပါကြောင်း၊ မိမိတို့အနေဖြင့် နယူးယောက်ပဋိညာဉ်အဖွဲ့ကိုလည်း ဝင်ရောက်ရန်ဆောင်ရွက်နေပါကြောင်း။

ရင်းနှီးမြှုပ်နှံမှုများကို အားပေးမှုနှင့် တစ်ချိန်တည်းတွင် မြန်မာပြည်သူများ၏ အကျိုးစီးပွားကို မြှင့်တင်ပေးရန်နှင့် ပြည်သူများအတွက် မှီခိုအားထားရာဖြစ်သည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများသည်လည်း အရေးကြီးပါကြောင်း၊ မကြာသေးမီကပင် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ပွင့်လင်းမြင်သာမှုရှိစေရေးအတွက် အကောင်အထည်ဖော်စီမံဆောင်ရွက်ပေးမည့် ဦးဆောင်အဖွဲ့အစည်းကို ဖွဲ့စည်းခဲ့ပါကြောင်း၊ တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှု ပေါ်ထွန်းလာရေးအတွက် အစိုးရသည် ပြည်သူတို့၏ ဆန္ဒနှင့်အညီ မြန်မာနိုင်ငံ၏ သဘာဝအရင်းအမြစ်များ ထိန်းသိမ်းမှုဆိုင်ရာ မူဘောင်တစ်ရပ် ချမှတ်နိုင်ရေး အလေးထား လုပ်ဆောင်နေပါကြောင်း။

ကဏ္ဍအားလုံးတွင် အမေရိကန်ကုမ္ပဏီများနှင့် အပြန်အလှန်ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုများတိုးမြှင့်နိုင်ရေးအတွက် မိမိတို့အနေဖြင့် ကုန်သွယ်မှုရင်းနှီးမြှုပ်နှံမှု မူဘောင်သဘောတူညီချက်နှင့် အမေရိကန်အသေးစားနှင့်အလတ်စားလုပ်ငန်းများ မြန်မာနိုင်ငံအတွင်း လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရန် လိုအပ်သည့် အာမခံချက်များပေးနိုင်မည့် ရင်းနှီးမြှုပ်နှံမှုအခွင့်အရေးဆိုင်ရာ သဘောတူညီချက်ကိုလည်း ဝင်ရောက်ပြီးဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ဒေသတွင်း မဟာဗျူဟာကျသော အနေအထားအရ နိုင်ငံတကာမှမိတ်ဖက်များကို စီးပွားရေးအခွင့်အလမ်းများစွာ ရရှိစေမည်ဖြစ်ပါကြောင်း။

လူဦးရေသန်း ၆၀ ရှိသည့် မြန်မာနိုင်ငံသည် အာရှတိုက်၏ သစ်လွင်သောလမ်းဆုံဖြစ်ပြီး အရှေ့မြောက်ဘက်တွင် တရုတ်နိုင်ငံ၊ အနောက်ဘက်တွင် အိန္ဒိယနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ တောင်ဘက်နှင့် အရှေ့ဘက်တို့တွင် အာဆီယံနိုင်ငံများ တည်ရှိနေခြင်းကြောင့် လူဦးရေစုစုပေါင်း ၂ ဘီလီယံကျော်နှင့် လည်းကောင်း၊ ကမ္ဘာပေါ်တွင် အမြန်ဆုံးနှုန်းများဖြင့် တိုးတက်နေသော ဈေးကွက်များနှင့် လည်းကောင်း၊ နယ်နိမိတ်ချင်းထိစပ်နေပါကြောင်း၊ အတိတ်က နိုင်ငံရေးဆိုင်ရာများအပြင် သဘာဝအတားအဆီးများကြောင့် အထီးကျန်ဖြစ်ခဲ့ရသည့် မိမိတို့နိုင်ငံသည် ယခုအခါတွင် ၎င်းအတားအဆီးများကို ကျော်လွှားရန် ကြိုးစားနေပါကြောင်း။

မဝေးတော့သည့် အနာဂတ်ဖြစ်သော ၂၀၁၄-၂၀၁၅ ခုနှစ်တွင် အာဆီယံအဖွဲ့အတွင်း စီးပွားရေး အခင်းအကျင်းအသစ်တစ်ရပ်ပေါ်ထွက်လာတော့မည်ဖြစ်ရာ မိမိတို့အနေဖြင့် နှစ်ဦးနှစ်ဖက်အကျိုးစီးပွားဖြစ်ထွန်းမည့် ထိုအခွင့်အလမ်းကိုအမိအရ လှမ်းယူနိုင်ရန် ပြောကြားလိုပါကြောင်း။

မိမိတို့အနေဖြင့် ပိုမိုကောင်းမွန်သော လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ပေါက်လာစေရေးအတွက် အခြေခံကောင်းများ ချမှတ်ဖော်ဆောင်လိုပါကြောင်း၊ ထိုသို့ ဖြစ်ပေါ်လာစေရေးအတွက် မြန်မာနိုင်ငံအတွင်း၌ အမေရိကန်ကုမ္ပဏီများလာရောက်ရင်းနှီးမြှုပ်နှံကြရန် ဖိတ်ခေါ်လိုပါကြောင်းဖြင့် ပြောကြားသည်။ ယင်းနောက် အမေရိကန်ကုန်သည်ကြီးများအသင်း ဒုတိယဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

အတွက် အလွန်အရေးကြီးတဲ့ အလှည့်အပြောင်းတစ်ရပ်မှာ ပါတီနိုင်ငံရေးကိုကျော်လွန်တဲ့ State Building နဲ့ National Building လုပ်ဆောင်မှုတွေမှာ ပူးပေါင်းဆောင်ရွက်ရမယ့်အချိန်ဖြစ်ပါတယ်။

State Building နဲ့ Nation Building ကို ဆောင်ရွက်ရာမှာ အရေးကြီးတဲ့အစိတ်အပိုင်းတစ်ခုကတော့ လက်နက်ကိုင်အင်အားစုတွေ အားလုံးနဲ့ ငြိမ်းချမ်းရေးသဘောတူညီချက်များရရှိအောင် ဆောင်ရွက်ဖို့ပဲဖြစ်ပါတယ်။ အခုဆိုရင် မိမိတို့အစိုးရအနေနဲ့ လက်နက်ကိုင် အင်အားစု ၁၁ စုနဲ့ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များ ရရှိအောင် ဆောင်ရွက်ထားနိုင်ခဲ့ပြီဖြစ်သလို နောက်ဆုံးအနေနဲ့ ကျန်ရှိနေတဲ့ အဓိကလက်နက်ကိုင်အင်အားစုတစ်ခုဖြစ်တဲ့ ကေအိုင်အို၊ ကေအိုင်အေအဖွဲ့အစည်းနဲ့လည်း မကြာခင်ကာလအတွင်းမှာ အပစ်အခတ်ရပ်စဲရေးသဘောတူညီနိုင်တော့မှာဖြစ်တယ်ဆိုတာ ယုံကြည်ပါကြောင်း ကျွန်တော့်အနေနဲ့ ပြောကြားလိုပါတယ်။ ကျွန်တော်တို့အနေနဲ့ ကျွန်တော်တို့အနေနဲ့ အပစ်အခတ်ရပ်စဲရေးနဲ့တင် ရပ်တန့်နေရမှာမဟုတ်ဘဲ ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေးရရှိအောင်အထိ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမှာဖြစ်တယ်လို့ အလေးအနက်သန္နိဋ္ဌာန်ချမှတ်ထားပါတယ်။ ဒါဟာ တစ်နည်းပြောရရင် နိုင်ငံရေးအရ စေ့စပ်ပြေငြိမ်းနိုင်မှုလည်းဖြစ်ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အဆင့်တွေမှာ အာဏာခွဲဝေမှုအဆင့်ဆင့် ဆက်လက်ဆောင်ရွက်သွား ရမှာလည်းဖြစ်ပါတယ်။ သယံဇာတရင်းမြစ်ခွဲဝေမှုတွေကိုလည်း ဆက်လက်ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ဒီလိုကြိုးပမ်းဆောင်ရွက်မှုလည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ သဘောတူလက်ခံလာတဲ့အထိ ညှိနှိုင်းဆောင်ရွက်သွားရမှာဖြစ်သလို တစ်ပြိုင်နက်တည်းမှာလည်း လာမယ့်နိုင်ငံရေး ဆွေးနွေးပွဲတွေမှာ တိုင်းရင်းသားလူ့အဖွဲ့အစည်းအသီးသီးက အရပ်ဘက် လူမှုအဖွဲ့အစည်းတွေကိုလည်း ပါဝင်ခွင့်ပြုရမှာဖြစ်ပါတယ်။ မြန်မာပြည်သူ လူထုတွေရဲ့ထောက်ခံမှု အကျယ်ပြန့်ဆုံးရရှိတဲ့ ရေရှည်တည်တံ့မယ့် ငြိမ်းချမ်းရေးကို မြန်မာ့မြေမှာ တည်ဆောက်ကြရမှာဖြစ်ပါတယ်။

ဒါ့အပြင် ကျွန်တော်တို့အနေနဲ့ ပြည်သူလူထုအားလုံးကို ကိုယ်စားပြုနိုင်တဲ့ မြန်မာ့အမျိုးသားရေးလက္ခဏာသစ် (national identity) တစ်ရပ်ကို တည်ဆောက်ဖို့ ကြိုးပမ်းရမှာဖြစ်ပါတယ်။ တိုင်းရင်းသားမျိုးနွယ်စုများအားလုံး၊ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာနဲ့ ဟိန္ဒူဘာသာစတဲ့ လူမျိုးဘာသာမရွေး မြန်မာနိုင်ငံသားများအားလုံး သဘောတူညီလက်ခံနိုင်တဲ့ National Identity သစ်တစ်ရပ်ကို တည်ဆောက်ကြရမှာ ဖြစ်ပါတယ်။ ကွဲပြားမှုတွေရှိပေမယ့် ခွဲခြားဆက်ဆံမှုတွေအားလုံး ပပျောက်သွားအောင် ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ လူ့အသိုက်အဝန်းများကြား ပဋိပက္ခတွေ ရပ်တန့်သွားရုံမျှမကဘဲ ချုပ်ငြိမ်းသွားအောင်ဆောင်ရွက်ရမှာဖြစ်သလို ပြစ်မှုကျူးလွန်သူများအားလုံးကိုလည်း တရားနဲ့အညီ စီရင်အပြစ်ပေးရမှာဖြစ်ပါတယ်။ အားလုံးသိကြတဲ့အတိုင်း တစ်ဖက်မှာလည်း လုံခြုံရေးကို ထည့်သွင်းစဉ်းစားရသလို တစ်ဖက်မှာလည်းအခြေခံလူ့အခွင့်အရေးတွေနဲ့ ဒီမိုကရေစီနည်းကျ လူ့အဖွဲ့အစည်းတစ်ခုရဲ့ ပွင့်လင်းလွတ်လပ်မှုကိုလည်း ထည့်သွင်းစဉ်းစားပြီး အကောင်းဆုံး ဘက်ညီမျှတတဲ့ အခြေအနေတစ်ရပ်ဖြစ်အောင် စဉ်းစားဆောင်ရွက်ရတာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ဖို့ မိတ်ဆွေတို့ကလည်း အကူအညီ၊ အကြံဉာဏ်များပေးကြပါလို့ ကျွန်တော့်အနေနဲ့ မေတ္တာရပ်ခံလိုပါတယ်။

ကြွရောက်လာကြတဲ့ ဂုဏ်သရေရှိ ဧည့်ပရိသတ်များခင်ဗျား

အမေရိကန်ပြည်ထောင်စုကို ပထမဦးဆုံးရောက်ရှိခဲ့တဲ့ မြန်မာတစ်ဦးကတော့ ၁၈၅၈ ခုနှစ်မှာ မော်လမြိုင်ကနေရောက်ရှိလာတဲ့ မောင်ရွှေလူးဆိုတဲ့ မြန်မာကျောင်းသားတစ်ဦးပဲဖြစ်ပါတယ်။ မောင်ရွှေလူးဟာ ပန်ဆယ်ဗေးနီးယားပြည်နယ် ဘက်ကနဲတက္ကသိုလ်မှာ ပညာဆည်းပူးပြီး ကလက်ဗ်လန်ဆေးကျောင်းမှာ ဆက်လက်ပညာသင်ကြားခဲ့ပါတယ်။ မြန်မာနိုင်ငံကိုပြန်လာပြီး ဆေးပညာနဲ့ ပြည်သူလူထုကို အလုပ်အကျွေးမပြုခင်မှာ အိမ်ဖြူတော်ကို သွားရောက်ပြီး သမ္မတအင်ဒရူးဂျက်ဆန်နဲ့လည်း တွေ့ဆုံခဲ့ပါတယ်။

မောင်ရွှေလူးအမေရိကန်ကိုမရောက်ခင် တစ်နှစ်အလိုလောက်ကပဲ မြန်မာဘုရင်မင်းတုန်းမင်းဟာ သမ္မတဖရန်ကလင်ပီးယာ့စ်ထံကို ချစ်ကြည်ရေးသဝဏ်လွှာပေးပို့ခဲ့တာရှိပြီး နောက်တတ်လာတဲ့ သမ္မတဂျိမ်းစ်ဘွတ်ခနမ်ထံကိုလည်း မြန်မာအမေရိကန်နှစ်နိုင်ငံကုန်သွယ်ရေးနဲ့ သံတမန်ဆက်ဆံရေးတွေ တိုးမြှင့်ဖို့သဝဏ်လွှာများ ပေးပို့ခဲ့တာ ရှိပါတယ်။

သမိုင်းကြောင်းအစဉ်အလာများအရ ကျွန်တော်တို့ မြန်မာနိုင်ငံနဲ့ အမေရိကန်ပြည်ထောင်စုတို့ဟာ နှစ်ပေါင်းတစ်ရာ့ငါးဆယ်ကျော်ကြာ ဆက်ဆံရေးတွေရှိခဲ့တာကို အထင်အရှားတွေ့မြင်ရမှာပဲ ဖြစ်ပါတယ်။

ဒါတွေကိုထောက်ရှုပြီး ကျွန်တော်တို့အနေနဲ့ မြန်မာ-အမေရိကန်နှစ်နိုင်ငံအစိုးရများကြား ရင်းနှီးတဲ့မဟာမိတ်များအဖြစ်နဲ့ လက်တွဲလုပ်ဆောင်ပြီး မြန်မာ-အမေရိကန်ဆက်ဆံရေး စာမျက်နှာသစ်ကို ဖွင့်လှစ်လိုပါတယ်။ မြန်မာပြည်သူများနဲ့ အမေရိကန်ပြည်သူများအကြားလည်း ရင်းနှီးတဲ့မိတ်ဆွေများအဖြစ် ခင်ခင်မင်မင်ဆက်ဆံသွားကြဖို့လည်း တိုက်တွန်းလိုပါတယ်။

ကျွန်တော်တို့ရဲ့ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ အောင်မြင်အောင် မိတ်ဆွေတို့ရဲ့ ကူညီထောက်ပံ့မှုများကိုလည်း မျှော်လင့်လျက်ရှိပါတယ်။ အမေရိကန်ပြည်ထောင်စုမှာရှိတဲ့ ထိပ်တန်းတက္ကသိုလ်ကြီးတွေရဲ့ အကူအညီ၊ အမေရိကန်စီးပွားရေးလုပ်ငန်းရှင်များရဲ့ အကူအညီတွေကိုလည်း ရရှိနိုင်မယ်လို့ ယုံကြည်မျှော်လင့်လျက်ရှိပါတယ်။

ကျွန်တော်တို့အစိုးရအနေနဲ့ လွန်ခဲ့တဲ့နှစ်နှစ်ကစပြီး ဆောင်ရွက်အကောင်အထည်ဖော်လာခဲ့တဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များရဲ့ ရည်ရွယ်ချက်ကတော့တစ်ခုတည်းပဲရှိပါတယ်။ ကျွန်တော်တို့ မျိုးဆက်သစ်လူငယ်တွေအတွက် ပိုမိုကောင်းမွန်တဲ့အနာဂတ်၊ ပိုမိုကောင်းမွန်ပြည့်စုံတဲ့ ဘဝတစ်ခု ဖန်တီးပေးနိုင်ဖို့ဆိုတဲ့ ရည်ရွယ်ချက်ပဲ ဖြစ်ပါတယ်။

ကျွန်တော်တို့အစိုးရဟာ ပြည်သူ့အစိုးရဖြစ်တယ်လို့ ခံယူထားတာနဲ့အညီ ပြည်သူတွေရဲ့ဘဝကိုမြှင့်တင်နိုင်ဖို့အတွက် ပြည်သူဗဟိုပြုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေကို အစွမ်းကုန် ကြိုးစားအကောင်အထည်ဖော်လျက်ရှိပါတယ်။

လာမယ့် ၂၀၁၅ ရွေးကောက်ပွဲမှာ ဒီမိုကရေစီနည်းလမ်းကျ ပေါ်ပေါက်လာမယ့် အစိုးရသစ်အတွက် အခြေခံကောင်းတွေ ဖန်တီးပေးနေတာလည်း ဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ ဒီမိုကရေစီအရေးအောင်မြင်စေဖို့အတွက် အမေရိကန်အစိုးရ၊ လွှတ်တော်၊ အရပ်ဘက်လူ့အဖွဲ့အစည်းများမှ လက်ရှိမြန်မာနိုင်ငံရေး အခြေအနေနဲ့ အကိုက်ညီဆုံးဖြစ်တဲ့အကူအညီတွေကို ပွင့်လင်းမြင်သာမှုရှိရှိ ပေးအပ်သွားဖို့လည်း မေတ္တာရပ်ခံလိုပါတယ်။

နိုင်ငံတကာမိတ်ဆွေများအားလုံးရဲ့ အကူအညီတွေ၊ အိမ်နီးချင်းနိုင်ငံတွေရဲ့အကူအညီ၊ ကျွန်တော်တို့ ပြည်သူလူထုတွေရဲ့ တက်ကြွစွာပါဝင်ပူးပေါင်းဆောင်ရွက်မှု၊ ခွန်အားတွေနဲ့အတူ အမေရိကန်ပြည်သူတွေရဲ့ ကူညီထောက်ပံ့မှုတွေကြောင့် ဒီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ အောင်မြင်လိမ့်မယ်လို့ ကျွန်တော့်အနေနဲ့ ရိုးသားစွာ ယုံကြည်မျှော်လင့်ပါတယ်။ မိတ်ဆွေများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေ။

အားလုံးကိုကျေးဇူးတင်ပါတယ်။

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

မြစည်းခုံဘုရားအရှေ့ဘက်မုခ်အတွင်း ပူဇော်ထားသည့် ရုပ်တော်မူဆင်းတုတော်ပျောက်ဆုံး

ညောင်ဦး မေ ၂၁

ညောင်ဦးမြို့ တောင်ဘီကျေးရွာအုပ်စုအတွင်းရှိ မြစည်းခုံဘုရားအရှေ့ဘက်မုခ်အတွင်း သီတင်းသုံးတော်မူသည့် ဉာဏ်တော်အမြင့် လေးပေခန့်ရှိသော ကျွန်းသားဖြင့်ပြုလုပ်ထားသည့် ရုပ်တော်မူလက်တော်အောက်ချဘုရားဆင်းတုတော်တစ်ဆူ မေ ၁၉ ရက်က ပျောက်ဆုံးသွားကြောင်း သတင်းရရှိသည်။

အဆိုပါဆင်းတုတော်သည် ရှေးဟောင်းဘုရားတစ်ဆူဖြစ်ပြီး နဖူးသင်းကျစ်တော်တွင် စိန်အစစ်တစ်လုံး ပါဝင်ကြောင်း၊ မေ ၁၈ ရက် ညနေ ၆ နာရီအထိရှိနေသေးကြောင်း၊ မေ ၁၉ ရက် ညနေ ၅ နာရီခန့်က ဘုရားပရိဝုဏ်အတွင်း အာရုံခံတန်ဆောင်းဆောက်ရာတွင် ကြီးကြပ်ရန်ပင့်ဆောင်ထားသော မြစည်းခုံကျောင်းတိုက် ကျောင်းထိုင်ဆရာတော်၏ တူတော်သူ ရွှေဥမင်ကျောင်းမှ ဆရာတော်ဦးဇောတိသာရ(အာဂန္တု)က ဆင်းတုတော်အား သန့်ရှင်းရေးဆောင်ရွက်ထားသည်ထင်၍ ကျောင်းထိုင်ဆရာတော်အား လျှောက်ထားရာ မဟုတ်ကြောင်းပြော၍ သွားရောက်ကြည့်ရှုရာမှ ဘုရားဆင်းတုတော် အခိုးခံရသည်ကို သိခဲ့ရကြောင်း၊ မေ ၁၉ ရက် နံနက် ၁၀ နာရီခန့်က လူငယ်တစ်ဦးဆိုင်ကယ်နှင့် ဘုရားနားသို့လာခဲ့ကြောင်း၊ မိမိအားမြင်၍ ချက်ချင်းပြန်လှည့်သွားခဲ့ကြောင်း၊ ထိုလူငယ်တွင် ကျောပိုးအိတ်တစ်လုံးလွယ်ထားကြောင်း ဦးဇောတိသာရ ပြောကြားချက်အရသိရသည်။ ထို့အပြင် အဆိုပါ ဆင်းတုတော်ခိုးသူများ ဖောက်ထွင်းရာတွင် အသုံးပြုသော ကျောက်လှည့်အစိမ်းရောင်တစ်ချောင်းနှင့် တစ်ပေကျော်ခန့်ရှိသော ခြောက်မူးလုံးစို့ တစ်ချောင်းတို့ကို သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းရမိခဲ့ကြောင်း၊ ယင်းဆင်းတုတော်ကို အောက်ခြေမှ ပလ္လင်နှင့်ခြေတော်တို့အား ဝက်အူဖြင့် အသေတပ်ဆင်ထားရာ ခိုးသူများက ခြေတော်ရင်းမှ ရိုက်ချိုးယူသွားသည်ကို ခြေတတ်ပုံမှတ်တမ်းများအရ တွေ့မြင်ရသည်။

အဆိုပါအမှုနှင့်ပတ်သက်၍ ပုဂံရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

အခွန်ထမ်းပြည်သူများ မေးမြန်းတိုင်ကြားဆွေးနွေးနိုင်ရန် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး မန္တလေးတွင်ဖွင့်လှစ်

မန္တလေး မေ ၂၁

မန္တလေးတိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာန၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (Tax Service Unit) ဖွင့်ပွဲကို မေ ၂၁ ရက် နံနက် ၈ နာရီက အောင်မြေသာစံမြို့နယ် ၆၅ လမ်း ၂၂×၂၃ လမ်းကြား မန္တလေးတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပရာ ပြည်တွင်းအခွန်များဦးစီးဌာနညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနလက်အောက်ရှိ တိုင်းဒေသကြီးလုပ်ငန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အခွန်ဦးစီးမှူးများနှင့် အခွန်ထမ်းပြည်သူများ တက်ရောက်ခဲ့ကြပြီး ပြည်တွင်းအခွန်များဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးသန်းအောင်က အခွန်ဆိုင်ရာဝန်ဆောင်မှုရုံးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အခွန်ဆိုင်ရာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ဖွင့်လှစ်

အခွန်ဆိုင်ရာ ဝန်ဆောင်မှုရုံးမှ အခွန်ဥပဒေ၊ အခွန်စည်းမျဉ်း၊ အခွန်နှုန်း၊ အခွန်စနစ်ဆောင်ရွက်ချက်များအပေါ် အကြံပေးခြင်း၊ လက်ရှိအခွန်ဥပဒေ၊ အခွန်စည်းမျဉ်း၊ အခွန်နှုန်း၊ အခွန်စနစ်၊ ဆောင်ရွက်ချက်များကို အခွန်ထမ်းပြည်သူများက သိလို၍ မေးမြန်းခြင်းများအပေါ် ရှင်းလင်းဖြေကြားခြင်း၊ အခွန်ရုံးနှင့် အခွန်ဝန်ထမ်းများ၏ ဆောင်ရွက်ချက်များအပေါ် မကျေလည်မှုများရှိပါက တိုင်ကြားဆွေးနွေးခြင်း၊ လက်ခံဆွေးနွေးရှင်းလင်းဆောင်ရွက်ပေးခြင်း၊ အများပြည်သူအခွန်ထမ်းများ စုံစမ်းမေးမြန်းနိုင်ရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

အေးမြ(မန္တလေး)

ယဉ်ကျေးလိမ္မာ သင်တန်းဆင်း

တောင်သာ မေ ၂၁

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့ တောင်လုလင်ကျေးရွာ၌ ဧပြီ ၁၁ရက်မှ ၂၀ရက်အထိ ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်း ဖွင့်လှစ်သင်ကြားခဲ့သည်။ အဆိုပါ သင်တန်းကို ဆရာတော်ကြီး ဦးတေဇနိယက ဦးစီးကျင်းပပြီး သင်တန်းပို့ချပေးသော ဆရာတော်မှာ ဦးဂုဏာလင်္ကာရဖြစ်သည်။တက်ရောက်သင်ကြားသူ သင်တန်းသားဦးရေမှာ ၇၀ ဖြစ်ပြီး သင်တန်းမှာ ပထမဆုံးအကြိမ် ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

စကားဝါ(တောင်သာ)

ကြည်ကုန်းကျေးရွာတွင် မိုးသက်လေပြင်းတိုက်

တောင်သာ မေ ၂၁

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် အေးရွာအုပ်စု ကြည်ကုန်းကျေးရွာတွင် မေ ၂၀ ရက် ညနေ ၆ နာရီခွဲက မိုးသက်လေပြင်းတိုက်ခတ်သည့်အတွက် အခြေခံပညာမူလတန်းကျောင်း ပေ(၉၀× ၂၄) ခြောက်ခန်းတွဲကျောင်းဆောင်ရှိ အမိုး၊ ပြတင်းပေါက်များ ပျက်စီးသွားခဲ့သည်။

ယင်းပျက်စီးမှုနှင့် ပတ်သက်၍ ဒုတိယမြို့နယ်ပညာရေးမှူး ဦးကျော်နိုင်စိုး၊ အေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်ကျော်၊ ကျောင်းအုပ်ဆရာကြီး ဦးစိုးနိုင်တို့က သွားရောက်ကြည့်ရှုခဲ့ပြီး ကျောင်းဖွင့်ချိန်အမီ ပြင်ဆင့်ခွင့်လျှောက်ထားရန် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။**(အပေါ်ပုံ)**

လင်းလက်ကြယ်(တောင်သာ)

နတ်မောက်ရှိလယ်ယာနှင့်အခြားမြေများ သိမ်းဆည်းခံရမှု ကွင်းဆင်းစစ်ဆေး

နတ်မောက် မေ ၂၁

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် တောင်သူများ၏ လယ်ယာမြေသိမ်းဆည်းခံရသဖြင့် နစ်နာသည်ဟု တင်ပြလာသည့် တင်ပြစာများနှင့်ပတ်သက်၍ ပြည်ထောင်စုလွှတ်တော်မှ ဖွဲ့စည်းပေးသော လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှု လေ့လာစုံစမ်းရေးကော်မရှင်မှ ဦးလှဆွေခေါင်းဆောင်သည့် ကော်မရှင်အဖွဲ့ခွဲသည် မေ ၁၀ ရက်က နတ်မောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် သက်ဆိုင်သူများနှင့် လာရောက်တွေ့ဆုံစစ်ဆေးခဲ့ကြောင်း သိရသည်။ ပျော်ဘွယ်-ရန်အောင်-ရွာတော်-နတ်မောက်-ကန်ပြားလမ်းပိုင်း မီးရထားလမ်းဖောက်လုပ်ရာ၌ မြို့မရပ်ကွက် တောင်သူ ၄၁ ဦး၏ စိုက်ပျိုးမြေဧက ၆၀ ခန့်အား ဖြတ်သန်းဖောက်လုပ်၍ နစ်နာသည့်ကိစ္စ၊ ပုဂ္ဂလိကဓာတ်ဆီဆိုင်များ မြို့ပြင်ထွက်၍ ဆိုင်ဖွင့်ရန်အတွက် ဈေးသာကျေးရွာတောင်သူတစ်ဦး၏ ယာမြေကို ငွေကျပ်တစ်သိန်းပေး၍သိမ်းယူခံရသဖြင့် နစ်နာသည့်ကိစ္စအပါအဝင် အခြားရပ်ကွက်နှစ်ခုနှင့် ကျေးရွာအုပ်စုတစ်စုတို့မှ တင်ပြစာများကို လာရောက်ကွင်းဆင်းစစ်ဆေးပေးခဲ့ကြောင်း သိရသည်။

(၁၂၇)

ပင်းမြို့မဟာဗောဓိ ညောင်ရေသွန်းမည်

နတ်မောက် မေ ၂၁

မြတ်စွာဘုရား၏ သာသနာတော်တွင် ညီတော်အာနန္ဒာပင့်ဆောင်၍ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်အနီး၌ စိုက်ပျိုးတော်မူသော အာနန္ဒာဗောဓိပင်၊ အရှင်မဟိန္ဒမထေရ်မြတ်ပင့်ဆောင်၍ သီဟိုဠ်ကျွန်း၌ စိုက်ပျိုးတော်မူသော မဟိန္ဒဗောဓိပင်၊ ဓမ္မဒဿီအရှင်အရဟံပင့်၍ မြန်မာနိုင်ငံ ပင်းမြို့၌ စိုက်ပျိုးတော်မူသော အရဟံဗောဓိပင်ဟူ၍ ရဟန္တာအရှင်မြတ်တို့ စိုက်ပျိုးတော်မူသော မဟာဗောဓိသုံးပင်ရှိကြောင်း သိရသည်။

အဆိုပါ မဟာဗောဓိပင် သုံးပင်အနက် မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ပင်းမြို့တွင် သက်တမ်းနှစ် ၁၂၀၀ ကျော်ရှိ ဓမ္မဒဿီအရှင်အရဟံပင့်ဆောင်ပြီး စိုက်ပျိုးတော်မူခဲ့သော ရှေးဟောင်းသမိုင်းဝင် မဟာဗောဓိရွှေညောင်တော်ကြီးကို ယခင်နှစ်များနည်းတူ ညောင်ရေသွန်းလောင်းပွဲကို ကဆုန်လပြည့်နေ့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ကဆုန်လပြည့်နေ့ နံနက်ပိုင်းတွင်မဟာဗောဓိပင်အား ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီး၊ အမွှေးတိုင်၊ ဖယောင်းတိုင်များ ဆက်ကပ်လှူဒါန်းခြင်း၊ သံဃာတော်အပါး ၂၀၀ ကျော်အား ဆွမ်း၊ ဘောဇဉ်၊ ချိုချဉ်များ ဆက်ကပ်လှူဒါန်းခြင်း၊ ကဆုန်ညောင်ရေသွန်းလောင်းမှုကို နံနက် ၆နာရီမှ ည ၈ နာရီအထိ ကျင်းပမည်ဖြစ်ပြီး ညနေ ၃နာရီတွင် သံဃာတော်အပါး ၂၀၀ ကျော်အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းများ ဆောင်ရွက်မည်ဖြစ်ပြီး ညပိုင်းတွင် ဆီမီး ၅၀၀၀၊ နံ့သာ ၅၀၀၀ ပူဇော်ပြီး ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ကြမည်ဖြစ်ကြောင်း သိရသည်။

(၁၂၇)

မိတ္ထီလာမြို့တွင် ဗုဒ္ဓဘာသာ၊ အစ္စလာမ် ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေးအတွက် ကော်မတီတစ်ရပ်ဖွဲ့စည်း

မိတ္ထီလာ မေ ၂၁

မိတ္ထီလာမြို့တွင် မတ် ၂၀ ရက်က ပဋိပက္ခအကြမ်းဖက်မှုများ ဖြစ်ပွားခဲ့ပြီးနောက် ဒုက္ခသည်စခန်းငါးခုတွင် ဗုဒ္ဓဘာသာဒုက္ခသည်များနှင့် အစ္စလာမ်ဒုက္ခသည်များ နေထိုင်ကြရသည်။ ယခုအခါ မိတ္ထီလာမြို့တွင် တစ်နေ့တခြား အေးချမ်းတည်ငြိမ်လာပြီဖြစ်၍ မီးလောင်မခံရသော ဒုက္ခသည်များအား ၎င်းတို့၏နေအိမ်များသို့ ပြန်လည်ပေးပို့ခဲ့သည်။

အာရှအလင်းရောင်ဆရာတော် ပြင်ဦးလွင် (မိတ္ထီလာသုခ) အဖွဲ့၏ ဩဝါဒကိုခံယူ၍ မန္တလေးတိုင်းဒေသကြီး ဒုက္ခသည်များ ကူညီပံ့ပိုးရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်ဝင်းတို့ ဦးဆောင်သည့်အဖွဲ့က မိတ္ထီလာမြို့တွင် (ဗုဒ္ဓဘာသာ/အစ္စလာမ်) ဒုက္ခသည်များကို ကူညီစောင့်ရှောက်ရေးကိစ္စများကို (ရေတို/ရေရှည်) ပိုမိုအထောက်အကူပြုကူညီနိုင်ရေး၊ ဒေသခံပြည်သူအချင်းချင်းချစ်ခင်ရင်းနှီးပြန်လည်သင့်မြတ်ရေးနှင့် ထာဝရငြိမ်းချမ်းရေးတို့အတွက်ရည်ရွယ်၍ မိတ္ထီလာဒုက္ခသည်များ ကူညီစောင့်ရှောက်ရေး၊ ပြန်လည်သင့်မြတ်ရေး၊ ငြိမ်းချမ်းရေးအကျိုးဆောင်ကော်မတီမူဆလင် လူငယ်များပါဝင်သော အဖွဲ့ကို ပထမဆုံးအကြိမ် မေလ ၁၀ ရက်က စတင်ဖွဲ့စည်းခဲ့သည်။

မိတ္ထီလာဒုက္ခသည်များ ကူညီစောင့်ရှောက်ရေး၊ ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးအကျိုးတော်ဆောင်ကော်မတီတွင်ဦးဆောင်နာယကသုံးဦး၊ သာသနာရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်များပါဝင်သော အဖွဲ့ဝင်ခုနစ်ဦး၊ ဥပဒေရေးရာနှင့် လုပ်ငန်းအကြံပေး ဥပဒေပညာရှင်သုံးဦးနှင့် လုပ်ငန်းဖော်ဆောင်ရေးကော်မတီဝင် ၂၆ ဦး စုစုပေါင်းကော်မတီဝင် ၃၉ ဦးတို့ပါဝင်သော ကော်မတီတစ်ရပ်ကို ဖွဲ့စည်းခဲ့သည်။ ထိုကော်မတီက ဒေသဆိုင်ရာတာဝန်ရှိသူများ၊ အာဏာပိုင်ဌာနဆိုင်ရာများ၊ ဆရာတော် သံဃာတော်များ၏ ဩဝါဒကိုခံယူ၍ အရေးပေါ်အကူအညီများကို ကူညီဆောင်ရွက်ပေးသွားမည်ဟုဆိုသည်။ ၎င်းအကျိုးဆောင်အဖွဲ့သည် မည်သည့်နိုင်ငံရေးပါတီ၊ မည်သည့်အဖွဲ့အစည်းတစ်စုံတစ်ရာ၏ လက်အောက်ခံဩဇာခံအဖြစ်ဆောင်ရွက်မည်မဟုတ်ကြောင်းလည်း အတိအလင်းကြေညာထားကြောင်း သိရသည်။ **တင်လှိုင်(မိတ္ထီလာ)**

ပြည်တွင်းသတင်း

ရွှေတောင်တန်းဖောတံတား၌ ခရီးသည်နှင့် ကုန်တင်စက်လှေငယ်တစ်စင်း နစ်မြုပ်

ရန်ကုန် မေ ၂၁

မေ ၂၁ ရက် (ယနေ့)နံနက် ၅ နာရီခန့်က ဆိပ်ကမ်းမြို့နယ် ရွှေတောင်တန်းအမှတ် (၁) ဆိပ်၌ ကွမ်းခြံကုန်းသို့ ထွက်ခွာမည့်ခရီးသည်နှင့် ကုန်ပစ္စည်းတင်စက်လှေငယ်(ချွန်း) တစ်စင်း နစ်မြုပ်မှုဖြစ်ခဲ့သည်။

သတင်းနှင့် ဓာတ်ပုံ
တင်ဝင်းလေး(ကြည့်မြင်တိုင်)

ဖြစ်စဉ်မှာ ပိုင်ရှင် ဦးဝင်းမောင်၊ ပဲ့နင်း ဦးကြည်ရွှင် မောင်းနှင်သော အောင်ရတနာမြင့် စက်လှေငယ်သည် ရွှေတောင်တန်းအမှတ်-၁ ဖောတံတား၌ ခရီးသည် ၂၄ ဦး (ပဲ့နင်းနှင့် လုပ်သားအပါအဝင်)နှင့် ကုန်ပစ္စည်းများတင်ဆောင်လျက် နံနက် ၅ နာရီက ဖောတံတားမှ ထွက်ခွာခဲ့သည်။

ထွက်ခွာရာ၌ ဆိပ်ခံဖောတံတားအတွင်းမှပတ်၍ မြစ်ပြင်၌လှည့်အထွက်တွင် ရေစီးအရှိန်ကို မထိန်းနိုင်ဘဲ မျောပါသွားခဲ့သည်။ ထို့နောက် ၄င်းဆိပ်၌ပင် ဆင့်ကဲထပ်၍ ရပ်ထားသော သင်္ဘောများဆီသို့ ရေစီးအားဖြင့် မျောပါကာ သင်္ဘောများအကြား နစ်မြုပ်သွားခဲ့သည်ဟု မျက်မြင်ကိုယ်တွေ့တစ်ဦးဖြစ်သည့် အမျိုးသားတစ်ဦးက မြန်မာ့အလင်းသို့ ပြောပြခဲ့သည်။

ရွှေတောင်တန်း အမှတ်(၁) ဆိပ်ခံဖောတံတား။

"ကိုယ်ဖက်လာတဲ့ အထုပ်ကြီးကို ပြန်ကြည့်တော့ ကြာဆံထုပ်ကြီး ဖြစ်နေတယ်။" ဒေါ်လှခင်

စက်လှေပေါ်၌ လိုက်ပါလာသည့် လူ ၂၄ ဦးအနက် ကွမ်းခြံကုန်း တော်ကလိပ်ကျေးရွာနေ မလှဲလှဲဦး အသက် (၃၅ နှစ်)မှာ သေဆုံးသွားခဲ့သည်ဟု သိရသည်။ အမျိုးသားကိုးဦး၊ အမျိုးသမီး ခြောက်ဦးတို့အား အနီးဝန်းကျင်မှ လူများက ကယ်ဆယ်နိုင်ခဲ့ပြီး အမျိုးသားနှစ်ဦး၊ အမျိုးသမီး ခြောက်ဦးတို့မှာ သတင်းရယူချိန် နံနက် ၉ နာရီအထိ ပျောက်ဆုံးနေသေးကြောင်း ဆိပ်ကမ်းရဲစခန်းမှ သတင်းရရှိသည်။

အကြောင်းတရား တိုက်ဆိုင်စွာပင် ရေစီး၌ အထုပ်ပိုက်၍ မျောပါသွားသူ သင်္ဘောများအကြား နစ်မြုပ်သွားပြီး သေကံမရောက် အသက်မပျောက်သူ အမျိုးသမီးကြီးနှစ်ဦးနှင့် တွေ့ဆုံခွင့်ရခဲ့သည်။

တစ်ဦးမှာ ကွမ်းခြံကုန်း ပီလခတ်ကျေးရွာနေ အသက် ၆၂ နှစ် အရွယ်ရှိ အမျိုးသမီးကြီး ဒေါ်လှခင်ဖြစ်သည်။ ဒေါ်လှခင်က "စက်လှေက ကုန်ရော၊ လူရောအပြည့်ပဲ။ ဖောတံတားကအထွက် အကွေ့မှာ ရေစီးအရှိန်ကို မထိန်းနိုင်ဘဲ ဆိပ်မှာရပ်ထားတဲ့ သင်္ဘောတွေနဲ့တိုက်မိတယ်။ လှေထဲရေတွေဝင်လာတယ်။ တဖြည်းဖြည်းနဲ့ မြုပ်တော့မယ်။ အဒေါ်လည်း ကြောက်အားလန့်အားနဲ့ အနီးက အထုပ်ကြီးတစ်ထုပ်ကို လှမ်းဆွဲပြီး အပြင်ကိုရောက်လာတယ်။ မြစ်တစ်ဖက်ကမ်း ကမာကဆစ်နားအထိ ရောက်သွားတယ်။ အော်တာပေ့ါ---။ ကူးတို့ လှေတွေက ဝိုင်းဆယ်ကြတယ်။ ပြီးမှ ကိုယ်ဖက်လာတဲ့အထုပ်ကြီးကို ပြန်ကြည့်မိတယ်။ ကြာဆံထုပ်ကြီးဖြစ်နေတယ်။ အဲဒီကြာဆံထုပ်ကြီးကြောင့် အခုလို မသေမပျောက် ပြန်တွေ့ရတာပေ့ါ။ ဝိုင်းဆယ်တဲ့သူတွေကိုလည်း ကျေးဇူးတင်ပါတယ်" ဟု ပြောပြပေးသည်။

"သင်္ဘောပေါ်က လူတွေက သိပြီး ဆွဲတင်ပေးလို့ အသက်ရှင်ခဲ့ရတာ" ဒေါ်နှင်းစိန်

နောက်တစ်ဦးမှာလည်း ကွမ်းခြံကုန်း ပီလခတ်ကျေးရွာသူ အသက် ၅၆ နှစ်အရွယ်ရှိ ဒေါ်နှင်းစိန်ဆိုသူဖြစ်သည်။ "စက်လှေစထွက်တုန်းက ဝမ်းထဲမှာ ကုန်တွေကလည်း အပြည့်ဆိုတော့ ဘေးကိုဘာမှမမြင်ရဘူး၊ စက်လှေထဲ ရေတွေဝင်လာမှပဲ လှေမြုပ်ပြီဆိုတာ သိတယ်။ သင်္ဘောတွေကြားထဲ မြုပ်သွားတယ်၊ ရေထဲက တစ်ချက်ပြန်အပေါ်မှာ သင်္ဘောချည်တဲ့ ကြိုးတစ်ချောင်းကို ဆုပ်ကိုင်မိတယ်။ မလွှတ်ဘဲကယ်ကြပါလို့အော်ခဲ့တယ်။ အဲဒီမှာ သင်္ဘောပေါ်က လူတွေကသိပြီး ဆွဲတင်ပေးလို့ အသက်ရှင်ခဲ့ရတာ" ဟု ပြောပြပေးခဲ့သည်။

ဆိပ်ကမ်းရှိ အမျိုးသားကြီးတစ်ဦးကမူ "တကယ်ဆို ဆိပ်ခံဖောတွေမှာကပ်တဲ့ သင်္ဘောတွေက အခုလိုထပ်ထပ်ပြီး သုံးလေးစင်းယှဉ်မရပ်ရဘူး။ စည်းကမ်းရှိတယ်။ နှစ်စင်းပဲ ထပ်ရပ်ရတယ်။ သင်္ဘောတွေများလာပြီဆို နှစ်စင်းစီ ရှေ့နောက်ယှဉ်ရပ်ရတယ်။ အခု ဒီစက်လှေနစ်မြုပ်ရတာလည်း ဒီအချက်တွေပါတယ်။ အခုလိုသာ လေးစင်းလောက် ယှဉ်မရပ်ထားဘူးဆိုရင် ရေစီးနဲ့ မျောသွားဦးလွတ်သွားနိုင်တယ်။ တိုက်ခိုက်မှုလည်း မဖြစ်နိုင်ဘူး"ဟု သုံးသပ်ပြောကြားမှုကိုလည်း မြန်မာ့အလင်းမှ မှတ်တမ်းတင်ခဲ့သည်။

ကြည့်မြင်တိုင်မြို့နယ်၌ အသုံးပြုရနိုင်သော လက်နက်နှင့်ကျည်ဆန်များတွေ့ရှိ

ရန်ကုန် မေ ၂၁

မေ ၂၀ ရက် ညနေ ၄ နာရီခန့်က ကြည့်မြင်တိုင်မြို့နယ် ဈေးကြီးအရှေ့ရပ်ကွက် ဗိုလ်သူရလမ်းနှင့် ပိတောက်ပင်လမ်းတွင် သန့်ရှင်းရေးဆောင်ရွက်နေသော မြို့နယ်စည်ပင်သန့်ရှင်းရေးဌာနမှ သန့်ရှင်းရေးလုပ်သား မသင်းမြတ်စိုးက အမှိုက်ပုံး အမှတ် ကမတ - ၃၀၅၇ အတွင်းမှ ကြွပ်ကြွပ်အိတ်ဖြင့် ထုပ်ထားသော အသုံးပြုရနိုင်သည့် အမ် ၁၆ ကျည်ဆန် ၅၆ တောင့်၊ အသုံးပြုရနိုင်သော ကျည်ကတ်တစ်ခု၊ အသုံးပြုရနိုင်သော ကာဘိုင်ကျည်ဆန် ၁၁ တောင့်၊ အသုံးပြုရနိုင်သည့် ၉ မမ ကျည်ဆန် ၂၂ တောင့်၊ ပွိုင့် ၃၈ လက်မကျည် ၁၃ တောင့်တို့နှင့်အတူ အသုံးပြု၍ ရနိုင်သည့် (C-177374)၊ Star Trade Mark စာတန်းပါ စပိန်နိုင်ငံလုပ် စတီးပစ္စတိုတစ်လက်နှင့် အနက်ရောင် ပစ္စတိုထည့်အိတ်တစ်လုံးကို တွေ့ရှိရာ **(ယာပုံ)** အကြောင်းကြားမှုကြောင့် မြို့နယ်မှတာဝန်ရှိသူများ၊ မြို့နယ်ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများက သွားရောက်သိမ်းဆည်းခဲ့ပြီး ဆက်လက်စစ်ဆေးနိုင်ရန်အတွက် သက်ဆိုင်ရာသို့ ပို့အပ်ခဲ့ကြောင်း သိရသည်။ **(ဝ၄၂)**

ပြည်တွင်းသတင်း

ရပ်စောက်မြို့တွင် မီးလောင်ကျွမ်း

ရပ်စောက် မေ ၂၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့ ဈေးတန်းရပ်ကွက် သီတာလမ်း မြို့နယ်စာရင်းစစ်ရုံးဝင်းအတွင်း၌ မေ ၂၀ ရက် နံနက်ပိုင်းက လျှပ်စစ်ဝိုင်ယာကြိုးမှတစ်ဆင့် မီးကူးစက်လောင်ကျွမ်းခဲ့သည်။ **(အောက်ပုံ)**

အမှုဖွင့်အရေးယူ

မီးလောင်မှုကြောင့် စာရင်းစစ်မှူး ဒေါ်မာလာလှိုင်နှင့် ဒေါ်တင်တင်ဝင်းတို့ နေထိုင်သည့် ကိုယ့်အားကိုယ်ကိုး ဝန်ထမ်းအိမ်ရာ သွပ်မိုးထရံကာ နေအိမ်နှစ်လုံး မီးလောင်ကျွမ်းခဲ့ရာ မီးသတ်ဦးစီးမှူး ဦးဇော်လင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်သဖြင့် ပတ်ဝန်းကျင်နေအိမ်များသို့ မီးကူးစက် လောင်ကျွမ်းခြင်းမရှိဘဲ မိနစ် ၂၀ အတွင်း အပြီးငြိမ်းသတ်နိုင်ခဲ့သည်။ မီးလောင်မှုကြောင့် ဒေါ်မာလာလှိုင်နှင့် ဒေါ်တင်တင်ဝင်းတို့အား ရပ်စောက်ရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

ဇော်ဝင်းလှိုင်(ရပ်စောက်)

မီးဘေးရှောင် မလောင်ခင်တား

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၂၁-၅-၂၀၁၃ **ရွှေဈေး** (အောင်သမာဓိရွှေဆိုင်)

၁၆ ပဲရည်(အခေါက်ရွှေ)	တစ်ကျပ်သား	၇၀၆၅၀၀
၁၅ ပဲရည်	တစ်ကျပ်သား	၆၆၄၉၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၄၇ ကျပ်
ဥရောပ	တစ်ယူရို	၁၂၁၉ ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၅၄ ကျပ်
ထိုင်း	တစ်ဘတ်	၃၀. ၆၅ ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၆. ၆၆ ကျပ်
တရုတ်	တစ်ယွမ်	၁၄၆ ကျပ်
မလေးရှား	ရင်းဂစ်	၂၉၉ ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၈၆၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၈၆၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၇၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၈၈၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၂၅၀၀ - ၃၈၀၀ ကျပ်
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၁၂၀၀ - ၃၂၀၀ ကျပ်
၃။	ငါးရံ့	တစ်ပိဿာ	၄၀၀၀ - ၈၀၀၀ ကျပ်
၄။	ငါးဖယ်	တစ်ပိဿာ	၄၅၀၀ - ၉၀၀၀ ကျပ်
၅။	ပုစွန်(ကျော့)	တစ်ပိဿာ	၅၀၀၀ - ၉၀၀၀ ကျပ်
၆။	ပုစွန်တုပ်	တစ်ပိဿာ	၁၄၀၀၀ -၃၆၀၀၀ ကျပ်
၇။	ကြက်	တစ်ပိဿာ	၃၀၀၀ - ၉၀၀၀ ကျပ်
၈။	ဝက်	တစ်ပိဿာ	၃၅၀၀ - ၈၀၀၀ ကျပ်
၁၁။	အမဲ	တစ်ပိဿာ	၃၀၀၀ - ၆၀၀၀ ကျပ်
၁၂။	ဆိတ်	တစ်ပိဿာ	၉၀၀၀ -၁၅၀၀၀ ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။	နွေဆန်	တစ်အိတ်	၁၇၀၀၀-၁၇၂၀၀
၂။	ပေါ်ကျွဲ	တစ်အိတ်	၂၁၀၀၀
၃။	ပေါ်ဆန်း	တစ်အိတ်	၂၃၀၀၀-၂၉၅၀၀
၄။	မြေပဲဆီ	တစ်ပိဿာ	၃၉၀၀
၅။	စားအုန်းဆီ	တစ်ပိဿာ	၁၅၀၈
၆။	ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၄၁၅-၄၆၅
၇။	ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၀၀၀-၁၆၀၀
၈။	ကြူကုတ်ကြက်သွန်ဖြူ	တစ်ပိဿာ	၁၂၂၅-၁၂၅၀
၉။	အာလူး(ဟဲဟိုး)	တစ်ပိဿာ	၅၁၀-၆၃၀
၁၀။	ဝါးခယ်မငရုတ်ရှည်	တစ်ပိဿာ	၁၆၅၀-၁၇၀၀
၁၁။	ဆင်ဖြူကျွန်းငရုတ်ပွ	တစ်ပိဿာ	၄၀၀၀-၄၅၀၀
၁၂။	သကြား	တစ်ပိဿာ	၈၅၀-၉၇၅

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်သည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

ကမ္ဘာ့ဘဏ်၏ ထောက်ပံ့မှုဖြင့်ဖွံ့ဖြိုးတိုးတက်လာတော့မည့် ကျွန်းစုမြို့နယ်

မြိတ် မေ ၂၁

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များအနက် ဖွံ့ဖြိုးမှုအနည်းဆုံးမြို့နယ်ဖြစ်သည့် ကျွန်းစုမြို့နယ်အတွက် ကမ္ဘာ့ဘဏ်မှ ဒေါ်လာသန်း ၈၀ ထောက်ပံ့မှုဖြင့် ပညာရေး၊ ကျန်းမာရေးလုပ်ငန်း၊ လမ်းပန်းဆက်သွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ပြည်သူအခြေပြု ဖွံ့ဖြိုးရေးအမျိုးသား စီမံကိန်းလုပ်ငန်းညှိနှိုင်း အလုပ်ရုံဆွေးနွေးပွဲကို မေ ၂၂ ရက် နံနက် ၉ နာရီတွင် ကျွန်းစုမြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဝန်ကြီးများ၊ ကမ္ဘာ့ဘဏ်မှ Task Team Leader ဖြစ်သူ Mr.Markus Kostner နှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ အဆင့်မြင့်အရာရှိများ၊ မြိတ်ခရိုင်နှင့်ကျွန်းစုမြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ NGO/INGO များ၊ အုပ်ချုပ်ရေးမှူးများ တက်ရောက်ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

ထိုအစည်းအဝေးတွင် ကျွန်းစုမြို့နယ်၏ ပကတိအခြေအနေများ၊ ဖွံ့ဖြိုးရေးအစီအမံများနှင့် စီမံကိန်းအတွက် ကြိုတင်ပြင်ဆင်ရန်အသေးစိတ် ညှိနှိုင်းဆွေးနွေးမည်ဖြစ်ကြောင်း တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ကျွန်းစုမြို့နယ်အား တနင်္သာရီတိုင်းဒေသကြီးအတွင်း ဖွံ့ဖြိုးမှုအနည်းဆုံးအဖြစ် ရွေးချယ်သတ်မှတ်မှုကို ပြီးခဲ့သည့် ဖေဖော်ဝါရီ ၂၇ ရက်က ကျင်းပခဲ့သည့် တနင်္သာရီတိုင်းဒေသကြီး ပြည်သူအခြေပြုဖွံ့ဖြိုးမှုစီမံကိန်းဆောင်ရွက်မည့် မြို့နယ်ရွေးချယ်အကြံပေးခြင်းအခမ်းအနားတွင် ရွေးချယ်သတ်မှတ်ခဲ့ကြောင်း သိရသည်။

အဆိုပါ စီမံကိန်းကို ၂၀၁၃ မှ ၂၀၁၅ အထိ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး CDD Project (ဒေသတွင်း လူထုဖွံ့ဖြိုးမှုစီမံကိန်း)မှတစ်ဆင့် ဒေါ်လာသန်း ၈၀ ကို ပြည်သူများသုံးစွဲရန်အတွက် ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ရဲထွန်း**

Licence No - 17/13/2010

Treasure For Life Co., Ltd

Local Service Only

1. Sales and Marketing Male/Female 3 Posts
   - Minimum of two years' experience in Sales & Marketing field (Especially in Skin Care & Cosmetics).
   - Must have pleasant personality and good communication skill.
2. Japanese Translator Male/Female 1 Post
   - Any Graduate, At least Japanese Level (2). Computer literate.
   - Must have good presentation and organization skill.

Applicants must apply with CV copies of education certificate, experience certificate and passport size color photograph within 3 months, copy of NRC, Labor registration card and recommendation from police force to the above address not later than (27-05-2013)

Interview Date ; 29-5-2013 (10:00 AM)

Interview Address ; Room 9/B, Building-67 / C, 9th Floor, Yuzana Condo, Koh Min Koh Chin Road, Bahan Tsp, Yangon

ပျောက်ဆုံးကြောင်း

ကျွန်မ မမိုးမိုးဇော်၏ပတ်စ်ပို့စ်ပါတ် M-၄၈၄၉၅၂ သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၀၄၅၀၆၆

ဖခင်အမည်မှန်

ရွှေပြည်သာမြို့နယ်၊ အမှတ်(၁၁)ရပ်ကွက်၊ အောင်စိုးမိုး ၂လမ်း၊ အမှတ် ၈၃၀/က တွင် နေထိုင်သော မဆန်းသီရိကျော်၊ မအေးသီရိကျော်၊ မပိုးသီရိကျော်နှင့် မောင်ရဲနောင်ကျော်တို့၏ ဖခင်အမည်မှန်မှာ ဦးတင်လှိုင်ဦး ၁၂/ရပသ(နိုင်)၀၃၁၃၆၅ ဖြစ်ပါကြောင်း။

ဦးတင်လှိုင်ဦး ၁၂/ရပသ(နိုင်)၀၃၁၃၆၅

ဇနီးအဖြစ်မှ စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ သံတံတားလမ်း၊ အမှတ် ၅၂ ငါးလွှာနေ ကျွန်တော် ဦးဘသိန်း ၁၂/စခန(နိုင်)၀၃၁၆၃၈သည် ဇနီး ဒေါ်တင်တင်ဝင်း ၁၂/စခန(နိုင်)၀၃၁၆၃၇နှင့် စိတ်သဘောထားချင်းတိုက်ဆိုင်မှုမရှိသည့်အပြင် အမျိုးမျိုးစိတ်ဆင်းရဲဒုက္ခရောက်အောင်လုပ်ပြီး နေအိမ်မှ မိမိဆန္ဒအလျောက် သားသမီးများပစ်၍ ဆင်းသွားပါသဖြင့် ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၄င်းနှင့်ပတ်သက်ပြီးကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ

ဦးဘသိန်း ၁၂/စခန(နိုင်)၀၃၁၆၃၈

[illegible] (May 23)

[illegible] Ph : 241863, 380141, 09-43043109

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ စစ်ကိုင်းခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပြည်ထောင်စု/တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် လမ်းလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သည့် လမ်းခင်းပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ကျောက်အမျိုးအစား	အရေအတွက်
၁	(က) ခွဲကျောက်မျိုးစုံ	၁၃၆၆ ကျင်း
	(ခ) ဂျင်းမြေ	၃၃၂ ကျင်း

တင်ဒါလျှောက်လွှာပိတ်ရက် - ၅-၆-၂၀၁၃ရက်

တင်ဒါလျှောက်လွှာပိတ်မည့်အချိန် - ညနေ ၅နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၂၂- ၅-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ဖုန်း-၀၇၂-၂၂၂၃၄

အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်၊ ဗန္ဓုလလမ်း၊ အမှတ် ၂၂၄ နေ ကျွန်တော်မောင်မင်းဇော်ဦး ၁၂/ဆကခ(နိုင်)၀၁၆၀၈၈နှင့် မခင်သန္တာဦး ၁၂/သဃက(နိုင်)၁၄၅၆၈၈ (မြန်မာနိုင်ငံဗဟိုဘဏ်)တို့သည် ၁၈-၂-၂၀၁၀ရက်တွင် သင်္ဃန်းကျွန်းမြို့နယ် တရားရုံး၌ နှစ်ဦးသဘောတူ လက်မှတ်ထိုးထားပြီး ကျွန်တော်၏တရားဝင်ဇနီးဖြစ်ကြောင်း ကြေညာအပ်ပါသည်။

မောင်မင်းဇော်ဦး ၁၂/ဆကခ(နိုင်)၀၁၆၀၈၈

နှစ် (၃၀) ပြည့် မင်္ဂလာဆောင်

[illegible]

ချစ်သမီးကြီး - [illegible] (LL.B)

ချစ်သားကြီး - ဒေါက်တာ [illegible]

ချစ်သားငယ် - [illegible] (FinalYear)(Hist)

ကန့်ကွက်နိုင်ပါသည်။

[illegible]

ပြည်တွင်းသတင်း

ကုလသမဂ္ဂဆိုင်ရာ လုပ်ငန်း ဝန်ဆောင်မှုရုံး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် မေ ၂၁

ကုလသမဂ္ဂဆိုင်ရာ လုပ်ငန်းဝန်ဆောင်မှုရုံး (ယူအင်န်အိုပီအက်စ်)မှ ပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပရာ (ယူအင်န်အိုပီအက်စ်)မှ ညွှန်ကြားရေးမှူး Mr. Ricardo Vargas က ဟောပြောပို့ချခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲ၏ ရည်ရွယ်ချက်မှာ စီမံချက် စီမံခန့်ခွဲရေးဆိုင်ရာ တာဝန်ရှိသူသည် ဝန်ထမ်းများအတွက် စီမံကိန်းများ၊ စီမံခန့်ခွဲခြင်း၊ စီမံခန့်ခွဲရာတွင် အကျိုးဖြစ်ထွန်းအောင်မြင်စေရေးဖြစ်ပြီး ဝန်ကြီးဌာန ၁၂ ခုမှ သင်တန်းသား ၁၂၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ရပ်ကွက်လုံးကျွတ် ပိုးလောက်လမ်းဆေးခတ်နှိမ်နင်း

မော်လမြိုင် မေ ၂၁

မော်လမြိုင်မြို့နယ်တွင် သွေးလွန်တုပ်ကွေးရောဂါ ထိန်းချုပ်ခြင်းလုပ်ငန်းကို ဖက်တန်းနှင့်ကျောက်တန်းရပ်ကွက်များ၌ ပြည်နယ်ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးကျင်ဖေ၊ ပြည်နယ်အစိုးရ လူမှုရေးဝန်ကြီး ဒေါက်တာလှဦး၊ မွန်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းထွန်းအောင်နှင့် ပြည်နယ်ငှက်ဖျား ဆရာဝန်ကြီး ဒေါက်တာ ဉာဏ်ဆင့်တို့၏ ဦးဆောင်မှုဖြင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့အစည်းဝင်များ၊ ကရုဏာစမ်းရေ လူမှုရေးအဖွဲ့ဝင်များနှင့် ပြည်သူ စုစုပေါင်း ၂၇၃ဦးက အိမ်ခြေ ၂၄၁၆ အိမ်တွင် ကျန်းမာရေးအသိ ပညာပေးခြင်း၊ ပိုးလောက်လမ်းနှိမ်နင်းရေး(ဖုံး၊ သွန်၊ လဲ၊ စစ်) ဆောင်ရွက်ခြင်း၊ ပိုလောက်လမ်းသတ်ဆေး (Abate) အဘိတ်ဆေးခတ်ခြင်းတို့ကို မေ ၁၉ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(ပြည်နယ်ကျန်းမာရေး)**

ဖုန်းတွေများလာ အင်တာနက်တွေ ချိတ်ထားကြသော်လည်း လေးနာရီထက် ပိုမသုံးသင့်

ရန်ကုန် မေ ၂၁

မိုဘိုင်းဖုန်းများ ပိုမိုသုံးစွဲလာမှုနှင့်အတူ အင်တာနက်လျှောက်ထားအသုံးပြုသူ မြင့်တက်လာသော်လည်း အများစုမှာ အသုံးပြုနေရင်း hardware ပိုင်းဆိုင်ရာ ပျက်စီးမှုများ ကြုံတွေ့နေရကြောင်း တာမွေလမ်းရှိ မိုဘိုင်းဖုန်းရောင်းဝယ်ရေး ဆိုင်များထံမှ သိရသည်။

ပြောပြ

"အင်တာနက်ကို ဖုန်းနဲ့သုံးစွဲသူတွေများလာပြီး ဆက်တိုက်သုံးစွဲတာတွေများလာတော့ ဖုန်းထဲက ဘက်ထရီနဲ့ ချစ်ပ်တွေက မခံနိုင်ဘဲ ပျက်စီးရတာပါ။ အများဆုံး ပျက်တာက ဝိုင်ဖိုင်စနစ်သုံးမရတာ။ ဘက်ထရီလောင်တာနဲ့ Touch Screen ရဲ့နေရာအချို့ မဖတ်နိုင်တော့တာမျိုးတွေ ဖြစ်တတ်တယ်။ ဆက်တိုက် အင်တာနက်မသုံးသင့်ပါဘူး"ဟု လူကြီးမင်းမိုဘိုင်းမှ မိုဘိုင်းဖုန်းပြုပြင်သူတစ်ဦးက ပြောပြသည်။

ထို့အပြင် အင်တာနက်သုံးစွဲမှုများလာ၍ အင်တာနက်လိုင်းအားနည်းချိန်တွင် ဆက်တိုက်အသုံးပြုလျက်ရှိသည့် မိုဘိုင်းဖုန်းများ အပျက်အစီးအများဆုံး ဖြစ်နေကြောင်း သိရသည်။

"လိုင်းက မကောင်းတာကို အတင်းအသုံးပြုနေမယ်ဆိုရင် ဖုန်း Network ရဖို့ အလုပ်ပိုလုပ်ရတော့ စက်က အလွန်ပူလာတတ်ပါတယ်။ တာဝါတိုင်တွေကလွှင့်ပေးတဲ့ Frequency က မငြိမ်ဘဲ လိုင်းအတင်းဆွဲတဲ့အတွက် ဖုန်းကလုပ်ငန်းဆောင်တာစနစ်ပျက်စီးရတယ်။ သရီးဂျီစနစ်အသုံးပြုတဲ့ ဖုန်းတွေဆိုရင် ပိုပြီးပျက်တာလွယ်တယ်"ဟု ကျော်ကျော် (Calling Master Mobile) မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဟန်းဆက်အရည်အသွေးမြင့်များ၌ အင်တာနက်အသုံးပြုမှုတွင် ပျက်စီးမှု နည်းပါးသော်လည်း တရုတ်နိုင်ငံထုတ် ဟန်းဆက် အများစုတွင်မူ အပျက်အစီးအလွန် များလာကြောင်း သိရသည်။

"ဖုန်းနဲ့ အသုံးပြုမယ်ဆိုရင် အများဆုံး လေးနာရီထက်ပိုပြီး အင်တာနက် ဖွင့်မထားသင့်ပါဘူး။ အကောင်းဆုံးကတော့ Modem ခံပြီး သုံးသင့်ပါတယ်။ လိုင်းတွေက ကျပ်နေပြီဆိုရင် အင်တာနက်အသုံးပြုတာကို ရပ်နားထားသင့်ပြီး Download ၊ Upload လုပ်တာတွေကိုလည်း ဆက်တိုက်အများကြီး ဖုန်းနဲ့ တစ်ဆင့်မလုပ်သင့်ပါဘူး။ ဖုန်းက အလွန်ကြာလို့ ပူလာရင် Chips က ခံကြွပြီး အစိတ်အပိုင်းအလိုက် ပူလာတဲ့အတွက် Function တွေပျက်ရတယ်"ဟု လူကြီးမင်းမိုဘိုင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ အင်တာနက်ကို အချိန်ကြာမြင့်စွာသုံးစွဲခြင်းကြောင့် ပျက်စီးရခြင်းများတွင် အများဆုံးဖြစ်သည့် Wifi စနစ်၊ Bluetooth စနစ်များ ပျက်စီးပါက ငွေကျပ်သုံးသောင်းမှ ခြောက်သောင်းအထိပေးရပြီး အခြားပြုပြင်မှုများတွင်လည်း ငွေကျပ်တစ်သောင်းမှ ရှစ်သောင်းအထိ ပြုပြင်ရမှုများ ရှိကြောင်း သိရသည်။ **ခင်ရတနာ**

ပညာပေးဟောပြော

လယ်ဝေး မေ ၂၁

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် အလယ်ကျွန်းကျေးရွာအုပ်စု လက်ပံတန်းကျေးရွာတွင် မွေးမြူရေးနှင့် သား၊ ငါးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး အသိပညာပေး ဟောပြောပွဲကို မေ ၁၈ ရက် မွန်းလွဲ ၂ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဒက္ခိဏခရိုင်မွေး/ကုဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ ညီညီလွင်က အမှာစကားပြောကြားပြီး လယ်ဝေးမြို့နယ် မွေး/ကုဌာန ဦးစီးမှူး ဒေါက်တာ အောင်သူထွန်းနှင့် ဒုတိယဦးစီးမှူး ဒေါက်တာကိုကိုစမ်းမောင်တို့က ကျွဲ၊ နွားများတွင် ဖြစ်ပွားတတ်သော ကူးစက်ရောဂါများနှင့် ကာကွယ်ဆေးထိုးခြင်း၏ အကျိုးကျေးဇူးများ အကြောင်း၊ မေထုံမွဲသားစပ်ခြင်းလုပ်ငန်း အခမဲ့ဆောင်ရွက်ပေးခြင်းနှင့် နို့စားနွားမွေးမြူရေးတို့ကို ရှင်းလင်းပြောကြားပြီး မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးအုန်းသန်းက ငါးမွေးမြူရေးလုပ်ငန်းအကြောင်းကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရှိရသည်။ **ကိုကိုရှူပ(နေပြည်တော်)**

MNL ပြိုင်ပွဲများ ခေတ္တရပ်နား

ရန်ကုန် မေ ၂၁

MNL Myanmar 2013 အမှတ်ပေးဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ် ၁၂ ဖြစ်သည့် နေပြည်တော်အသင်းနှင့်ဆောက်သမ်းအသင်းတို့သည် မေ ၁၉ ရက် ညနေ ၆ နာရီက NPT ကွင်း၌ ယှဉ်ပြိုင်ကစားရာ နေပြည်တော်အသင်းက သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

နေပြည်တော်အသင်းမှ မာဒန်ဂူ၏ ဂိုးသွင်းရန် ကြိုးပမ်းမှုကို ဆောက်သမ်းဂိုးသမား ပြည့်ဖြိုးအောင် ကာကွယ်နေစဉ်။

နေပြည်တော်-သုံးဂိုး
(မာဒန်ဂူ-နှစ်ဂိုး၊ မင်းမင်းထွန်း-တစ်ဂိုး)
ဆောက်သမ်း-ဂိုးမရှိ

ရလဒ်ကောင်းများ ဆက်တိုက်ရရှိနေသည့် နေပြည်တော်အသင်းသည် အိမ်ကွင်း၌ အမှားအယွင်းမရှိ ကစားကာ ဂိုးပြတ်နိုင်ပွဲရယူနိုင်ခဲ့သည်။ မော်ထက်အောင်၊ မာဒန်ဂူ၊ ဘိုနေးဂျောင်း၊ မာရှယ်တို့ဖြင့် လူစုံအသုံးပြုခဲ့သည့် နေပြည်တော်အသင်းမှာ အိမ်ကွင်း၌ ဆောက်သမ်းအသင်းကို ခြေအသာဖြင့် ကစားနိုင်ခဲ့သည်။ နေပြည်တော်တိုက်စစ်တွင် ခြေစွမ်းပြကစားနေသည့် မာဒန်ဂူက ၃၂ မိနစ်နှင့် ၃၈ မိနစ်တို့တွင် နှစ်ဂိုးဆက်တိုက်သွင်းယူခဲ့သည်။ နေပြည်တော်အတွက် တတိယအနိုင်ဂိုးကို ၆၆ မိနစ်တွင် မင်းမင်းထွန်းက သွင်းယူပေးခဲ့သည်။

ပွဲစဉ် ၁၂ အပြီးတွင် ကမ္ဘောဇအသင်း၊ ဧယျာဝတီရွှေမြေအသင်းနှင့် နေပြည်တော်အသင်းတို့က ၂၄ မှတ်စီ၊ လက်ရှိချန်ပီယံ ရန်ကုန်အသင်းက ၂၃ မှတ်၊ မကွေးအသင်းနှင့်ဧရာဝတီအသင်းတို့က ၂၀ မှတ်စီရရှိထားသည်။ MNL ပြိုင်ပွဲကို ဆီးဂိမ်းပြိုင်ပွဲဝင်မည့် မြန်မာယူ-၂၃ အသင်း၏ ခြေစစ်ပွဲများကြောင့် ခေတ္တရပ်နားမည်ဖြစ်ပြီး ဇွန် ၁၅ ရက်တွင် ပြန်လည်ကျင်းပမည်ဖြစ်သည်။

သတင်း-ဖိုးသော်ဇင်
ဓာတ်ပုံ-စိုးညွှန့်

နေ့ညမဟူ သတိမူ ရန်သူ မီး ကိုသာ

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

မန္တလေးမြို့၊ ၃၄×၃၅ လမ်း၊ ၆၅×၆၆ လမ်း၊ သီရိရိပ်သာ(၂)နေ ဦးစံငြိမ်း-ဒေါ်ခင်မြင့် (အလပြ၊ ငြိမ်း၊ မိုးကောင်းမြို့)တို့၏ သား
ဒေါက်တာချမ်းငြိမ်း B.D.S (Mdy) (First Year M.D.Sc)
(အထွေထွေရောဂါကုဆေးရုံကြီး၊ မန္တလေးမြို့)
နှင့်
ပခုက္ကူမြို့၊ အမှတ်(၉)ရပ်ကွက်၊ လမ်းမတော်လမ်းနေ
ဦးနေလ (တရားလွှတ်တော်ရှေ့နေ)-ဒေါ်ခင်ဆွေပိုင်
(နေလ ဆန်ရောင်းဝယ်ရေး)တို့၏ သမီးကြီး
ဒေါက်တာအေးစုမွန် B.D.S (Mdy) (First Year M.D.Sc)
(ပြည်သူ့ဆေးရုံ၊ နွားထိုးကြီးမြို့)

တို့၏ ၁၁-၅-၂၀၁၃ ရက်(စနေနေ့)တွင် ပခုက္ကူမြို့ မဟာဝိသုတာရာမ ကျောင်းတိုက် (အလယ်တိုက်)၌ ကျင်းပသော မင်္ဂလာဦးဆွမ်းကျွေးဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဆွေမျိုးမိတ်သင်္ဂဟတို့အား လည်းကောင်း၊ ၁၈-၅-၂၀၁၃ ရက်(စနေနေ့)တွင် မန္တလေးမြို့၊ Oriental House ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာလက်ထပ်လက်စွပ်ချီးမြှင့်ပေးပါသော သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(မန္တလေး)ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာရွှေတိုးနှင့်ဇနီး ဒေါက်တာမြတ်လေးကို၊ ကြွရောက်ချီးမြှင့်ပေးပါသော ပါမောက္ခ ဌာနမှူးများ၊ ဆရာဝန်ကြီးများ၊ ဆရာ ဆရာမများ၊ ဂုဏ်သရေရှိ လူကြီးမင်းများ၊ နှစ်ဖက်ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား လှိုက်လှိုက်လှဲလှဲ ကျေးဇူးဥပကာရ တင်ရှိအပ်ပါသည်။

နှစ်ဖက်မိဘများနှင့်
ဒေါက်တာချမ်းငြိမ်း-ဒေါက်တာအေးစုမွန်

ပြည့်ဝစေတီတော် စိန်ဖူးတော် တင်လှူပူဇော်ပွဲ

၁၃၄၃ ခုနှစ်တွင် အရှင်ဇေယျာသိဒ္ဓိမဟာဉာဏကဗျ ရွှေပေါ်ကျွန်းဆရာတော်ကြီး ပြန်လည်ပြုပြင်တည်ထားတော်မူခဲ့သော မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ သုံးထောင့်အိုင်ကျေးရွာအုပ်စု၊ ကျင်းရွာ ရွာဦးရှိ ပြည့်ဝစေတီတော်မြတ်ကြီးအား ကဆုန်လပြည့်ကျော် ၃ ရက်၊ ၂၇-၅-၂၀၁၃ရက် (တနင်္လာနေ့)တွင် စိန်ဖူးတော်အသစ်တစ်ဖန် တင်လှူပူဇော်မည်ဖြစ်ပါသောကြောင့် အနယ်နယ်အရပ်ရပ်ရှိ ရွှေပေါ်ကျွန်း ဝေနေယျများ၊ ပါရမီရှင်များ ကုသိုလ်တော်ပါဝင်နိုင်ကြစေရန် အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်းအပ်ပါသည်။

ဖုန်း-၀၉-၂၁၆၅၃၄၈ **ပြည့်ဝစေတီတော်ဂေါပကအဖွဲ့**

ကျေးဇူးဆပ်ပါမည်

မောင်မြင့်ခိုင် ၇/လပတ(နိုင်)၁၂၃၁၉၉ ၏ နိုင်ငံကူးလက်မှတ်စာအုပ်အမှတ် PP-၈၁၇၁၉၉ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၉၂၇၇၆၈၆

ကျေးဇူးဆပ်ပါမည်

မမူယာ ၁၂/သကတ(နိုင်)၁၆၄၂၉၇ ၏ နိုင်ငံကူးလက်မှတ်စာအုပ်အမှတ် A-၁၇၂၃၅၆ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၃၁၀၅၀၁၉၀

ဖခင်အမည်မှန်

ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် အင်္ဂလိပ်စာ တတိယနှစ်မှ မအိအိအေး ၁၀/သထန(နိုင်)၁၇၆၉၂၃၏ ဖခင်အမည်မှန်မှာ ဦးကျော်ဝင်း ၁၃/ကလန(နိုင်)၀၁၄၄၁၃ ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးကျော်ဝင်း

အမည်ဖြည့်စွက်ခေါ်ပါရန်

ရန်ကုန်မြို့၊မရမ်းကုန်းမြို့နယ်၊အမှတ် (၁)ရပ်ကွက်၊ (၈)လမ်း၊ အိမ်အမှတ် (၃/က)တွင် နေထိုင်သူ ဦးဖော်စင်ဖော်၏သား ဦးခွေးကောင် ၁၂/ဥကတ(နိုင်) ၁၃၃၂၉၅ အား ဦးခွေးကောင်(ခ)ဦးလှကြည်ဟု အမည်ဖြည့်စွက်ခေါ်ပါရန်။

(၂၇)နှစ်မြောက် မင်္ဂလာဆုတောင်း

ချစ်ဖေဖေ ဗိုလ်မှူးကြီးမြင့်အောင်သန်း-ချစ်မေမေ ဒေါ်မြတ်မြတ်မိုးတို့၏ ၂၂-၅-၂၀၁၃ ရက်တွင် ကျရောက်သော (၂၇)နှစ်မြောက် မင်္ဂလာရက်မြတ်မှ ရတုဆက်ဆက်တိုင်အောင် ချစ်သားသမီး၊ ချစ်မြေးများနှင့် စိတ်ချမ်းသာ၊ ကျန်းမာစွာဖြင့် တိုင်းပြည်တာဝန်များ၊ လောကီလောကုတ္တရာအကျိုး ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ချစ်သားသမီး - **မအေးစန္ဒာကျော်**
မောင်သူရမြင့်-မအေးမိုးဖြူ
ချစ်မြေး - **Hazel**
N.T,J.N

အများသိစေရန် သတိပေးကြေညာခြင်း

ဦးအောင်လွင် ၁၂/ကတတ(နိုင်)၀၂၀၄၄၅နှင့် ဒေါ်ချောကလျာတင် ၁၂/ကတတ(နိုင်)၀၀၂၁၇၉တို့၏သမီး မသီတာအောင် ၁၂/ဗတထ(နိုင်)၀၃၉၉၂၅ သည် ၁၈-၅-၂၀၁၃ရက် ည ၅း၃၀ နာရီတွင် နေအိမ်မှအပြင်သို့သွားရာ ယနေ့တိုင်ပြန်ရောက်လာခြင်းမရှိဘဲ ပျောက်ဆုံးနေပါသည်။

သမီးဖြစ်သူ မသီတာအောင်အား မိဘများမှ လွန်စွာစိတ်ပူနေသဖြင့် အမြန်ဆုံးပြန်လာပါ။ သတင်းပေးသူအား ထိုက်တန်စွာ ကျေးဇူးဆပ်ပါမည်။ မသီတာအောင်အား သွေးဆောင်ဖြားယောင်း လက်ခံထားသူများအား တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဦးအောင်လွင်-ဒေါ်ချောကလျာတင်
ဖုန်း-၀၁-၃၈၀၂၇၉၊ ၀၉-၅၀၁၅၃၉၆၊ ၀၉-၇၃၀၅၀၇၉၉

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗျိုင်းရွာမရပ်ကွက်၊ ကျိုက္ကဆံလမ်း၊ အမှတ် ၂၀၉ ဘီ၊ ဒုတိယထပ်(ငါး၊ ခြောက် ဟောင်ကောင်နှစ်လွှာ)၊ အလယ်ခန်း၊ (အလျားပေ ၅၀×အနံ ၁၂၁/၂ပေ) ရှိသော တိုက်ခန်းအပါအဝင် ၎င်းတိုက်ခန်းနှင့်စပ်လျဉ်းသည့် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ဦးမျိုးသန့် ၆/တဂန(နိုင်)၀၈၁၈၅၅ က လက်ဝယ်ထားရှိ ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်မ ဒေါ်သဉ္ဇာထွန်း ၁၂/ဥကတ(နိုင်)၁၃၈၁၉၆က အဆိုပါ တိုက်ခန်းနှင့် အကျိုးခံစားခွင့်တို့အား အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ဦးမျိုးသန့်အားပေးချေပြီးဖြစ်၍ ဤအရောင်းအဝယ်ကိစ္စကိုကန့်ကွက်မည့်သူရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်မဒေါ်သဉ္ဇာထွန်းထံသို့ ယနေ့မှစ၍ ခုနစ်ရက်တွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဤတိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ အပြီးတိုင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်သဉ္ဇာထွန်း
၁၂/ဥကတ(နိုင်)၁၃၈၁၉၆
ဖုန်း-၀၉-၅၀၅၁၆၁၂

အားကစားနှင့် ပျော်ရွှင်ဖွယ်ရာ

မန်ယူရဲ့ အာရှဘောလုံးပွဲစဉ်များ လာတော့မည်

၂၀၁၂-၂၀၁၃ ပရီမီယာလိဂ် ဘောလုံးရာသီပွဲစဉ်တွေ ပြီးဆုံးသွားခဲ့ပြီဖြစ်ပါတယ်။ ဒီနှစ်ပရီမီယာလိဂ်ဖလားကို ရယူသွားခဲ့တဲ့ မန်ယူနည်းပြ ဖာဂူဆန်လည်း နည်းပြတာဝန်က အနားယူခဲ့ပြီဖြစ်ပါတယ်။ မန်ယူအသင်းမှ အနားယူမယ့် ဘောလုံးသမားတွေ၊ အသင်းပြောင်းရွှေ့မယ့် ဘောလုံးသမားတွေနဲ့ အသစ်ခေါ်ယူအားဖြည့်မယ့် ဘောလုံးသမားကိစ္စတွေကို စတင်စီစဉ်နေပြီဖြစ်ပါတယ်။

ဒီနှစ်ဘောလုံးရာသီကုန်ဆုံးခဲ့ပြီဖြစ်လို့ မန်ယူအသင်းဟာ နွေရာသီကာလမှာ နိုင်ငံတကာချစ်ကြည်ရေးခရီးစဉ်တွေကစားဖို့ အစီအစဉ်ရှိနေပါတယ်။ ဒီလိုခရီးစဉ်တွေကို နှစ်စဉ်ဘောလုံးရာသီပြီးဆုံးတဲ့အချိန် နွေရာသီကာလမှာ ကြိုတင်စီစဉ်ထားတဲ့အတိုင်း နိုင်ငံတကာကို လှည့်လည်ပြီး ချစ်ကြည်ရေးဘောလုံးပွဲတွေ ကစားခြင်းဖြစ်ပါတယ်။

မန်ယူအသင်းကို နိုင်ငံတကာပရိသတ်တွေရဲ့အာရုံစိုက်မှုနဲ့ အားပေးမှုပိုမိုရရှိရေး၊ အဲဒီနိုင်ငံတွေရဲ့ ဘောလုံးသမားတွေအနေနဲ့ အတွေ့အကြုံကောင်းတွေ ရရှိစေဖို့အပြင် ဘောလုံးလောက တိုးတက်မြင့်မားရေးအတွက် အထောက်အကူပြုတဲ့အနေနဲ့ အခုလိုချစ်ကြည်ရေးပွဲတွေ ကစားခြင်းဖြစ်ပါတယ်။

ဒီနှစ်နွေရာသီမှာ မန်ယူရဲ့ ချစ်ကြည်ရေးဘောလုံးပွဲစဉ်တွေကို ကြည့်ရင် ပထမဆုံးအနေနဲ့ ထိုင်းနိုင်ငံကို သွားရောက်ပြီး ဇူလိုင် ၁၃ ရက်မှာ ထိုင်းကလပ်အသင်းတစ်သင်းဖြစ်တဲ့ ဆင်းဟာအောစတား -၆ အသင်းနဲ့ ဗန်ကောက်မြို့မှာရှိတဲ့ ရာဇမင်္ဂလာ ဘောလုံးကွင်းမှာ ယှဉ်ပြိုင်ကစားမှာဖြစ်ပါတယ်။ အဲဒီဘောလုံးကွင်းမှာ ကစားမယ့်ပွဲအတွက် လက်မှတ်တွေ အားလုံးရောင်းချထားပြီး ဖြစ်ပါတယ်။

အဲဒီပွဲပြီးရင် မန်ယူအသင်းဟာ ဩစတြေးလျနိုင်ငံကို သွားရောက်မှာဖြစ်ပြီး ဆစ်ဒနီမြို့ အေအင်န်စက်အားကစားကွင်းမှာ ဩစတြေးလျကလပ် အသင်းတစ်သင်းဖြစ်တဲ့ A-League All Stars အသင်းနဲ့ ဇူလိုင် ၂၀ ရက်မှာ ကစားမှာဖြစ်ပါတယ်။ အဲဒီပွဲအတွက် ကနဦးလက်မှတ် သုံးပုံနှစ်ပုံကို ရောင်းချခဲ့ပြီး လာမယ့်ဇွန်လမှာ ကျန်တဲ့လက်မှတ်တွေ ဆက်လက်ရောင်းချမှာဖြစ်ပါတယ်။

အဲဒီပွဲပြီးရင် မန်ယူအသင်းဟာ ဂျပန်နိုင်ငံကို ဆက်လက်ခရီးထွက်မှာဖြစ်ပါတယ်။ ဂျပန်နိုင်ငံ ယိုကိုဟားမားမြို့ရဲ့ နီဆန်အားကစားကွင်းမှာ ဇူလိုင် ၂၃ရက်မှာ Yokohama F. Marinos အသင်းနဲ့ ကစားဖို့ရှိနေပြီး အဲဒီပွဲအတွက် လက်မှတ်တွေလည်း အကုန်ရောင်းချထားပြီးဖြစ်ပါတယ်။

ဆက်လက်ပြီး ဇူလိုင် ၂၆ ရက်မှာ ဂျပန်နိုင်ငံ အိုဆာကာမြို့ရဲ့ အိုဆာကာနာဂါ အားကစားကွင်းမှာ စီရီဇိုအိုဆာကာအသင်းနဲ့ ချစ်ကြည်ရေးပွဲ ကစားမှာဖြစ်ပါတယ်။ အဲဒီဘောလုံးပွဲအတွက် လက်မှတ်တွေကတော့ ရောင်းချနေဆဲဖြစ်ပါတယ်။

မန်ယူအသင်းဟာ ဂျပန်နိုင်ငံကတစ်ဆင့် ဟောင်ကောင်ကို ဆက်လက်သွားရောက်ပြီး ဟောင်ကောင်အားကစားရုံမှာ Kitchee F.C အသင်းနဲ့ ဇူလိုင် ၂၉ ရက်မှာ ချစ်ကြည်ရေးပွဲကစားမှာဖြစ်ပါတယ်။ အဲဒီဘောလုံးပွဲအတွက် လက်မှတ်တွေကတော့ရောင်းချနေဆဲဖြစ်ပါတယ်။

ဒါကြောင့် အာရှနိုင်ငံတွေကို ချစ်ကြည်ရေးဘောလုံးပွဲ ကစားဖို့ အစီအစဉ်တွေဟာ မန်ယူအသင်းအပေါ် အာရှပရိသတ်တွေအားပေးမှု မြင့်တက်လာအောင် ဆွဲဆောင်နိုင်မယ့် ခရီးစဉ်လည်း ဖြစ်ပါတယ်။ ။

မိုးမြင့်လင်းလက်

အီဘရာဟင်မိုဗစ်အကောင်းဆုံးဘောလုံးသမားဆုရ

ပီအက်စ်ဂျီတိုက်စစ်မှူး ဇလက်တန်အီဘရာဟင်မိုဗစ်ကို ယခုနှစ် ပြင်သစ် ပထမတန်းအကောင်းဆုံးဘောလုံးသမားအဖြစ် ရွေးချယ်လိုက်သည်။ အသက် ၃၁ နှစ်ရှိ အီဘရာဟင်မိုဗစ်သည် ယခုနှစ်ရာသီအတွင်း ပီအက်စ်ဂျီအသင်းတွက် ၂၉ ဂိုးသွင်းယူပေးခဲ့ပြီး အသင်းကို ၁၉၉၄ ခုနှစ်နောက်ပိုင်း ပထမဆုံး ပြင်သစ်ဖလားဆွတ်ခူးပေးခဲ့သည်။ ယခုနှစ်ရာသီအကောင်းဆုံး ဂိုးသမားဆုကို ဆယ်ဗာတိုးဆင်ဂုကဆွတ်ခူးပြီး အကောင်းဆုံးနည်းပြအဖြစ် အန်ဆယ်လော့တီကို ချီးမြှင့်ခဲ့သည်။ အီဘရာဟင်မိုဗစ်သည် အေစီမီလန်မှ ပေါင် ၁၅ ဒသမ ၇ သန်းဖြင့် ပီအက်စ်ဂျီသို့ ရောက်ရှိလာ ခြင်းဖြစ်သည်။

မော်ရင်ဟို ရီးရဲမှထွက်ခွာရန် အတည်ပြု

ရီးရဲမက်ဒရစ်နည်းပြ မော်ရင်ဟိုသည် ယင်းအသင်းကို သုံးနှစ်ကြာကိုင်တွယ်ခဲ့ပြီးနောက် လာမည့်လတွင် အသင်းမှထွက်ခွာမည်ဖြစ်ကြောင်း ရီးရဲမက်ဒရစ်က ကြေညာလိုက်သည်။ ချယ်လ်ဆီးသို့ပြန်ရန် ဆက်သွယ်ထားသော အသက် ၅၀ရှိ မော်ရင်ဟိုသည် ရီးရဲမက်ဒရစ်သို့ရောက်ရှိစဉ် စပိန်လာလီဂါဖလားနှင့် ကိုပါဒယ်ရေးဖလားများကို ဆွတ်ခူးပေးနိုင်ခဲ့သည်။

ဒေးဗစ်မိုယက်စ် မန်ယူနှင့် ဆွေးနွေး

ဒေးဗစ်မိုယက်စ်သည် မန်ယူကစားသမားများနှင့်လည်းကောင်း၊ မန်ယူတာဝန်ရှိသူများနှင့် လည်းကောင်း စတင်တွေ့ဆုံဆွေးနွေးနေပြီဖြစ်သည်။ ၎င်းသည် နည်းပြဖာဂူဆန်နှင့် အမှုဆောင်အကြီးအကဲ ဒေးဗစ်ဂေးလ်တို့နှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့သည်။ မိုယက်စ်သည် ဇူလိုင် ၁ ရက်နောက်ပိုင်း နည်းပြ ဖာဂူဆန်၏နေရာတွင် ဆက်ခံပြီး မန်ယူနည်းပြသစ် ဖြစ်လာမည်ဖြစ်သည်။

ကောင်းမြတ်သူ စုစည်းသည်

ပျောက်ဆုံး

ကျွန်တော် မောင်ဇေယျာဖြိုးဝေ၏ ၇၂၈၃၅၇ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဆက်သွယ်ပေးပါရန်။ ဖုန်း-၀၉-၄၂၀၁၇၇၅၁၀

အမည်ဖြည့်စွက်ခြင်း

တာချီလိတ်မြို့၊ မယ်ခေါင်ရပ်ကွက်နေ ဦးဆမ်၏သား ဦးစိုင်းဝိုက်အား ယနေ့မှစ၍ ဦးစိုင်းဝိုက်(ခ)ခမ်းအိုက် ၁၃/ကတန(နိုင်) ၀၀၅၃၁၉ ဟု ဖြည့်စွက်ခေါ်ပါရန်။
ဦးစိုင်းဝိုက်(ခ)ခမ်းအိုက်

မိတ္ထီလာမြို့ ပဋိပက္ခဖြစ်စဉ်၌ သံဃာတော်တစ်ပါးပျံလွန်တော်မူသည့်ကိစ္စနှင့် ပညာရေးမှူးရုံး မီးရှို့မှုကိစ္စတို့အား ထောင်ဒဏ်အသီးသီးချမှတ်

မိတ္ထီလာ မေ ၂၁

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့တွင် ၂၀၁၃ ခုနှစ် မတ် ၂၀ ရက်က စတင်ဖြစ်ပွားခဲ့သော ပဋိပက္ခဖြစ်စဉ်၌ သာစည်မြို့နယ် ဟံဇားကျေးရွာ မိုးကောင်းကျောင်းတိုက်မှ သံဃာတော် ဦးသောဘိတ ပျံလွန်တော်မူခဲ့သည့်ကိစ္စနှင့် ပညာရေးမှူးရုံး မီးရှို့မှုကိစ္စတို့အား အမှတ်(၂)ရဲစခန်း (ပ) ၇၆/၂၀၁၃ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂/၃၂၆/၄၃၆/၂၉၅-က/၁၁၄ ဖြင့် တရားခံ မျိုးညွန့်(ခ) မျိုးညွန့်ဦး(ခ)အွတ်စမန်၊ မျိုးထွန်း(ခ) မျိုးထွန်းညွန့် (ခ)စိုလိုင်မန်၊ ရရှိး(ခ) မျိုးဝင်း၊ ဖိုးချို (ခ)အီဗရာဟင်၊ ညီညီနိုင် (ခ)ရီစွတ်၊ အဏ္ဏဝါ(ခ)မြတ်ကိုကို၊ ဘာဂျေ(ခ)ဇော်သက်နိုင် ပေါင်းခုနစ်ဦးတို့အား ဖမ်းဆီးထိန်းသိမ်းထားခဲ့သည်။

အဆိုပါအမှုနှင့် ပတ်သက်၍ မိတ္ထီလာခရိုင်တရားရုံးက ဧပြီ ၂၂ ရက်မှ မေ ၂၀ ရက်အထိ စစ်ဆေးခဲ့ပြီး ခရိုင်တရားရုံးက တရားခံ အဏ္ဏဝါ(ခ)မြတ်ကိုကိုအား ပုဒ်မ ၃၀၂ (၂)အရ တစ်သက်တစ်ကျွန်း၊ ပုဒ်မ ၂၉၅-က အရ အလုပ်နှင့် ထောင်ဒဏ် နှစ်နှစ်၊ ပုဒ်မ ၁၄၄ အရ အလုပ်နှင့်ထောင်ဒဏ် နှစ်နှစ်တို့အား သီးခြားစီကျခံစေရန် လည်းကောင်း၊ မျိုးညွန့်(ခ)မျိုးညွန့်ဦး(ခ)အွတ်စမန်၊ မျိုးထွန်း(ခ)မျိုးထွန်းညွန့်(ခ)စိုလိုင်မန်၊ ဖိုးချို(ခ)အီဗရာဟင်တို့ သုံးဦးအား ပုဒ်မ ၃၀၂ (၂)/ ၁၁၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်၊ ပုဒ်မ ၂၉၅-က အရ အလုပ်နှင့်ထောင်ဒဏ် နှစ်နှစ်၊ ပုဒ်မ ၁၄၄ အရ အလုပ်နှင့်ထောင်ဒဏ် နှစ်နှစ်တို့အား သီးခြားစီ ကျခံစေရန်လည်းကောင်း၊ ရရှိး (ခ)မျိုးဝင်း၊ ဘာဂျေ(ခ) ဇော်သက်နိုင်တို့ နှစ်ဦးအား ပုဒ်မ ၁၄၄ အရ အလုပ်နှင့်ထောင်ဒဏ် နှစ်နှစ်စီကျခံစေရန် လည်းကောင်း ယနေ့တွင် ခရိုင်တရားရုံးက အမိန့်ချမှတ်လိုက်သည်။

အမိန့်ချမှတ်

ထို့အတူ မိတ္ထီလာမြို့နယ်တရားရုံးက တရားခံ ညီညီနိုင်(ခ)ရီစွတ်အား ပုဒ်မ ၃၀၂(၂)/၁၁၄ အရ ထောင်ဒဏ် ခုနစ်နှစ်၊ ပုဒ်မ ၂၉၅-က အရ ထောင်ဒဏ်နှစ်နှစ်၊ ပုဒ်မ ၅၀၅ (ခ)အရ ထောင်ဒဏ် နှစ်နှစ်ချမှတ်ခဲ့ပြီး အဆိုပါပြစ်ဒဏ် သုံးရပ်လုံးအား တစ်ပေါင်းတည်း ကျခံစေရန်လည်းကောင်း၊ ဖိုးချို (ခ) အီဗရာဟင်အား ပုဒ်မ ၄၃၆/၁၁၄ အရ အလုပ်နှင့်ထောင်ဒဏ်ခုနစ်နှစ်၊ ၁၉၄၇ ခုနှစ် ပြည်သူပိုင်ပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေ ၆(၁)/၉ အရ အလုပ်နှင့် ထောင်ဒဏ် ခုနစ်နှစ်တို့အား သီးခြားစီကျခံစေရန်လည်းကောင်း၊ ဘာဂျေ(ခ) ဇော်သက်နိုင်၊ မျိုးထွန်း(ခ) မျိုးထွန်းညွန့်(ခ)စိုလိုင်မန်တို့နှစ်ဦးအား ပုဒ်မ ၅၀၅ (ခ)အရ အလုပ်နှင့်ထောင်ဒဏ် နှစ်နှစ်စီကျခံစေရန်လည်းကောင်း ယနေ့တွင် မြို့နယ်တရားရုံးက အမိန့်ချမှတ်လိုက်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ (ဦးလှဝင်း)-ဒေါ်မြင့်မြင့်စန်း(အလယ်တန်းပြ၊ အထက-၁၊ဒဂုံ/အရှေ့) တို့၏သား

မောင်ဖြိုးလင်းနောင်

Final Year (Myanmar), Director (Orianna Spa Care)

နှင့်

နေပြည်တော်နေ ဦးဝင်းငွေ(တွဲဖက်အတွင်းရေးမှူး၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ)-ဒေါ်ခင်စန်းမြင့် တို့၏သမီး

မလေးသန္တာစိုး

B.A (Eco), Dip: in ICT (YU), Dip: in EC(YU)

တို့၏ ၁၈-၅-၂၀၁၃ရက် Central Hotel တွင် ကျင်းပသည့် မင်္ဂလာဧည့်ခံပွဲ၌ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူနှင့်ဇနီး ဒေါက်တာဒေါ်ခင်ဆွေမြင့်၊ မင်္ဂလာလက်ထပ်လက်စွပ် ချီးမြှင့်ပေးပါသော ဇေယျကျော်ထင်ဗိုလ်ချုပ်တင်ငွေ(ငြိမ်း)နှင့် ဇနီး ဒေါ်နန်းခင်လှဝင်း၊ မင်္ဂလာဧည့်ခံပွဲသို့ တက်ရောက်ချီးမြှင့်ပေးကြပါသော နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသိန်းညွန့်၏ဇနီး ဒေါ်ကျင်ခိုင်၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်း၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးတင်ငွေ၏ဇနီး ဒေါ်ခင်မြချစ်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ အတွင်းရေးမှူး ဦးသန်းကျော်ထူးနှင့်ဇနီး ဒေါ်သက်ထားတင်၊ ကော်မတီဝင်များ၊ ဌာနမှူးများ၊ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မေတ္တာဖြင့် မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်အပ်ပါသော ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးသိန်းထိုက်နှင့်ဇနီး၊ အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့်ဇနီး၊ စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဘဏ်ထွန်းနှင့် ဇနီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေနှင့်ဇနီး၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်နှင့်ဇနီး၊ နေပြည်တော်ကောင်စီဝင်များ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၅၈)မှ သူငယ်ချင်းများ၊ မင်္ဂလာပန်းကြဲပေးပါသော မပွင့်သီရိဦး၊ မင်္ဂလာသတို့သားအရံ ဒေါက်တာသူရိန်ထွန်းနှင့် ဒေါက်တာလမင်းထွန်း၊ မင်္ဂလာသတို့သမီးအရံ မဖြူကြည်ခိုင်နှင့် မအေးပြည့်ငြိမ်း၊ မင်္ဂလာလက်စွပ်နှင့် မင်္ဂလာပန်းကုံးကိုင်ဆောင်ပေးပါသော မမေနှင်းနန္ဒာအောင်၊ မင်္ဂလာပန်းခြင်းကိုင်ဆောင်ပေးပါသော မမေမြတ်သူ၊ မင်္ဂလာဝတ်စုံဖန်တီးပေးပါသော ဒီဇိုင်နာ မစန္ဒာအေး၊ မင်္ဂလာဝတ်စုံ၊ မိတ်ကပ်ဆံပင်၊ ပန်းအလှနှင့် လက်ဝတ်ရတနာများ ဆင်ယင်ပေးပါသော ဇော်ဇော်(ထီလာ)သဇင်စိန်တိုက်၊ ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင်ရိုက်ကူးပေးပါသော Apple အဖွဲ့သားများအားလုံး၊ လက်ထပ်မင်္ဂလာဖိတ်ကြားလွှာအား ပြုလုပ်ပေးပါသော DAGON Printing & Invitation Cards၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ လုပ်ဖော်ကိုင်ဖက်ဝန်ထမ်းမိသားစုများ၊ Central Hotel မန်နေဂျာ၊ ဝန်ထမ်းများနှင့် ဝိုင်းဝန်းကူညီ တက်ရောက်ချီးမြှင့်ပေးကြသော မိတ်သင်္ဂဟအပေါင်းတို့အား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဖြိုးလင်းနောင်နှင့် မလေးသန္တာစိုး

ပြည်တွင်းသတင်း

ပန်းတောင်း၌ အထူးကုဆရာဝန်ကြီးများ အခမဲ့ကွင်းဆင်းကုသ

ပန်းတောင်း မေ ၂၁

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်မှု၊ ပန်းတောင်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဝင်းဇော်ထွေး၏ ကြီးကြပ်မှုဖြင့် ပြည်မြို့ အထွေထွေရောဂါကုဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာတင့်ရွှန်း ဦးဆောင်သော အထူးကုပါရဂူကြီးများနှင့် အထူးကုဆရာဝန်ကြီးများသည် မေ ၁၉ ရက် နံနက် ၈ နာရီက ပန်းတောင်းမြို့နယ် ဥသျှစ်ပင်ကျေးရွာအုပ်စု တိုက်နယ်ပြည်သူ့ဆေးရုံ၌ အခမဲ့ကွင်းဆင်းဆေးကုသပေးသည်။ အဆိုပါ ကွင်းဆင်းဆေးကုသအဖွဲ့သည် တိုက်နယ်အတွင်းရှိ ကျေးရွာများမှ ကျေးရွာသူကျေးရွာသား ၁၅၀၀ ခန့်ကို မျက်စိအထူးကုဆရာဝန်ကြီးများ၊ ကလေးအထူးကုဆရာဝန်ကြီးများ၊ အရိုးအကြောအဆစ် အထူးကုဆရာဝန်ကြီးများ၊ သားဖွားမီးယပ်အထူးကုဆရာဝန်ကြီးများ၊ နား၊ နှာခေါင်း၊ လည်ချောင်းအထူးကု ဆရာဝန်ကြီးများ၊ ကူးစက်ရောဂါနှိမ်နင်းရေး အထူးကုဆရာဝန်ကြီးများ၊ သွားရောဂါအထူးကု ဆရာဝန်ကြီးများ၊ အထွေထွေရောဂါအထူးကု ဆရာဝန်ကြီးများ၊ ခွဲစိတ်အထူးကု ဆရာဝန်ကြီးများနှင့်သူနာပြုများက ကျန်းမာရေးဆေးစစ်ပေးပြီး အခမဲ့ ဆေးကုသပေးကာ ဆေးဝါးများပေးဝေခဲ့သည်။ **(အောက်ပုံ)** ယခုကဲ့သို့ အထူးကုဆရာဝန်ကြီးများက ကျေးရွာနေပြည်သူများအပေါ် ထိထိရောက်ရောက် အခမဲ့ကွင်းဆင်း ဆေးကုသပေးခြင်းသည် ကျေးရွာနေ ဆင်းရဲနွမ်းပါးပြည်သူများ များစွာ အကျိုးရှိကြောင်းနှင့်ပြည်သူများ ဝမ်းသာပီတိဖြစ်နေကြကြောင်း သိရသည်။

အောင်မြင့်

မေလအတွက် ဖုန်းကတ် ၂၀၀၀ တောင်သာ၌ ချပေး

တောင်သာ မေ ၂၁

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ်အတွင်း မေလအတွက် ဆင်းကတ် ၂၀၀၀ ရရှိကြောင်း သိရသည်။ မေ ၂၀ ရက်တွင် စတင်ရောင်းချပေးမည်ဖြစ်ပြီး ရရှိသည့်အရေအတွက်၏ သုံးပုံနှစ်ပုံသည် ပြည်သူများ၊ ကျန်တစ်ပုံသည် ဌာနဆိုင်ရာများအတွက်ဖြစ်ပြီး သံဃာတော်များအတွက် ပြည်သူများထဲမှ ခွဲဝေရမည်ဖြစ်သော်လည်း ဌာနဆိုင်ရာထဲမှ ခွဲဝေပေးကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ညွှန့်က ပြောကြားသည်။

မြို့ပေါ်ရပ်ကွက်တစ်ခုလျှင် ၂၂၂ လုံးခွဲတမ်းရရှိပြီး ဇွန်လမှစ၍ ကျေးရွာများအတွက် ရောင်းချပေးသွားမည် ဖြစ်ကြောင်း၊ ဦးရာလူစနစ်ဖြင့် ခွဲဝေ၍ အိမ်ထောင်စုတစ်ခုလျှင် တစ်ကတ်သာ ရရှိမည်ဖြစ်ပြီး ယခင်ရရှိပြီးသူများအား ရောင်းချပေးမည်မဟုတ်ကြောင်း သိရသည်။ အိမ်ထောင်စုဇယား၊ မှတ်ပုံတင်မိတ္တူ၊ ဓာတ်ပုံများကို ကြိုတင်လျှောက်လွှာတင်စေပြီး ဦးရာလူတန်းစီဇယားအရ ရောင်းချကြောင်း အမှတ်(၃) ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ပြောကြားချက်အရ သိရသည်။ **(အပေါ်ပုံ)** တချို့ရပ်ကွက်များတွင် အိမ်ထောင်စုဇယားမရှိ၍ လျှောက်ထားရန်အခက်အခဲများရှိနေကြောင်း သိရသည်။

လင်းလက်ကြယ်(တောင်သာ)

ပင်လည်ဘူး၌ မူးယစ်ဆေးဝါးများ ဖမ်းမိ

ပင်လည်ဘူး မေ ၂၁

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့နယ် ရဲတပ်ဖွဲ့ရုံးမှ ဒုရဲအုပ်တင်မောင်အေး ဦးစီးသော တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ မေ ၁၈ရက် နံနက် ၈ နာရီက သတင်းအရ ပင်လည်ဘူးမြို့နယ် မန္တကျေးရွာအဝင်ဝလမ်းဆုံတွင် စောင့်ဆိုင်းနေစဉ် ကြိုတင်သတင်းရရှိထားသူ ပင်လည်ဘူးမြို့ မိုးကောင်းရပ်ကွက်နေ ဖိုးလှ(ခ)ဝင်းမောင် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ခိုင်းရာ မရပ်ဘဲ မောင်းပြေးသဖြင့် မန္တရွာအနောက်ဘက် တစ်ဖာလုံခန့်အကွာ ညောင်ပင်အနီး မြေကွက်လပ်တွင် ဖမ်းဆီးရမိသဖြင့် သက်သေများနှင့်အတူရှာဖွေရာ ၎င်းဝတ်ဆင်ထားသော အနက်ရောင်မိုးကာအင်္ကျီအတွင်းမှ Love is Flower တံဆိပ်ပါ ပလတ်စတစ်အကြည်ဖြင့်ထုပ်လျက် ဘိန်းဖြူဟုယူဆရသော အဖြူမှုန့် အလေးချိန် ၁၁ ဂရမ်ခန့်ပါ ဆပ်ပြာခွက်တစ်ခွက်ကို တွေ့ရှိခဲ့သည်။ ဆက်လက်၍ ကွင်းဆက်တရားခံ ဖမ်းဆီးရမိရေးအတွက် မြို့နယ်ရဲတပ်ဖွဲ့က ဆောင်ရွက်ခဲ့ရာ ဝန်းသိုမြို့ မြနန္ဒာရပ်ကွက်နေ ဖိုးတုတ်(ခ)သူရထွန်းက ၎င်း၏နေအိမ်သို့ မူးယစ်ဆေးဝါး၊ ဘိန်းဖြူများနှင့်အတူ ရောင်းချရန် ရောက်ရှိနေကြောင်း စစ်ဆေးသိရှိရသဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှ ဒုရဲအုပ်ကြည်စိုးနှင့်အဖွဲ့ နံနက် ၁၀ နာရီတွင်သက်သေများနှင့်အတူ ဖိုးလှ(ခ)ဝင်းမောင်၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ဖိုးတုတ်(ခ)သူရထွန်းအား အသင့်တွေ့ရှိရပြီး နေအိမ်အိပ်ခန်းထောင့်၌ ပန်းရောင် ဆာလာအိတ်အတွင်းမှ အဝါရောင်တိပ်ပတ်ထားသော အနက်ရောင် ကြွပ်ကြွပ်အိတ်အတွင်းရှိ Love is Flower တံဆိပ်ပါ ရောင်စုံဆပ်ပြာခွက်တစ်ခွက်စီအတွင်း၌ ဘိန်းဖြူဟု ယူဆရသောအဖြူမှုန့်အလေးချိန် ၁၁ ဂရမ်ခန့် ဆပ်ပြာခွက် ၁၁ခွက်ပါ အထုပ်ကြီးတစ်ထုပ်နှင့် ဘိန်းဖြူ ဟု ယူဆရသော အဖြူမှုန့် အလေးချိန် ၁၁ ဂရမ်ခန့် ဆပ်ပြာခွက် ၁၀ ခွက်ပါ အထုပ်ကြီးတစ်ထုပ် စုစုပေါင်း ၂၁ ခွက်ကို ရှာဖွေတွေ့ရှိရပြီး ကာလပေါက်ဈေး ငွေကျပ် သိန်း၂၁၀ ခန့် ရှိကြောင်း သိရသည်။

ယင်းအမှုနှင့်ပတ်သက်၍ မူးယစ်ဆေးဝါးနှင့် ဘိန်းဖြူများကို ရောင်းချသုံးစွဲရန် လက်ဝယ်ထားရှိ သယ်ဆောင်လာသူ ဖိုးတုတ်(ခ)သူရထွန်း (၃၄နှစ်) ဝန်းသိုမြို့ နေသူနှင့် ပင်လည်ဘူးမြို့နေ အိမ်ရှင် ဖိုးလှ(ခ)ဝင်းမောင် (၃၆နှစ်) တို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ ပင်လည်ဘူးမြို့နယ်ရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

လှမျိုးလွင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း

သတင်းကြေညာချက်

၁၃၇၅ခုနှစ် တန်ခူးလပြည့်ကျော် ၁ရက်
(၂၀၁၃ခုနှစ် ဧပြီလ ၂၆ရက်)

၁။ သတ္တုတွင်းဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီသည် အကြိမ်(၅၀)မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်၊ မဏိရတနာကျောက်စိမ်းခန်းမနှင့် မြန်မာ့ကျောက်မျက်ရတနာပြတိုက် (ရတနာဈေးအထပ်)တို့တွင် ၂၀၁၃ ခုနှစ် ဇွန်လ ၁၅ ရက်မှ ၂၇ ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ အကြိမ်(၅၀)မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအတွဲများကို အိတ်ဖွင့်တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

၂။ အကြိမ်(၅၀)မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ နိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များက တင်ပြရောင်းချလိုသည့် ကျောက်စိမ်း၊ ကျောက်မျက်အတွဲများကို ၂၀၁၃ ခုနှစ် မေလ ၆ ရက်မှ ၃၁ ရက်အထိ စစ်ဆေးလက်ခံခြင်း၊ အခြေခံရောင်းဈေး ညှိနှိုင်းသတ်မှတ်ခြင်း၊ ပြပွဲကျင်းပမည့်နေရာသို့ ပြောင်းရွှေ့ခင်းကျင်းခြင်းများ ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

၃။ အကြိမ်(၅၀)မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(နေပြည်တော်)၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း(နေပြည်တော်)၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရန်ကုန်ရုံးခွဲ)၊ ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်)၊ ကျောက်မျက်တူးဖော်ရေးဌာန(မိုင်းရှူး)၊ ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)နှင့် မြစ်ကြီးနားမြို့၊ ခန္တီးမြို့၊ မိုးညှင်းမြို့များတွင် အခြေပြုသည့် ကျောက်စိမ်းတူးဖော်ရေးဌာန (စခန်းရုံး)များနှင့် မန္တလေးမြို့တွင် အခြေပြုသည့် ကျောက်မျက်တူးဖော်ရေးဌာန၊ မန္တလေး (စခန်းရုံး) တို့တွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း

သတင်းကြေညာချက်

၁၃၇၅ခုနှစ် တန်ခူးလပြည့်ကျော် ၁ရက်
(၂၀၁၃ခုနှစ် ဧပြီလ ၂၆ရက်)

၁။ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီသည် အကြိမ်(၅၀)မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမနှင့် မြန်မာ့ကျောက်မျက်ရတနာပြတိုက်(ရတနာဈေးအထပ်)တို့တွင် ၂၀၁၃ခုနှစ် ဇွန်လ၁၅ရက်မှ ၂၇ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များနှင့် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာ အချောထည်ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံသားများကို သတ်မှတ်ချက်များနှင့်အညီ ရတနာပြပွဲသို့ တက်ရောက်ဝယ်ယူခွင့် ပြုမည်ဖြစ်ပါသည်။

၂။ အကြိမ်(၅၀)မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ တက်ရောက်ဝယ်ယူလိုသူများသည် ၂၀၁၃ခုနှစ် ဇွန်လ ၅ရက်မှ ၁၄ရက်အထိ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(နေပြည်တော်)တွင် ဖွင့်လှစ်ထားရှိသည့် စီမံရေးရာလုပ်ငန်းကော်မတီရုံးအဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ

ပြည်ထဲရေးဝန်ကြီးဌာန
အကျဉ်းဦးစီးဌာန

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အကျဉ်းဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး ကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင် အလုပ်စခန်းများမှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း စိုက်ပျိုးထွက်ရှိခဲ့သော စပါး ၉၀၅၆၄ တင်းအား မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌ရောင်းချရန် ဈေးနှုန်းတင်သွင်းလွှာ ဖိတ်ခေါ်အပ်ပါသည်။

၂။ စပါး ၄၆ ပေါင်ပါ စပါးတစ်တင်းလျှင် ကြမ်းခင်းဈေးအနိမ့်ဆုံး ကျပ် ၃၁၀၀ ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါဖွင့်မည့်ရက်အား ၃၁-၅-၂၀၁၃ရက် ၁၃:၀၀နာရီအချိန်တွင် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမတွင် ဆောင်ရွက်မည်ဖြစ်ပါသည်။

၄။ ပေးသွင်းလိုသူများအနေဖြင့် တင်ဒါပုံစံတစ်စုံလျှင် ၁၀၀၀၀ိ/နှုန်းဖြင့် ၂၂-၅-၂၀၁၃ရက်မှ ၃၀-၅-၂၀၁၃ရက်အထိ ၀၉:၃၀ နာရီမှ ၁၆:၀၀ နာရီအတွင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးတွင် ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက စပါးရောင်းချရေးအဖွဲ့ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၊ ပြည်လမ်း၊ ဒဂုံမြို့နယ်၊ ဖုန်း-၀၁-၂၁၇၅၂၁/၀၁-၂၁၇၅၁၀၊ အကျဉ်းဦးစီးဌာန ဖုန်း-၀၁-၆၄၂၄၉၅၊ ၀၁-၆၄၂၄၉၆၊ ခရိုင်ရဲတပ်ဖွဲ့မှူးရုံး(မြောက်ပိုင်းခရိုင်) ဖုန်း-၀၁-၆၄၅၈၂၃၊ ၀၁-၆၄၅၈၂၄၊ အထွေထွေအုပ်ချုပ်ရေးမှူးရုံးများ ဖုန်း-၀၁-၅၇၉၀၀၃၊ ၀၁-၅၃၆၁၂၇၊ ၀၅၆-၂၁၁၄၂၊ ၀၁-၆၄၂၂၁၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

စပါးရောင်းချရေးအဖွဲ့
အကျဉ်းဦးစီးဌာန

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီးရန်ပုံငွေဖြင့် လုပ်ငန်းများဆောင်ရွက်ရန်အတွက် လိုအပ်သည့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	**ပစ္စည်းအမျိုးအစား**	**အရေအတွက်**
၁။	ခွဲကျောက်ရွယ်စုံ	၁၇၀၀ ကျင်း

တင်ဒါလျှောက်လွှာပိတ်ရက် - ၃၁-၅-၂၀၁၃ရက်

တင်ဒါလျှောက်လွှာပိတ်ချိန် - ညနေ ၄နာရီ

၂။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် သတင်းအချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် စုံစမ်းနိုင်ပြီး ၂၀-၅-၂၀၁၃ရက်မှစ၍ လျှောက်လွှာတစ်စောင်လျှင် ကျပ်-၁၀၀၀၀ိ/-(ကျပ်တစ်သောင်း)နှုန်းဖြင့် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါလျှောက်လွှာဝယ်ယူရမည့်နေရာ - ခရိုင်အင်ဂျင်နီယာမှူးရုံး
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊
ထားဝယ်ခရိုင်၊ ထားဝယ်မြို့။
ဖုန်း-၀၅၉-၂၁၀၂၃၊ ၀၉-၄၂၂၁၉၂၆၆၈

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း

အိတ်ဖွင့်လေလံခေါ်ယူခြင်း

၁။ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းကြီးကြပ်မှုအောက်ရှိ အမှတ်(၁) ရေနံချက်စက်ရုံ(သန်လျင်) ပီပီအိတ်စက်ရုံမှ ဘေးထွက်ပစ္စည်းများဖြစ်သော ပယ်အိတ်၊ ဖြတ်စ/ညှပ်စ၊ ချည်မျှင်အလေအလွင့်များကို မျက်မြင်အခြေအနေအတိုင်း တတိယအကြိမ် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။	**တင်ဒါပုံစံရောင်းချမည့်ရက်**	- ၂၇-၅-၂၀၁၃ရက်မှ ၃-၆-၂၀၁၃ ရက်အထိ (ရုံးချိန်အတွင်း)
၃။	**တင်ဒါပုံစံရောင်းချမည့်နေရာ**	- (က) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်
		- (ခ) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ အမှတ် ၇(က)၊ သန့်လျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
၄။	**တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်**	- ၄-၆-၂၀၁၃ရက် (အင်္ဂါနေ့)
	အချိန်နှင့်နေရာ	- ၁၂:၀၀နာရီ၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်
	တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်	- ၄-၆-၂၀၁၃ရက်၊ ၁၃:၀၀နာရီ

၅။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၁၁၃၄၉၊ ၀၆၇-၄၁၁၁၂၂၊ ၀၆၇-၄၁၁၁၉၅တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ နေပြည်တော်

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အောက်ပါပစ္စည်းများအား ဂိုဒေါင်ရောက်တန်ဖိုး D.D.P (Paung Laung)၊ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	**ပစ္စည်းအမည်**	**အရေအတွက်**
1.	Canon Laser Printer (A_4) Model LBP -6000	၂လုံး
2.	Canon Color Printer (A_3) Model iX-6560	၂လုံး
3.	Digital Multifunction Copier (A_3) Model iR-2520	၂လုံး

၂။ ပစ္စည်းများ၏ Technical Specification များအား ၁၈-၆-၂၀၁၃ရက် မွန်းတည့် ၁၂နာရီတွင် နောက်ဆုံးထား၍ ကြိုတင် တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၃ခုနှစ် ဇွန် ၂၅ရက် မွန်းတည့် ၁၂နာရီဖြစ်ပြီး ၁၃:၀၀နာရီတွင် တင်ဒါဖွင့်လှစ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရုံးအမှတ် ၃၈၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၁၂၃၁၊ ဖက်စ်-၄၁၁၀၈၁

ပျောက်ဆုံးခြင်း

ကျွန်မ မသဲယုလွင်၏ Passport No-M ၆၃၄၉၀၈ သည် ၁၇-၅-၂၀၁၃ ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၈၀၁၉၈၃၈**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ဗုဒ္ဓဖွားတော်မူရာ နီပေါနိုင်ငံ လုမ္ဗိနီဒေသသို့ မြန်မာခရီးသွားတစ်သိန်း နှစ်စဉ်သွားရောက်လည်ပတ်

ရန်ကုန် မေ ၂၁

မြန်မာနိုင်ငံတွင် ဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေးလုပ်ငန်းများ တိုးတက်လာသည်နှင့်အမျှ နီပေါနိုင်ငံ လုမ္ဗိနီသို့သွားရောက်လည်ပတ်သည့် မြန်မာခရီးသွားများ တိုးတက်များပြားလျက်ရှိကြောင်း နီပေါခရီးသွားလုပ်ငန်းအဖွဲ့က မေ ၁၇ ရက်တွင် ဆီဒိုးနားဟိုတယ်၌ ကျင်းပသော သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားသည်။

မြန်မာနိုင်ငံမှ ဗုဒ္ဓဂယာမြန်မာဘုရားဖူးဧည့်သည်များ နီပေါနိုင်ငံ ဗုဒ္ဓဖွားတော်မူရာ လုမ္ဗိနီဒေသသို့ နှစ်စဉ်ခရီးသွားဧည့်သည် တစ်သိန်းခန့် လာရောက်လျက်ရှိကြောင်း၊ လာမည့်နှစ်များအတွင်း မြန်မာခရီးသွားဧည့်သည်များ လာရောက်မှုတိုးပွားလာလိမ့်မည်ဟု မျှော်လင့်ကြောင်း နီပေါခရီးသွားလုပ်ငန်း တာဝန်ရှိသူများကပြောကြားသည်။

နီပေါနိုင်ငံလုမ္ဗိနီဒေသသည် ဗုဒ္ဓဘုရားရှင်အား ဖွားမြင်တော်မူရာ

ဒေသဖြစ်ပြီး သံဝေဇနိယလေးဌာန အနက် တစ်ခုအပါအဝင်ဖြစ်သည်။ နှစ်စဉ် ဗုဒ္ဓဘာသာဝင်အများဆုံး လာရောက်ဖူးမြော်ရာ အထွတ်အမြတ်ဒေသတစ်ခုဖြစ်သည်။ ၂၄၉ ဘီစီက ဘုရင်အသောကသည် အဆိုပါ ဒေသသို့ ရောက်ရှိလာပြီး ဗုဒ္ဓဖွားမြင်တော်မူရာ အထိမ်းအမှတ် သံကျောက်ဖြင့် ပြုလုပ်ထားသည့် ကျောက်တိုင်ကို စိုက်ထူထားခဲ့ကြောင်း သိရသည်။

မြန်မာခရီးသွားများအနေဖြင့် လုမ္ဗိနီဒေသသို့ အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာမှတစ်ဆင့် သွားရောက်ဖူးမြော်လေ့ရှိပါသည်။ အိန္ဒိယနယ်စပ်မှ နီပေါနိုင်ငံထဲ ဝင်ရောက်စဉ် တစ်ညအိပ်ဗီဇာအတွက် လူတစ်ဦးလျှင်အမေရိကန်ဒေါ်လာ ၂၅ ဒေါ်လာပေးဆောင်နေရကြောင်း ကြားသိရသည်။ ယင်းပြည်ဝင်ခွင့်ဗီဇာ ဈေးကြီးမြင့်မှုအပေါ် လျှော့ပေါ့ပေးရန် ခရီးသွားလုပ်ငန်းရှင်များက တင်ပြတောင်းဆိုခဲ့သဖြင့် ယခုအခါ ပြည်ဝင်ခွင့် ဗီဇာကြေး ၂၅ ဒေါ်လာမှ ၁၀ ဒေါ်လာသို့ လျှော့ချပေးနိုင်ရေး နီပေါခရီးသွားလုပ်ငန်းအဖွဲ့မှ သက်ဆိုင်ရာနှင့်ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် ဗုဒ္ဓဂယာ ခရီးသွားဧည့်သည်များ ပို့ဆောင်ရေးအေဂျင်စီပေါင်း ၅၀ ကျော်ရှိပြီး နှစ်စဉ်ခရီးသွားဧည့်သည် တစ်သိန်းခန့် ပို့ဆောင်ပေးလျက်ရှိကြောင်း ကြားသိရသည်။ ဗုဒ္ဓဂယာ ဘုရားဖူးခရီးသွားရန် အကောင်းဆုံးအချိန်မှာ ခရီးသွားရာသီ ဆောင်းကာလတွင် အကောင်းဆုံးဖြစ်သည်။ ယခုအခါ မြန်မာနိုင်ငံ ရန်ကုန်မြို့မှ ဗုဒ္ဓဂယာသို့ တိုက်ရိုက် လေကြောင်းလိုင်းများ ပြေးဆွဲလျက်ရှိသည်။

သတင်း - မောင်နွေသစ်
ဓာတ်ပုံ - တင်စိုး (မြန်မာ့အလင်း)

ကော်မရှင်အဖွဲ့ခွဲရုံး ဆိုင်းဘုတ်ပြင်စေလို

လားရှိုး မေ ၂၁

ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့၌ စိုက်ထူထားသော မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံး မြေစိုက်ဆိုင်းဘုတ်ကြီးပျက်စီးကာ မြေပေါ်လဲကျနေသော မြင်ကွင်းကို တွေ့မြင်ရသည်။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံး ခရိုင်ကော်မရှင်အဖွဲ့ခွဲရုံးများကို ယခင်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံးကြီးအောက်ထပ်တွင် ရုံးခန်းဖွင့်လှစ်ထားပြီး ကော်မရှင်ရုံး၏လုပ်ငန်းများကို ဆောင်ရွက်နေသော ရုံးဖြစ်ကြောင်းသိရသည်။ လားရှိုးမြို့နယ် ကော်မရှင်အဖွဲ့ခွဲရုံး ခရိုင်ကော်မရှင်အဖွဲ့ခွဲရုံးများမှာ လားရှိုးမြို့အတွက် အရေးပါ အရာရောက်သောရုံးများဖြစ်ပြီး မဲဆန္ဒရှင် ပြည်သူများလေးစားသော ရုံးဌာနတစ်ခုဖြစ်သည့်အတွက် ဟောင်းနွမ်းမြေကျပျက်စီးနေသော မြို့နယ်ကော်မရှင်ရုံးဆိုင်းဘုတ်ကို အမြန်ဆုံးပြန်လည်ပြုပြင်စေလိုသော ဆန္ဒရှိနေကြကြောင်း မဲဆန္ဒရှင်ပြည်သူများထံမှ သိရသည်။ (၁၇၇)

အသက်အာမခံပရီမီယံကြေးများ တိုးမြှင့်သတ်မှတ်

တောင်ကြီး မေ ၂၁

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်းတွင် အသက်အာမခံပရီမီယံကြေးများအား အနည်းဆုံး ငွေကျပ် ၅၀၀၀၀ မှ အများဆုံး ငွေကျပ် သန်း ၃၀ အထိ တိုးမြှင့်ထားနိုင်ကြောင်း သိရသည်။ ထိုကဲ့သို့ ပရီမီယံကြေးများ တိုးမြှင့်ခြင်းတွင် အပိုင်းလေးပိုင်းဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့်ငွေကျပ်သန်း ၃၀ ထားရှိပါက ပြည်သူပြည်သားများအသက် ၁၀ နှစ်မှ ၅၅ နှစ် အတွက်ဆိုပါက အထူးကုဆရာဝန်ဖြင့် ဆေးစစ်ရမည်ဖြစ်ကြောင်း ရှမ်းပြည်နယ် မြန်မာ့အာမခံလုပ်ငန်းမှ မန်နေဂျာ ဒေါ်အေးအေးမော်က ပြောကြားသည်။ ပြည်သူ့ဝန်ထမ်းများနှင့် တပ်မတော်သားများဆိုပါက အသက် ၁၈ နှစ်မှ ၅၅ နှစ်အထိထားရှိနိုင်ပြီး ငွေကျပ် တစ်သန်းအထိ ဆေးစစ်ခြင်း ကင်းလွတ်ခွင့်ရပြီး အသက် ၅၀ ကျော်လွန်၍ ပရီမီယံကြေး တစ်သန်းထက်ပိုပါက အထူးကုဆရာဝန်ဖြင့် စစ်ဆေးရမည်ဖြစ်သည်။ စုပေါင်း အသက်အာမခံတွင် ၁၈ နှစ်မှ ၆၀ အထိ အကျုံးဝင်ပြီး အများဆုံး ငွေကျပ်ငါးသန်းသာထားရှိနိုင်ကြောင်း၊ ၁၈ နှစ်မှ ၄၅ နှစ်အထိအာမခံထားပြီး ငွေကျပ်တစ်သန်းအထိ ဆေးစစ်ခြင်းကင်းလွတ်ခွင့်ပြုပြီး ၄၅ နှစ် အထက် ငွေကျပ် တစ်သန်းကျော်ပါက အထူးကုဆရာဝန်ဖြင့် ဆေးစစ်ရမည်ဖြစ်ကြောင်း ဆက်လက်ပြောကြားသည်။ ငွေကျပ် တစ်သန်း အာမခံထားပါက အသက် ၁၈ နှစ်ရှိသူသည် ပရီမီယံကြေး လစဉ် ကျပ် ၁၈၄၀ ပေးသွင်းရမည်ဖြစ်ပြီး အသက် ၅၀ ရှိသူဆိုပါက ၉၁၀၆ ကျပ် ပေးသွင်းရမည်ဖြစ်သည်။

ရှမ်းပြည်နယ် အသက်အာမခံလုပ်ငန်းတွင် အသက်အာမခံလုပ်ငန်း၊ သူတစ်ပါးထိခိုက်မှုအာမခံလုပ်ငန်း၊ မီးနှင့်အထွေထွေအာမခံ၊ ရေကြောင်း၊ လေကြောင်းအာမခံ၊ ခရီးသွားအာမခံလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အသက်အာမခံလုပ်ငန်းတွင် ပြည်သူ့ဝန်ထမ်းသေဆုံး၍ တောင်းခံခြင်း၊ နှစ်စေ့၍ တောင်းခံခြင်း၊ တပ်မတော်သားများသည် ကာလတိုထားခြင်းဖြစ်၍ နှစ်စေ့တောင်းခံမှုများပြားကြောင်းသိရသည်။ သူတစ်ပါးထိခိုက်မှု အာမခံကစက်တပ်ယာဉ်ထိခိုက်မှုကြောင့် ပေးချေရသည့် ငွေဖြစ်သည့်အတွက် သေဆုံးပါက ကျပ်ငါးသိန်းနှင့်ထိခိုက်ဒဏ်ရာအတွက် ဆေးစစ်ချက် ဆရာဝန်ထောက်ခံချက်အရ ဆုံးရှုံးမှုတန်ဖိုးအပေါ် တွက်ချက်ပြီး ပေးအပ်ကြောင်း သိရသည်။

နိုင်ထွန်း(TGI)

ဖေဖေဦးဝင်းသော်နှင့် မေမေဒေါ်သီတာဦးတို့အတွက်
(၂၆)နှစ်မြောက် မင်္ဂလာဆုတောင်း

ချစ်ခင်လေးစားမြတ်နိုးရပါသော ဖေဖေ ဦးဝင်းသော် [ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် (ရန်ကုန်ဘဏ်ခွဲ)]နှင့် မေမေ ဒေါ်သီတာဦးတို့၏ ၂၂-၅-၂၀၁၃ရက်တွင် ကျရောက်သော (၂၆)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် သက်ဆုံးတိုင်ထိ ချစ်သမီးများနှင့်အတူတူ ချမ်းမြေ့ပျော်ရွှင်စွာ ဖြတ်သန်းရင်း နိုင်ငံ့တာဝန်များကို ထမ်းဆောင်နိုင်ပါစေ...

ချစ်သမီးကြီး - ဖူးဖူး(ခ)ဝင့်ဖူးသော် M.E(Civil)
ချစ်သမီးငယ် - ပိုးဉ(ခ)ဖူးပွင့်သော် Grade XI အထက(၂)ကမာရွတ်

နှစ်(၃၀)ပြည့်
ပုလဲရတုမင်္ဂလာဆုတောင်း

ချစ်သားနှင့်ချစ်သမီးတို့ အပေါ် အနှိုင်းမဲ့မေတ္တာနှင့် ချစ်စံနမူနာပြုအပ်သော ချစ်ဖေဖေ ဦးစိုင်းလာနှင့် ချစ်မေမေ ဒေါက်တာကြည်ကြည်ဝင်း (ပါရမီ-ဆေးခန်း) ကျိုင်းတုံမြို့တို့၏ ၂၂-၅-၂၀၁၃ ရက်တွင် ကျရောက်သော ပုလဲရတုမင်္ဂလာရက်မြတ်မှသည် သက်ဆုံးတိုင် ချစ်သား/ချစ်သမီးနှင့်အတူ ပြီးပြည့်စုံ၍ ဆန္ဒနှင့်ဘဝ တစ်ထပ်တည်းကျသော ရွှေရတု၊ စိန်ရတုများတိုင်အောင် ပျော်ရွှင်စွာချစ်မိသားစုနှင့် နှစ်တစ်ရာတိုင် အေးချမ်းသာယာစွာဖြင့် အရောက်လှမ်းနိုင်ပါစေကြောင်း ဆုတောင်းရင်း...

ချစ်သမီး - နန်းအိမ့်သက်ကြည် (Singapore)
ချစ်သမီး - ဒေါက်တာနန်းနှင်းနုကြည် (United Kingdom)
ချစ်သား - စိုင်းဟိန်းသူရဝင်း (United Kingdom)

နှစ်(၃၀)မြောက်
ပုလဲရတုမင်္ဂလာဆုတောင်းလွှာ

လေးလေး ဦးဝင်းမြင့်(ရေကြောင်းပြမှူးကြီး၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)နှင့် အန်တီ ဒေါ်ငယ်ငယ်ဝေတို့၏ ၂၂-၅-၂၀၁၃ရက်တွင် ကျရောက်သော နှစ်(၃၀)မြောက် ပုလဲရတုမင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ရွှေလက်မြဲမြဲတွဲလျက် ချစ်သောသားသမီး၊ တူ တူမများနှင့်အတူ အမျိုးဘာသာ သာသနာအကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေ၊ မြတ်သောဒါန သီလ ဘာဝနာများပြုလုပ်နိုင်ပါစေ၊ ဘဝခရီးလမ်းကိုလည်း ပျော်ရွှင်ကျန်းမာစွာဖြင့် လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

တူမ - နန္ဒာသောင်းလွင်
တူ - အောင်သိန်းဦး[Chief Mate F.G(V.Ship)]-နီလာသောင်းလွင်
မြေး - အောင်ကောင်းမြတ်

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး
အခြေစိုက်အလုပ်ရုံ(၁)
အခြေခံယာဉ်မောင်းသင်တန်းကျောင်း

- အခြေခံယာဉ်မောင်းသင်တန်း အပတ်စဉ်(၂၄၈)ကို ၄-၆-၂၀၁၃ရက်နှင့်
- စနေ၊ တနင်္ဂနွေ အထူးသင်တန်းကို ၁-၆-၂၀၁၃ရက်တွင် ဖွင့်ပါမည်။
- အင်ဂျင်၊ ဂဟော၊ တွင်ခုံဖောက်ခုံသင်တန်းကို ၁၁-၆-၂၀၁၃ရက်တွင် ဖွင့်လှစ်ပါမည်။
- သင်တန်းသားဦးရေ ကန့်သတ်ထားပါသဖြင့် အမြန်ဆုံးစာရင်းပေးသွင်းနိုင်ပါသည်။
- သင်မောင်းလိုင်စင်နှင့် ခ လိုင်စင်ရရှိရေး ကူညီဆောင်ရွက်ပေးသည်။
- လမ်းညွှန် - (၁) အောက်ပုဇွန်တောင်လမ်း၊ ထင်းပုံဆိပ်၊ ဗန္ဓုလတံတားအောက်၊ ခပ(၁၂)ဝင်း၊ ရွှေဧည့်သည် (၁)ဂိတ်ဆုံး
  (၂) မဟာဗန္ဓုလတံတား၊ Ocean Center အနီး ၃၄၊ ၃၅၊ ၅၇ သန်လျင်ကားများစီး၍ Ocean မှတ်တိုင်ဆင်းပါ။

ဖုန်း-၀၁-၂၉၁၃၅၃၊ ၀၁-၂၉၁၃၁၃၊ ၀၁-၂၉၁၃၁၄

ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)
နှစ်(၅၀)ပြည့် ရွှေရတုအခမ်းအနား ဖိတ်ကြားခြင်း

ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) နှစ်(၅၀)ပြည့် ရွှေရတုအခမ်းအနားကို ၁၀-၆-၂၀၁၃ရက်နှင့် ၁၁-၆-၂၀၁၃ရက်များတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသည်။ ယင်းအခမ်းအနားသို့ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)တွင် နှစ်ပေါင်း ၅၀ အတွင်း တာဝန်ထမ်းဆောင်ခဲ့ကြသော သုတေသီပညာရှင်ဆရာကြီး ဆရာမကြီးများနှင့် ဝန်ထမ်းဟောင်းများ ပါဝင်ဆင်နွှဲနိုင်ရန်အတွက် ဖိတ်ခေါ်အပ်ပါသည်။

ဝန်ထမ်းဟောင်းများအနေဖြင့် ဖိတ်စာရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ အခမ်းအနားသို့ အထက်ပါနေ့ရက်များတွင် တက်ရောက်နိုင်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။

အထက်ပါရွှေရတုအခမ်းအနားတွင် နိုင်ငံတော်မှပေးအပ်ချီးမြှင့်သော ဘွဲ့ထူး၊ ဂုဏ်ထူးရရှိသူများ၊ နိုင်ငံတော်မှကျင်းပပြုလုပ်သော သင်တန်းများတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသူများ၊ နိုင်ငံတကာတက္ကသိုလ်အဖွဲ့အစည်းများမှချီးမြှင့်သော ထူးချွန်ဆုတံဆိပ်၊ ဘွဲ့တံဆိပ်ရရှိခဲ့ကြသောဝန်ထမ်းများကို ဂုဏ်ပြုချီးမြှင့်မည့် အစီအစဉ်ပါဝင်သောကြောင့် ထူးချွန်ဆု၊ ဘွဲ့တံဆိပ်ရရှိခဲ့သူဝန်ထမ်းများသည် ဤဦးစီးဌာန စီမံရေးရာဌာနခွဲ(ဝန်ထမ်းရေးရာဌာနစိတ်)သို့ ၃၀-၅-၂၀၁၃ရက် နောက်ဆုံးထား ဆက်သွယ်သတင်းပေးပို့ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

သမိုင်းဝင် လယ်ဝေး ဖောင်တော်ချက်မ စေတီတော် ဗုဒ္ဓပူဇနိယပွဲတော်နှင့် ကဆုန်ညောင်ရေသွန်းပွဲတော် ကျင်းပ

နေပြည်တော် မေ ၂၁

နေပြည်တော် ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်၏ အထင်ကရပွဲတော်တစ်ခုဖြစ်သည့် ဖောင်တော်ချက်မ စေတီတော်ဗုဒ္ဓပူဇနိယပွဲတော်နှင့် ကဆုန်ညောင်ရေသွန်းပွဲတော်ကို စေတီတော်ပရိဝုဏ်၌ မေ ၂၂ ရက်မှ ဇွန်လ ၁၃ ရက်အထိ စည်ကား သိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဗုဒ္ဓပူဇနိယပွဲတော်ကို မေ ၂၂ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး ကဆုန်ညောင်ရေသွန်းပွဲတော်ကို မေ ၂၄ ရက် ညနေ ၃ နာရီတွင် ကျင်းပကာ ရန်ကုန်မြို့မှ ထင်ရှားကျော်ကြားသော စည်သူဘို၊ ရာဇာဘို၊ သူရဘို "ဘို" ဇာတ်အဖွဲ့ဖြင့် မြို့တွင်းသို့ လှည့်လည်ဧည့်ခံဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့အနေနဲ့ နှစ်စဉ်နှစ်တိုင်း ဖောင်တော်ချက်မပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပမြဲဖြစ်ပါတယ်၊ အခုနှစ်မှာလည်း အရင်နှစ်များထက်ပိုမိုစည်ကားသိုက်မြိုက်စွာ ကျင်းပသွားမှာဖြစ်ပါတယ်၊ လယ်ဝေးဖောင်တော်ချက်မ စေတီတော်ကြီးရဲ့ ဗုဒ္ဓပူဇနိယပွဲတော်ဟာ ရှေးယခင်ကတည်းက အစဉ်အလာမပျက် နှစ်စဉ်နှစ်တိုင်းကျင်းပပြုလုပ်မြဲဖြစ်တဲ့ သမိုင်းဝင်ဗုဒ္ဓပူဇနိယပွဲတော်ကြီးတစ်ခုဖြစ်ပါတယ်"ဟု ဖောင်တော်ချက်မစေတီတော် ဂေါပကအဖွဲ့အတွင်းရေးမှူးဦးစိုးမြင့်ကရှင်းပြသည်။

ပွဲတော်တွင် စားသောက်ဆိုင်များ၊ အဝတ်အထည်ဆိုင်များ၊ လူသုံးကုန်၊ အလှကုန်၊ ကလေးကစားစရာ အရုပ်ဆိုင်များ၊ ချား၊ ရဟတ် အပါအဝင်ဆိုင် ခန်းပေါင်း ၁၀၀၀ ကျော်ခင်းကျင်း ရောင်းချသွားမည်ဖြစ်ပြီး ယင်း ပွဲတော်ကြီးအတွက် အနယ်နယ်အရပ်ရပ်မှ လှူဒါန်းလိုသော အလှူရှင်များအနေဖြင့် ဖောင်တော်ချက်မ စေတီတော် ဂေါပကရုံးခန်း ဖုန်း- ၀၆၇-၃၀၃၄၀၊ ၀၆၇-၃၀၈၅၀ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **မင်းမင်းလတ်(မန်းတက္ကသိုလ်)**

CDMA 800 MHz ဖုန်းကတ် ဒုတိယအကြိမ်မဲဖောက် ရောင်းချ

ညောင်လေးပင် မေ ၂၁

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်တွင် ဒုတိယအကြိမ် တန်ဖိုးနည်း ငွေကျပ် ၁၅၀၀ တန် CDMA 800 MHz ဖုန်းကတ်များကို မေ ၁၉ ရက်တွင် မြို့ပေါ်ရပ်ကွက် ငါးခုနှင့် CDMA တိုင်နှင့် ငါးမိုင်ပတ်လည်တွင်ရှိသော ကျေးရွာများတွင် အများပြည်သူရှေ့၌ မဲဖောက်၍ စတင်ရောင်းချရာ ညောင်လေးပင်မြို့ မြို့မ(၁) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ နံနက် ၁၀ နာရီက ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးရှိန်အေးကိုယ်တိုင် ဦးဆောင်၍ အများပြည်သူရှေ့တွင် မဲနှိုက်၍ ထင်သာမြင်သာအောင် ဖုန်းလျှောက်သူ ၃၀၀ ကို ရွေးချယ်ကံစမ်းရာ ကံထူးသူပြည်သူ ၇၀ ဝယ်ယူခွင့်ရရှိခဲ့သည်။

ယခုမေလတွင် ညောင်လေးပင်မြို့နယ်၌ အများပြည်သူများအတွက် ၁၆၀၃ လုံး၊ ဌာနဆိုင်ရာအတွက် အလုံး၇၀၀တို့ကို ခွဲတမ်းချကာ တစ်မြို့နယ်လုံးအတိုင်းအတာဖြင့်ဖုန်းအလုံးပေါင်း၂၃၀၃လုံး ရောင်းချပေးနိုင်ပြီး ယခုအချိန်တွင်ရပ်ကွက်၊ ကျေးရွာများ၌ဝယ်ယူသူများ ယခင်ကထက်ပိုမိုများပြားလာကြောင်းသိရှိရသည်။ **နေလင်း**

ဥပဒေဘောင်တွင်း
နေထိုင်ခြင်း
ဘေးကင်းရန်ကွာ
စိတ်ချမ်းသာ

ပလိပ်မြို့ ရတနာလာဘမုနိဆုတောင်းပြည့် မြွေဘုရား
ဇာတ်ပွဲကပြခွင့် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ ပလိပ်မြို့ ရတနာလာဘမုနိဆုတောင်းပြည့် မြွေဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကြီးတွင် (၁၃၇၅ခုနှစ်၊ ဝါခေါင်လဆန်း ၈ရက်မှ ဝါခေါင်လပြည့်ကျော် ၇ရက်အထိ) ၁၄-၈-၂၀၁၃ရက်မှ ၂၈-၈-၂၀၁၃ရက်အထိ ၁၅ ညတိုင်တိုင် ဇာတ်ပွဲများကို အခြားပျော်ပွဲရွှင်ပွဲများနှင့်အတူ ကျင်းပပြုလုပ်မည်ဖြစ်၍ ဇာတ်ပွဲကပြခွင့်ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

၂။ ဇာတ်ပွဲကပြခွင့်၊လုပ်ပိုင်ခွင့်ရရှိလိုသူများသည် ဈေးပြိုင်တင်ဒါပုံစံနှင့်တင်ဒါစည်းကမ်းချက်တစ်စုံလျှင် ငွေကျပ် ၁၀၀၀၀ိ/နှုန်းဖြင့် ဂေါပကအဖွဲ့ရုံး၌ ၄-၆-၂၀၁၃ရက်နှင့် ၅-၆-၂၀၁၃ရက်များတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အိတ်ဖွင့်တင်ဒါများကို ၆-၆-၂၀၁၃ရက် ၁၂နာရီတွင် နောက်ဆုံးထား တင်သွင်းရန်ဖြစ်ပြီး မွန်းလွဲ ၁ နာရီတွင် တင်ဒါဖွင့်လှစ်ပါမည်။

အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မြွေဘုရား ဂေါပကအဖွဲ့ရုံးတွင် စုံစမ်းနိုင်ပါသည်။

ဂေါပကအဖွဲ့
ဖုန်း-၀၆၆-၄၂၀၁၃၊ ၀၉-၆၅၀၀၈၅၇



ကန့်ကွက်နိုင်ပါကြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ နဝရတ်လမ်းသွယ်၊ အိမ်အမှတ်(FF/၁၆-၁၇)နေ ဦးအောင်ကျော်သက်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ကျွဲနွားထောက်ကျေးရွာအုပ်စု၊ တိုးကြီးကုန်းကျေးရွာ၊ အရှေ့လားသော်-ဦးတူလား၏ ခြံမြေ၊ အနောက်လားသော်-ဦးစက်မူ၏ ခြံမြေနှင့်လမ်း၊ တောင်လားသော်-ဒေါ်နီနီ(ခ)ဒေါ်နွယ်နွယ်အေး၏ ခြံမြေ၊ မြောက်လားသော်-ဦးဘွချ်လူး၏ ခြံမြေအတွင်းတည်ရှိသည့် မြေအလျား(၆၅)ပေ၊ အနံပေ(၆၀)၊ မြေဧရိယာအားဖြင့် ဝဒသမ ဝ၉ဧကရှိ မြေနှင့်မြေပေါ်ရှိ အိမ်အမှတ်(၁၄၇)အပါအဝင် အကျိုးခံစားခွင့်များအားလုံးကို ပိုင်ရှင် ဦးတိုး(ခ)ဦးအောင်ကျော်ဆွေထံမှ အရပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသော ဦးခင်မောင်အေးကိုယ်တိုင်မှ လွှဲပြောင်းရောင်းချသောကြောင့် ဦးအောင်ကျော်သက်က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများ၊ တရားရုံးတားဝရမ်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူများမရှိပါက ဦးအောင်ကျော်သက်သည် အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ပြီးဆုံးတိုင်အောင် ပြုလုပ်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးအောင်ကျော်သက်၏လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်သာ (LL.B)
တရားလွှတ်တော်ရှေ့နေ
အမှတ်(၁၂၈)၊ ၈ လမ်း၊ (၇)ကွက်၊ ပြင်ဦးလွင်မြို့၊
ဖုန်း-၀၉-၂၀၄၅၈၇၅၊ ၀၈၅-၂၃၂၄၁၊ ၀၉-၄၇၂၁၅၉၀၂

ဆဒုံးမြို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

မြစ်ကြီးနား မေ ၂၁

ကချင်ပြည်နယ် ဆဒုံးမြို့ရဲစခန်းမှူး ရဲအုပ်ဝင်းဗိုလ်ဦးစီးသော တပ်ဖွဲ့ဝင်များသည် မေ ၁၇ ရက် မွန်းလွဲ ၂ နာရီခွဲခန့်က သတင်းအရ သက်သေများနှင့်အတူ ဆဒုံးမြို့အဝင် "ကြို့ဆိုပါ၏"ဆိုင်းဘုတ်အနီး ကားလမ်းပေါ် စောင့်ဆိုင်းနေစဉ် ကန်ပိုက်တီးမြို့ဘက်မှ ဝိုင်းမော်မြို့ဘက်သို့ ခမ်းမွန် မောင်းနှင်လာသော ရင်စင်းအမျိုးအစား 125 ဆိုင်ကယ်အမှတ် ၃၂ယ/. . . ကို တွေ့ရှိရ၍ ရပ်တန့်စေပြီး စစ်ဆေးရှာဖွေရာ ဆိုင်ကယ် ဖင်ထိုင်ခုံအောက်နှင့် ဘေးကာဗာများအကြား သိုဝှက်သယ်ဆောင်လာသည့် အစိမ်းရောင်ဆပ်ပြာခွက်အတွင်းမှ ဘိန်းဖြူဟုယူဆရသော အဖြူမှုန့် အလေးချိန် ၁၃ ဂရမ်ခန့် (ကာလတန်ဖိုးငွေကျပ် ၆၅၀၀၀၀)၊ WYစာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၉၃ပြား(ကာလတန်ဖိုးငွေကျပ်၂၂၇၉၀၀၀)နှင့်ဘိန်းမည်းဟုယူဆရသောအလေးချိန် ၁ ဒသမ ၄ ကီလိုဂရမ်ခန့်(ကာလတန်ဖိုးငွေကျပ် ၂၁ သိန်း) တို့ကို သိမ်းဆည်းရမိသဖြင့် ခမ်းမွန် (၅၀နှစ်) ရွှေမောင်းရပ်ကွက် နမ္မတီးကျေးရွာအုပ်စု မိုးကောင်းမြို့နယ်နေသူကို ဆဒုံးမြို့ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ (၀၆၂)

တိုက်ဂါးယာဉ်ဖြင့် သယ်ဆောင်လာသော ကျောက်စိမ်းတုံးများ သိမ်းဆည်းရမိ

နောင်ချို မေ ၂၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် တိုးဂိတ်အနီးတွင် ယာယီအခြေပြုလျက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ဦးတင်မြင့်ဦး(လ/ထ ညွှန်မှူး)၊ ဦးဝင်းနိုင်(ဦးစီးအရာရှိ) ဦးဆောင်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲအုပ်မိုးညွန့်ဦး ဦးစီးသော ရဲတပ်ဖွဲ့ဝင်များ၊ အကောက်ခွန်ဦးစီးဌာန ဝန်ထမ်းများပါဝင်သည့် Mobile Teamp ပူးပေါင်းအဖွဲ့တို့သည် မေ ၁၃ ရက်က မော်တော်ယာဉ် စစ်ဆေးမှုများ ဆောင်ရွက်ကြစဉ် ယာဉ်မောင်း ရဲလင်းနိုင် မောင်းနှင်လာသော ၂၈/--- ဟိုင်းလပ်စ်တိုက်ဂါးယာဉ်ပေါ်တွင် တင်ဆောင်လာသည့် ကျောက်စိမ်းကျောက်အရွယ်စုံ ၆၄ တုံးကို ရှာဖွေတွေ့ရှိသိမ်းဆည်းရမိသည်။ ကျောက်စိမ်းသယ်ဆောင်လာသူ ရဲလင်းနိုင်ကို နောင်ချိုရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ (၀၆၁)

လုပ်ငန်းချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ပရိဝုဏ်ရှိ အောက်ဖော်ပြပါလုပ်ငန်းများအတွက် ဗုဒ္ဓဘာသာကိုးကွယ်သူမြန်မာနိုင်ငံသားများထံမှ ချိပ်ပိတ်တင်ဒါများ အလိုရှိပါသည်။

(က) ဓာတ်ပုံလုပ်ငန်း
(ခ) ပန်းအရောင်းဆိုင်လုပ်ငန်း
(ဂ) ယာဉ်ရပ်နားခကောက်ခံမှုလုပ်ငန်းတို့ ဖြစ်ပါသည်။

တင်ဒါပိတ်ရက်မှာ ၂၈-၅-၂၀၁၃ရက် ညနေ ၄း၀၀နာရီဖြစ်ပါသည်။

စည်းကမ်းချက်များကို သိရှိလိုပါက စေတီတော်ဂေါပကအဖွဲ့ထံ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဂေါပကအဖွဲ့
ကမ္ဘာအေးစေတီတော်
ဖုန်း-၆၆၀၀၀၂၊ ၆၆၅၄၂၅

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

သွားကျန်းမာရေးအတွက် ကောင်းမွန်စေသော အစားအစာများ

ပုံမှန်သွားတိုက်ခြင်းကသာလျှင် ကျန်းမာကြံ့ခိုင်သော သွားများပိုင်ဆိုင်စေရန် တစ်ခုတည်းသော နည်းလမ်း မဟုတ်ဘဲ အောက်ပါအစားအစာတို့သည်လည်း သွားကျန်းမာရေးအတွက် အထောက်အကူဖြစ်စေနိုင်ပါသည်။

မုန်ညင်းရွက် (တရုတ်နံနံကြီး)

ယင်းသည် အမျှင်ဓာတ်ကြွယ်ဝပြီး အရိုးကို ဝါးပေးပါက သွားများကို သန့်ရှင်းစေသည်။ ထို့အပြင် သွားရည်ထုတ်ပေးမှု ပိုကောင်းစေပြီး ခံတွင်းအတွင်းရှိ PH levels ကို မျှခြေအနေအထားသို့ရောက်ရှိရန် ကူညီပေးနိုင်စွမ်းရှိသည်။

ဗီတာမင်စီပြည့်ဝသောအသီးများ (လိမ္မော်သီး)

ဗီတာမင်စီသည် သွားဖုံးကျန်းမာရေးအတွက်အရေးကြီးသောအာဟာရဖြည့်အစာဖြစ်သည်။ နေ့စဉ်စားသုံးမှုများထဲတွင် ဗီတာမင်စီမလုံလောက်ပါက သွားဖုံးရောင်ရမ်းခြင်း၊ သွေးထွက်ခြင်းများ ဖြစ်ပေါ်စေနိုင်သည့် အပြင်သွားကြံ့ခိုင်မှု အားနည်းကာ သွားများ ယိုင်နဲ့စေသည်။

ဒိန်ချဉ်

ဒိန်ချဉ်တွင်ပါဝင်သောကယ်လ်စီယမ်နှင့် ဖော့စဖိတ်ဓာတ်သည်ခံတွင်းရှိ PH levels ကို ချိန်ညှိပေးနိုင်ရှိပြီး သွားအခေါင်းပေါက် ဖြစ်ပေါ်စေခြင်းကို တားဆီးပေးသည်။ ဒိန်ချဉ်သည် သွားနှင့်အရိုးများအား သန်မာစေသော ကယ်လ်စီယမ်ဓာတ် အပြည့်ဝဆုံးသောအစာ ဖြစ်သည်။

Black tea

Black tea ထဲတွင် ပါဝင်သော polyphenols သည် ခံတွင်းရောဂါများနှင့် သွားပိုးစားခြင်းများကို ကာကွယ်ပေးနိုင်ပြီး သွားခေါင်းပေါက်များအတွင်းရှိ ဗက်တီးရီးယားပိုးများကို နှိမ်နင်းပေးနိုင်စွမ်းရှိသည်။

Shitake mushrooms

အရှေ့တောင်အာရှဒေသများတွင် အတွေ့အများဆုံးသော မှိုတစ်မျိုးဖြစ်သည်။ မှိုစားသုံးခြင်းသည် ခန္ဓာကိုယ်တွင်း ဖွဲ့စည်းပုံစနစ်ကို ကောင်းမွန်စေနိုင်သကဲ့သို့ သွားကျန်းမာရေးအတွက်လည်း ကောင်းမွန်သည်။ Shitake မှိုများတွင် ပါဝင်သော lentinans သည် သွားချေးများကို ချေဖျက်ပေးနိုင်စွမ်းရှိသည်။

ရေ

သွားများကျန်းမာရေးအတွက် အလွယ်ကူဆုံး နည်းလမ်းမှာ ရေများများ သောက်ပေးခြင်းပင်ဖြစ်ပါသည်။ ရေသောက်ခြင်းကြောင့် သွားဖုံးများအား အစိုဓာတ်ပြည့်ဝစေပြီး သွားရည်ထုတ်ပေးနိုင်မှုကို အထောက်အကူပေးသည်။ သွားကြိုသွားကြားတွင်ရှိ တင်ကျန်ရစ်သော စားကြွင်းစားကျန်များကို ဖယ်ရှားရှင်းလင်းပေးပြီး ခံတွင်းအနံ့အသက် ကင်းစင်စေပါသည်။

နေခြည်-ရေးသားသည်

အင်းလေးရေပြင်အတွင်းမှ ငါးသားပေါက်များအား ဘေးမဲ့ပေးကြရန်လို

ညောင်ရွှေ မေ ၂၁

ယခုကာလတွင် အင်းလေးကန်အတွင်း ငါးရစ်ငါး တက်ချိန်ဖြစ်သည်။ မေ ၁၀ ရက်မှ ဇူလိုင် ၂၃ ရက်အထိ အဆိုပါ ငါးရစ်ငါးများ သားပေါက်ချိန် ကာလဖြစ်သည်။

ယင်းကာလအတွင်း ငါးဖမ်းဆီးခွင့် လက်မှတ်ရရှိထားကြသော ရေလုပ်သားများအနေဖြင့် ငါးမဖမ်းရ သတ်မှတ်ထားသည့် လများအတွင်း သားပေါက်မည့်ငါးရစ်ငါးများကိုဖမ်းဆီးနေကြကြောင်းတွေ့မြင်ခဲ့ရသည်။ စင်စစ်ငါးမဖမ်းရဇုန်များတည်ထောင်၍ ထိန်းသိမ်းခြင်းသည်ကန့်သတ်ခြင်းမဟုတ်။ မနက်ဖြန်များစွာအတွက် ရိက္ခာသိုမှီးဖူလုံစေခြင်းပင်ဖြစ်ကြောင်း ရေလုပ်သားများအနေဖြင့်နားလည်သဘောပေါက်ရန် အထူးပင် လိုအပ်လှသည်။

ခင်မောင်မြ(ညောင်ရွှေ)

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ကျင်းပ

တောင်ငူ မေ ၂၁

ဇွန် ၂၆ ရက်တွင် ကျရောက်မည့် (၁၆)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ ပြိုင်ပွဲကို ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ခပေါင်းခန်းမ၌မေ ၂၀ရက် နံနက် ၉နာရီကကျင်းပသည်။ **(ယာပုံ)**

ရှင်းလင်းပြောကြား

အခမ်းအနားတွင်တောင်ငူခရိုင်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ တောင်ငူခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိုးလင်းအောင်က အမှာစကား ပြောကြားသည်။ ဆက်လက်၍ တောင်ငူခရိုင်မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့အတွင်းရေးမှူးရဲမှူးစန်းစန်းဝင်းက ပြိုင်ပွဲ၏ စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး တောင်ငူပညာရေးကောလိပ် ဦးစီးအရာရှိ ဦးမြင့်သူက ကာတွန်း၊ ပန်းချီ၊ ပိုစတာ ရေးဆွဲခြင်းနှင့်ပတ်သက်သည့်လိုအပ်ချက်များကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် တောင်ငူခရိုင် အုပ်ချုပ်ရေးမှူး ဦးကျော်သက်နှင့် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိုးလင်းအောင်တို့က ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ပြိုင်ပွဲတွင် ကျောင်းသားကျောင်းသူ ၆၆ ဦး ပါဝင်ယှဉ်ပြိုင်ရေးဆွဲကြသည်။ အနာဂတ်ကလေးများဘဝရည်မှန်းချက်များ ပိုမိုခိုင်မာလာစေရန် ရည်ရွယ်၍ "ကျန်းမာပျော်ရွှင် မူးယစ်ကင်းစင်သည့် လူ့ဘောင်ဘဝဖြစ်လာဖို့ တစ်ကမ္ဘာလုံးဝိုင်းဝန်းဆောင်ရွက်စို့၊ အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး၊ တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှ၊ မူးယစ်ကင်းစင် အောင်ပွဲဆင်၊ မင်းဘဝမင်းမိသားစုမင်း ပတ်ဝန်းကျင် လုံခြုံဖို့ မူးယစ်ဆေးရှောင်ကြစို့"ဟူသော ဆောင်ပုဒ်နှင့်အညီ ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

သူရ(တောင်ငူ)

မြန်ပြည်တစ်လွှား မီးမပွားရေး တားဆီးပေး



အကြိမ်(၅၀)မြောက် ရွှေရတုမြန်မာ့ကျောက်မျက်ရတနာပြပွဲအထိမ်းအမှတ်အဖြစ် အမှတ်တရပစ္စည်းများ ထုတ်လုပ်ရောင်းချရေးကိစ္စ

- **အမှတ်တရပစ္စည်းအမျိုးအစား။** ကျောက်စိမ်းရုပ်တု၊ ရုပ်ထွင်း၊ သစ်သားရုပ်တု၊ ရုပ်ထွင်းထည်များနှင့် ငွေရုပ်တု၊ ရုပ်ထွင်းပါသော့ချိတ်များ၊ အမှတ်တရဖြစ်စေမည့် အခြားမြန်မာလက်မှုထည်ပစ္စည်းများ၊ ဦးထုပ်၊ စွပ်ကျယ်၊ အိတ်စသည့် ချုပ်လုပ်ပြီးထည်များ၊
- **အထိမ်းအမှတ်တံဆိပ်။** ကျောက်မျက်အသင်းချုပ်မှ သတ်မှတ်ထားသော (LOGO) တံဆိပ်နှင့် စာတမ်းကိုသာ အသုံးပြုရမည်။ နမူနာကို အသင်းချုပ်တွင် တောင်းခံရယူနိုင်ပါသည်။
- အမှတ်တရထုတ်လုပ်ရောင်းချလိုသော ပစ္စည်းအမျိုးအစား နမူနာများကို ကျောက်မျက်အသင်းချုပ်(ရန်ကုန်)သို့ ၁၅-၅-၂၀၁၃ ရက်မှ ၃၁-၅-၂၀၁၃ ရက်အတွင်း လူကိုယ်တိုင် လာရောက်ပေးသွင်းနိုင်ပါသည်.
- ကျောက်မျက်အသင်းချုပ်မှ စိစစ်အတည်ပြုပြီး အမှတ်တရပစ္စည်းများကိုသာ မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် တင်ပြရောင်းချခွင့်ပြုပါမည်။
- အမှတ်တရပစ္စည်း ထုတ်လုပ်ရောင်းချလိုသူများသည် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

ဖုန်း-၂၃၀၀၁၅၉၊ ၂၁၈၄၅၁၊ ၀၉-၈၆၁၁၂၈၅ (ရန်ကုန်)
၀၆၇-၄၃၂၃၈၄၊ ၀၆၇-၄၃၂၃၈၁ (နေပြည်တော်)

မြန်မာနိုင်ငံကျောက်မျက်ရတနာ
လုပ်ငန်းရှင်များအသင်းချုပ်

ပြင်ဆင်ဖတ်ရှုပါရန်

၁၀-၄-၂၀၁၃ရက် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာကြော်ငြာ (၁၆) ကန့်ကွက်နိုင်ကြောင်းကြော်ငြာ သာကေတမြို့နယ် ဦးငွေဝင်း+၈၏ မြေပုံကူးတွင် မြေကွက်အမှတ် ၁၆၃၇ အစား ၁၆၃၇/ခ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/နွယ်အေး၊ မြေကွက်အမှတ် ခ/၉၃၊ မြေကွက်တည်နေရာ၂၇၉၊ စကားဝါ၃လမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးမောင်သိန်း အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးမောင်သိန်းနှင့်ဇနီး ဒေါ်စိန်မြ ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသမီး ဒေါ်နွဲ့ရီမှ ပိုင်ဆိုင်ကြောင်းစာချုပ် ၂၂၀၅/၂၀၁၂/၂၅-၅-၂၀၁၂ ဖြင့် ပိုင်ခဲ့ပြီး ၄င်းမှ အရောင်းအဝယ်စာချုပ်အမှတ် ၆၄၈၆/၂၀၁၂/၂၀-၁၁-၂၀၁၂ ဖြင့် ဦးအဘူအော်ဖာ အေအိုင်-၁၃၇၅၈၈ ရောင်းခဲ့ပြီး ယခုအခါ ဦးအဘူအော်ဖာက ယင်းစာချုပ်များတင်ပြပြီး ဂရန်မိတ္တူလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် ၇၉၊ မြေကွက်အမှတ် ၆၆၁၊ အမည်ပေါက် ဦးရွှေမန်း ၁၂/ပဘတ(နိုင်)၀၁၁၅၈၈ ထံမှ ဝယ်ယူထားသူ ဒေါ်သက်သက်ဝေ(ခ)သက်သက်မော် ၁၀/သထန(နိုင်)၀၈၈၄၅၅ က မြေချပါမစ်ပြုလုပ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ် ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ပြင်ဆင်ဖတ်ရှုပါရန်

၁၇-၅-၂၀၁၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၇)ပါ **မည်သူမဆို ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း** ခေါင်းစဉ်အောက်၌ ဖော်ပြပါရှိသော ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄စီ၂(၇၁)၊ မြေကွက်အမှတ် V ၄၊ ဧရိယာ ၀ ဒသမ ၃၉ ဧကရှိ နှစ် ၉၀ဂရန်မြေကွက်နှင့်စပ်လျဉ်း၍ မြေအမည်ပေါက်ပိုင်ဆိုင်သူကို ဒေါ်သန်းသန်းငွေဟု ဖော်ပြထားခြင်းအား ဒေါ်သန်းငွေဟူ၍လည်းကောင်း၊ မြေဧရိယာ ၀ဒသမ ၃၉ဧကကို ၀ဒသမ ၀၃၉ဧကဟူ၍လည်းကောင်း ပြင်ဆင်ဖတ်ရှုပါရန်။

ဦးခင်မောင်ညွှန့် (တရားလွှတ်တော်ရှေ့နေ)
အမှတ် ၆၂ (ပထမထပ်)၊ အခန်း ၁၈၊ ပန်းဆိုးတန်းလမ်း၊ (ကုန်သည်လမ်းထောင့်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၈၄၂၁၇

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ လှူနေရပ်ကွက်အမှတ် ၉၊ မြေတိုင်းရပ်ကွက်အမှတ် ၉၊ အလျား၄၅ပေ×အနံပေ၆၀၊ ဧရိယာစတုရန်းပေ ၂၇၀၀၊ ၀ ဒသမ ၀၆၁ဧကရှိ ဒေါ်သန်းသန်းဝင်း CF-၀၈၇၁၈၉အမည်ပေါက်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံအကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်သန်းသန်းဝင်း ကွယ်လွန်သဖြင့် ၄င်း၏တရားဝင်အမွေဆက်ခံပိုင်ဆိုင်သူများထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

ထိုမြေကွက်အား ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသည်ဟု အဆိုရှိသူ မည်သူမဆို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ ခိုင်လုံသော စာရွက်စာတမ်း(မူရင်း)များဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဒေါ်စန်းစန်းအေး	**ဦးကြည် B.A, H.G.P, R.L**
အထက်တန်းရှေ့နေ (စဉ်-၄၀၀၆၉)	**တရားလွှတ်တော်ရှေ့နေ (စဉ်-၃၄၆၂)**
ဖုန်း-၀၉-၄၂၁၀၈၆၀၉၁	**အမှတ် ၄၂၇၊ ဇာနည် ၁၁ လမ်း၊ (၉)ရပ်ကွက်၊**
	တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊
	ဖုန်း-၀၁-၅၇၇၇၉၁၊ ၀၉-၅၀၇၄၅၆၁

ကျော်ငြာ

ဝမ်းနည်းကြေကွဲခြင်း

ဇေယျကျော်ထင် ဗိုလ်ချုပ်ကျော်စွာခိုင် (ငြိမ်း)

စက်မှု(၁)ဝန်ကြီး(ငြိမ်း)

အသက်(၆၅)နှစ်

အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ ဝန်ကြီး(ငြိမ်း) ဗိုလ်ချုပ်ကျော်စွာခိုင်သည် ၁၆-၅-၂၀၁၃ရက် ည ၇း၁၅နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးဆောင်ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ
အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း
စက်မှုဝန်ကြီးဌာန

အထူးဝမ်းနည်းကြေကွဲခြင်း

ပါမောက္ခ ဒေါက်တာဦးမျိုးမြင့်

အရိုးခွဲစိတ်အထူးကုဆရာဝန်ကြီး

ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့

ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆေးကောင်စီ

ပါမောက္ခချုပ်(ငြိမ်း)(ဆေး-၁)

ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)(၁၉၉၉-၂၀၀၅)

ဦးဆောင်နာယက-ဗဟိုရိုးရည်အထူးကုဆေးရုံ

အသက်(၇၀)

ဆရာကြီး ပါမောက္ခ ဒေါက်တာဦးမျိုးမြင့်သည် ၁၅-၅-၂၀၁၃ရက် နံနက်ပိုင်းတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးဇော်မိုးနိုင်-ဒေါက်တာစေနနွယ်
Success & Success International Ltd.
AA Medical Products Ltd.

ဦးသန်းထွန်း (သွားတုကျွမ်းကျင်)

အသက်(၆၀)

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ကမ်းနားလမ်း၊ အမှတ် ၅၇၂(ခြောက်လွှာ)နေ(ဦးဘိုခင်-ဒေါ်သိန်းခင်)တို့၏သားကြီး၊ (ဦးအောင်စိန်-ဒေါ်အောင်တင်)တို့၏သားသမက်၊ ဦးသန်းမြင့်-ဒေါ်လှလှဝင်၊ဒေါ်ခင်စန်းဝင်း၊ဦးဌေးအောင်-ဒေါ်ဝါဝါတို့၏အစ်ကိုကြီး၊ ဒေါ်ထွေးရီ၏ခင်ပွန်း၊ မဖြူနှင်းအေး(အလုပ်သင်ဆရာဝန်)၊ ဗဟိုအမျိုးသမီးဆေးရုံ(ကြီး)၏ဖခင်သည် ၂၀-၅-၂၀၁၃ရက်(တနင်္လာနေ့) ည ၁၀း၁၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး နှလုံးဌာန၌ ကွယ်လွန်သွားပါ၍ ၂၄-၅-၂၀၁၃ရက်(သောကြာနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်သင်းအေး

အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ အမှတ် ၁၉ (D)၊ ဂန္ဓမာလမ်း၊ ချမ်းသာရွှေပြည်အိမ်ရာနေ ဦးလေးမောင်၊ နိုင်ငံခြားရေးဝန်ကြီး(ငြိမ်း)၊ ပြည်သူ့ဥပဒေအကြံပေးအဖွဲ့ဝင်(ငြိမ်း)-ဒေါ်တင်တင်အေး)တို့၏သမီးကြီး၊ (ဦးလှထင်-ဒေါ်ရွှေခင်)တို့၏သမီးချွေးမ၊ ကိုဖြိုးသိန်းကျော်-မရည်မွန်လွင်၊ မောင်သက်အောင်လွင်၊ မောင်ထွေးအောင်လွင်-မချောစုထွေးတို့၏မိခင်၊ မသွန်းကြယ်စင်၏အဘွား၊ ဦးကျော်လွင်၏ဇနီးသည် ၂၀-၅-၂၀၁၃ရက်(တနင်္လာနေ့) နံနက် ၀၀း၄၀ နာရီတွင် သုခကမ္ဘာဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၆-၅-၂၀၁၃ရက် (တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးဝင်းထွေး

(ကထိက၊ ကျောက်ဆည်တက္ကသိုလ်)

အသက်(၅၂)နှစ်

မိတ္ထီလာမြို့၊ အောင်ဆန်းနယ်မြေ၊ တက္ကသိုလ်ဝင်းနေ ဒေါ်ခင်မာဝေ၏ခင်ပွန်း၊ မောင်စိုးသိမ်းအောင်၊ (မယ်ဒိုးပိုင်)၊ မဝေဝေဖြိုး၊ မစာလီထက်တို့၏ဖခင်သည် ၂၀-၅-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၁၃ရက်(အင်္ဂါနေ့) ညနေ ၄နာရီတွင် အထက်ပါနေအိမ်မှ မြင်တော်ကန်သုသာန်၌သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား သိစေအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၆-၅-၂၀၁၃ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူဇနီးနှင့်မိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

ဒေါ်ဥမ္မာခင်(ခ)VICTORIA

B.Econ (Stats)

နမ့်တူမြို့

အသက်(၄၉)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သံသုမလလမ်း၊သုဝဏ္ဏ၊TOSTA အိမ်ရာ၊ တိုက် ၄၊ အခန်း ၁၀၁နေ (ဦးအုန်းမောင်-ဒေါ်ခင်ကြည်)တို့၏သမီး၊ဦးတင်လွင်-(ဒေါ်အေးတင်)တို့၏ သမီးချွေးမ၊ ဦးသိန်းဇော် (CEO ဝါဝါဝင်းဆောက်လုပ်ရေး)၏ဇနီးမရတနာဇော်(SEC 3A, ILBC)၊ ဒေဗီရီဇော်(PRI MARY 4G, ILBC)တို့၏မိခင်၊ ဒေါ်ခင်မကြည်(ပညာရေးတက္ကသိုလ်(ငြိမ်း)၊ ဒေါက်တာမျိုးသန့်-ဒေါ်မြင့်မြင့်ဝေ၊ ဦးစံတင်-ဒေါ်လှမျိုးနွယ်၊ ဦးသိန်းဇော်-ဒေါ်သီတာဖြူ၊ ဦးဇော်မောင်မြင့်၊ ဒေါ်ထားစန္ဒာတို့၏ညီမသည် ၁၈-၅-၂၀၁၃ရက်(စနေနေ့) ည ၂၀း၃၀နာရီတွင် ထိုင်းနိုင်ငံ၊ ကျောက်ဖရားဆေးရုံတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၂-၅-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၃း၃၀နာရီတွင် ရေဝေးခရစ်ယာန် ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး

ဒေါ်ခင်သင်းအေး

အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ အမှတ် ၁၉ (D)၊ ဂန္ဓမာလမ်း၊ ချမ်းသာရွှေပြည်အိမ်ရာနေ ဦးလေးမောင်၊ နိုင်ငံခြားရေးဝန်ကြီး(ငြိမ်း)၊ ပြည်သူ့ဥပဒေအကြံပေးအဖွဲ့ဝင်(ငြိမ်း)-ဒေါ်တင်တင်အေး)တို့၏သမီးကြီး၊ (ဦးလှထင်-ဒေါ်ရွှေခင်)တို့၏ သမီးချွေးမ၊ ဦးကျော်လွင်(M.D KERNEL Co.,Ltd.)၏ဇနီး၊ ကိုဖြိုးသိန်းကျော်-မရည်မွန်လွင်၊ မောင်သက်အောင်လွင်၊ မောင်ထွေးအောင်လွင် - မချောစုထွေးတို့၏မိခင်၊ မသွန်းကြယ်စင်၏အဘွား၊ ဦးမင်းအေး(ဦးကျော်အေး)-ဒေါ်ကြွက်ကြွက်(တောင်၊ ဦးကျော်မင်း)၊ ဒေါ်တင်သန်း-ဦးစိန်အောင်တို့၏ညီမ၊ ဒေါ်ခင်ဦးအေး-(ဦးမင်းနိုင်အောင်)၊ ဒေါ်ခင်ငြိမ်းအေး - ဦးကျော်ညွန့်လွင်(သံမှူး၊ မြန်မာအဖွဲ့ရုံး၊ ကြိုးနီမူးစီ)၊ ဒေါ်ဖြူဖြူသန်း-ဦးခင်မောင်ဦး၊ ဒေါ်နွယ်နွယ်သန်း-ဦးဇေယျာကိုတို့၏အစ်မ၊ ဒေါ်နှင်းသီလွင်-ဦးကြည်မောင်၊ ဦးအောင်မိုး၊ ဒေါ်လှမြင့်ကြည်၊ ဦးမြင့်သူ-ဒေါ်အိအိဇော်တို့၏အစ်မ၊ ဦးကျော်လွင်၏ဇနီးသည် ၂၀-၅-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၀၀း၄၀နာရီတွင် သုခကမ္ဘာဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ် ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်ထွေး (အင်းစိန်)

အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ ရှမ်းကုန်းလမ်း မ/၆နေ (ဦးဘိုးကျော်-ဒေါ်သိန်းရင်)တို့၏သမီး၊ (ဦးအေးမောင်-ဒေါ်သန်း)တို့၏သမီးချွေးမ၊ (ဦးပန်းစိန်-ဒေါ်ခင်မေ)၊ (ဦးမောင်မောင်-ဒေါ်ငွေတော်)၊ ဦးလှကြည်-ဒေါ်တင်ဥ)၊ ဦးကျော်တင့်-ဒေါ်တင်သန်း၊ (ဦးမြအေး-ဒေါ်ခင်ဝင်း)၊ (ဦးဝင်းမောင်)-ဒေါ်ပြုံးတို့၏ညီမ၊ ဦးမောင်မောင်မြင့်-ဒေါ်ခင်ခင်ချိုတို့၏အစ်မ(ဦးသိန်းဆောင်)၏ဇနီးသည် ၂၁-၅-၂၀၁၃ရက်(အင်္ဂါနေ့) နံနက် ၀၀း၂၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၅-၂၀၁၃ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးသန်းမောင်(ဝေါ) (B.Com-IT)

လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)

ပဲခူးတိုင်းဒေသကြီး၊ သမဝါယမဦးစီးဌာန

အသက်(၆၉)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ မြစ်ကျိုးရွာနေ (ဦးထွန်းဝင်း-ဒေါ်အုန်း)တို့၏သား၊ ပဲခူးမြို့နေ (ဦးမောင်မောင်-ဒေါ်တုတ်)တို့၏သားသမက်၊ (ဦးဘိုရှီ)-ဒေါ်ကြည်အောင်၊ (ဦးဘမြင့်-ဒေါ်ချိုချို)၊ ဦးစံတင်-ဒေါ်စိန်စိန်ရီတို့၏ညီ/မောင်၊ ဦးထွန်းအောင်ကျော် (ညွှန်ကြားရေးမှူး၊ ကညန)-ဒေါ်ခင်လေးစု၊ ဦးတင့်လွင်-ဒေါ်ဌေးဌေးအေး၊ ဦးမြင့်ဦး-ဒေါ်ကျင်ထွေး၊ ဦးတင်ဝင်းတို့၏အစ်ကို၊ လှည်းကူးမြို့၊ မြို့မရပ်ကွက်၊ ရွာမပိုင်းနေ ဒေါ်ခင်မြင့်ဦး(သ/မဦးစီးမှူး၊ ငြိမ်း)၏ခင်ပွန်းသည် ၂၁-၅-၂၀၁၃ရက်(အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၅-၂၀၁၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် လှည်းကူးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဒေါ်ခင်ဝါဝါ (ကျိုက်လတ်)

အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်အရှေ့ရပ်ကွက်၊နှင်းဆီကုန်းလမ်းအမှတ် ၆၉(ဘီ)နေ ဦးထန်လိုက်-ဒေါ်ကျင်စိန်(ခ)ဒေါ်လှမ်းရာ)တို့၏သမီး၊ (ဦးသိန်းရွှေ - ဒေါ်ကျင်)တို့၏ သမီးချွေးမ၊ (ဦးအောင်လင်း)၏ဇနီး၊ ကိုမောင်ဝင်း-မနိုင်နိုင်ဝင်း၊ မလိုင်ဝေလင်း၊ ကိုကျော်ကျော်-မလှကေသီ၊ မသန္တာလင်း၊ မောင်မိုးဆန်း-မဇာဇာလှိုင်၊ မဌေးဌေးအေးလင်းတို့၏မိခင်သည် ၂၁-၅-၂၀၁၃ရက်နံနက် ၄း၄၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၅-၂၀၁၃ရက် နံနက် ၁၁နာရီတွင် ရေဝေးအေးအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်အေး

အသက်(၇၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဥယျာဉ်ကျေးရွာနေ (ဦးကြာညွှန့်-ဒေါ်နှင်းညွှန့်)တို့၏သမီး၊ (ဦးတင်ညွှန့် - ဒေါ်သန်းရွှေ)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်/အနောက်ရပ်ကွက်၊ သီရိဂုဏ်ရည်ရိပ် ၂လမ်း၊ အမှတ် ၂၀နေ ဦးလှိုင်ရွှေ၏ဇနီး၊ကိုဇော်ဇော်(Moon Soon Maritime) - မဟေဝင်း (ရွှေကြည်) (Myanmar C.P Livestock)၊ ကိုမိုးကျော်သူ-မသင်းသင်းလှိုင် (Dynasty Gems)တို့၏မိခင်၊ မရတနာဇော်ဇော် (Dynasty Gems)၊ မောင်ကောင်းထက်ဇော်၊မသင်းသူသူလှိုင်တို့၏အဘွားသည် ၂၀-၅-၂၀၁၃ရက် (တနင်္လာနေ့) ည ၁၀း၁၅နာရီတွင် အာရှတော်ဝင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၅-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်သင်းရီ

အမက(၂)ဆရာမ(ငြိမ်း)

အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၂၈ လမ်း(လယ်)၊ (၀)ထပ်နေ (ဦးဘိုးရွှေ-ဒေါ်တင်ဦး)တို့၏သမီး၊ (ဦးထွန်းမောင်-ဒေါ်သန်းလှ)တို့၏သမီးချွေးမ၊ ဦးဘုတ်ထွန်း၏ဇနီး၊ (ဦးစိန်ဝင်းမောင်)-ဒေါ်တင်တင်ဝင်း၊ဒုတိယဗိုလ်မှူးကြီးမျိုးဝင်း(ငြိမ်း)-ဒေါ်အေးအေးကြွယ်တို့၏ညီမ၊ ဦးဇော်ထူး(လောက်ကိုင်ခရိုင် တရားသူကြီး)-ဒေါ်နန္ဒာ(ဒုတိယမြို့နယ်တရားသူကြီး ဒဂုံ)၊ တောင်(မြို့နယ်)တို့၏အစ်မ၊ ဦးရွှေမျိုးသက်ဦး-ဒေါ်ညိညိမြင့်၊ ဦးနိုင်လင်းထွန်းတို့၏မိခင်၊ ထူးတုတုနှင့် လေးယောက်တို့၏အဒေါ်၊ အဖွားအောင်မြတ်ယောက်၏အဘွားသည် ၂၀-၅-၂၀၁၃ရက် ညနေ ၆း၂၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၂-၅-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးလှအောင်

(မြမွှုလက်ဖက်ရည်ဆိုင်)

အသက်(၅၆)နှစ်

ပဲခူးတိုင်းဒေသကြီး၊ သုံးခွဲမြို့ ကျေးရွာနေ (ဦးကျွယ်ဝါ-ဒေါ်ခင်ဝင်း)တို့၏သားထွေး၊ (ဦးစံဝင်း)-ဒေါ်အုန်းကြည်တို့၏သားသမက်၊ (ဦးကျော်ကျင်အေး)-ဒေါ်ကျင်မေ၊ ဦးသိန်းမြင့်-ဒေါ်ကျင်အေး၊ ဒေါ်ကျင်ရွှေ၊ ဦးကျင်ထိုး၊ ဦးသက်တင့်တို့၏ညီ/မောင်၊ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ၈/မြောက်ရပ်ကွက်၊ လေးထောင့်ကန်လမ်း၊ အမှတ် ၈/၁၁၁နေ ဒေါ်စန္ဒာစိုးကြည်၏ခင်ပွန်း၊ မောင်စိုးမိုးအောင်၏ဖခင်သည် ၂၁-၅-၂၀၁၃ (အင်္ဂါနေ့) မွန်းလွဲ ၂း၃၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၃-၅-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်ခင်း(ခ)
ဒေါ်ညိညိဝင်း

အသက်(၆၃)နှစ်

ဗန်းမော်မြို့၊ ခွဲခံသာရပ်ကွက်နေ ဦးခင်မောင် (ပညာရေး၊ ငြိမ်း)၏ဇနီး၊ မန္တလေးမြို့နေ ဦးမြင့်သန်း-ဒေါ်ဝင်းကြည်၊ ကြံခင်းမြို့နေ ဦးဇော်မင်း(လက်ထောက်ကထိက(မှူး)) - ဒေါ်ခင်ရီတို့၏အစ်မ၊ ဗန်းမော်မြို့၊ ခွဲခံသာရပ်ကွက်နေ ကိုသိန်းဦး-မစန္ဒာကျော်ဝင့်ဦး-မစန်းစန်းထွေး၊ ရန်ကုန်မြို့၊ သဃ်ဃန်းကျွန်းမြို့နေ မခင်မိုး၊ ကိုကျော်ဇွား 3/E-Lister တို့၏မိခင်၊ မြေးလေးယောက်တို့၏အဘွားသည် ၂၀-၅-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၇း၅၅ နာရီတွင်ကွယ်လွန်သွားပါသဖြင့်၂၂-၅-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၆-၅-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက်တွင် အမှတ် ၆၀၊ မြယမ်းအိမ်ရာ၊ ၃လမ်း၊ ကြီးပွားရေးရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

ဦးမိုက်ကယ်ထရစ်

(U Michael Frederick)

အသက်(၅၈)နှစ်

၂၀-၅-၂၀၁၃ရက် နံနက် ၁း၂၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၃-၅-၂၀၁၃ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးခရစ်ယာန် ဂိုဏ်းပေါင်းစုံဘုရားကျောင်းတွင် ဝတ်ပြုဆုတောင်းပြီး ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်တင်မေ

စာကြည့်တိုက်မှူး၊

ပညာရေးတက္ကသိုလ်(ငြိမ်း)

အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မလိခလမ်း၊ အမှတ် ၄၃/ခနေ (ဦးဘမောင် - ဒေါ်အေးကြည်)တို့၏သမီး၊ (ဦးဘိုဆင် - ဒေါ်အေးမေ)တို့၏ချွေးမ၊ (ပန်းချီ ဦးဘကြည်)၏ဇနီး၊ ဦးရဲဝင်း-ပါမောက္ခဒေါ်စောကြေည(ငြိမ်း)၊ ဦးမျိုးဇင်-ဒေါ်ခင်နွယ်သိမ်း၊ မန္တလေးမြို့နေ ဒေါက်တာအောင်ဇင်-ဒေါ်ခင်အေးမြင့်(Mandalay Hospic)၊ ဒေါက်တာသီရိဘကြည် - ဒေါ်မင်းမင်းပြုံးတို့၏မိခင်၊မြေး ၁၀ယောက်၊မြစ် ၅ယောက်တို့၏အဘွားသည် ၂၁-၅-၂၀၁၃ရက် နံနက် ၇း၀၀နာရီတွင်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေပိုင်း ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်တင်မေ

စာကြည့်တိုက်မှူး၊

ပညာရေးတက္ကသိုလ်(ငြိမ်း)

အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မလိခလမ်း၊ အမှတ် ၄၃/ခနေ (ပန်းချီ ဦးဘကြည်)၏ဇနီး၊ဦးနိုင်မျိုးမြင့်-ဒေါ်ဇော်မျိုးအောင်-မအေးသီတာမျိုး၊ Capt. အောင်မိုးမြင့် - ဒေါက်တာသိမ့်သိမ့်ဝင်း၊ ဦးသူရ-မဟေ၊ ဦးပြည့်ဖြိုးအောင်-မဇင်မာထွန်း၊ မနွယ်နွယ်ဝင်း၊ ဦးငွေမိုးအောင်-ဒေါ်ငြိမ်းအေးစု၊ ဒေါက်တာဉာဏ်မင်းအောင်-ဒေါ်ခိုင်မာဝေ၊ ဦးရန်မျိုးနိုင်-ဒေါ်ဖြူသက်မျိုး၊ ဦးစောလှမိုး-ဒေါ်ထက်ထက်တို့၏အဘွား၊ မြေး ၁၀ယောက်တို့၏အဘွားသည်၂၁-၅-၂၀၁၃ ရက် နံနက် ၃း၅၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညတွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူဒေါ်မြေမြတ်တစ်စု

ဒေါ်ခင်ခင်ဦး

လူမှုဝန်ထမ်းဦးစီးဌာန(ငြိမ်း)

အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ် ၅၁၊ မဉ္ဇူပင်လမ်း၊ ခြောက်လွှာနေ (ဦးသောင်းရွှေ-ဒေါ်တင်ညွန့်)တို့၏သမီးကြီး၊ (ဦးဘကြည်ဝင်း)-ဒေါ်ခင်ဒေါ်၊ ဦးဇော်မောင်မောင်သက် - ဒေါ်စုစုထက်၊ ဦးဇော်ဝင်း-ဒေါ်မြင့်မာတို့၏ အစ်မကြီး၊ တူ၊ တူမ ခုနစ်ယောက်တို့၏ကြီးတော်သည် ၂၀-၅-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၂နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ ပို့ဆောင်မီးသင်္ဂြိုဟ် ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၆-၅-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

ကိုအောင်သော်ထင်

C.D.C 37924 Fitter

M.T.M SOUTHPORT သင်္ဘော

အသက်(၄၀)

ဝါးခယ်မမြို့နယ်၊ ကွင်းကျောင်းကျေးရွာနေ ဦးစိန်သော် (ဒုအရာခံဗိုလ်၊ တပ်မတော်-ရေ၊ ငြိမ်း) - (ဒေါ်နန်းမြ သန်း)တို့၏သား၊ ဦးစောရန်အောင်-ဒေါ်လှလှထွေးတို့၏သားသမက်၊ဒေါ်ချိုမြ နန့်နှယ်လီအောင်၏ခင်ပွန်း၊ ကိုစော်လင်း(ခ)ကိုတွတ်နှ၊ ကိုစောသန်းအောင်တို့၏အစ်ကိုကြီး၊ နန့်လင်းသော်တာအောင်၊ နန့်နှင်းသူစာအောင်၊ နန့်ဖြူးစန္ဒီအောင် တို့၏ဖခင်သည် ၂၀-၅-၂၀၁၃ရက်တွင် အင်ဒိုနီးရှားနိုင်ငံ၌ ကွယ်လွန်သွားပါ ကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တသုန္ဒရ (မူလမွေးစရိယ)

ကျားကူးမွေမိုက်ကျောင်း ပဓာနနာယကဆရာတော်

သက်တော်(၈၂)နှစ်၊ သိက္ခာတော်(၆၂)ဝါ

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ရွှေတိဂုံဘုရားလမ်း၊ ကျားကူးမွေမိုက်ကျောင်းတော်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တသုန္ဒရသည် ၁၉-၅-၂၀၁၃ရက် (တနင်္ဂနွေနေ့) (၁၃၇၅ခုနှစ် ကဆုန်လဆန်း ၁၀ရက်) နံနက် ၅း၂၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်ကို ၂၃-၅-၂၀၁၃ရက် (၁၃၇၅ခုနှစ် ကဆုန်လဆန်း ၁၄ရက်) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ အန္တိမဈာပနပွဲ ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမများအား သိစေအပ်ပါသည်။ (ကျောင်းမှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ရှာပနဖြေမြောက်ရေးကော်မတီ

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တကုဏ္ဍလ (မဒေါက်ကျောင်း ပဓာနနာယကဆရာတော်)

သက်တော်(၇၄)နှစ်၊ သိက္ခာတော်(၅၅)ဝါ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရေတာရှည်ရပ်ကွက်၊ အဝေနည်းလမ်း၊ မင်္ဂလာတောင်တော်ဦးကျောင်းတိုက်၊ မဒေါက်ကျောင်း၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တကုဏ္ဍလသည် (၁၃၇၅ခုနှစ် ကဆုန်လဆန်း ၁၁ရက်) ၂၀-၅-၂၀၁၃ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၅ခုနှစ် ကဆုန်လဆန်း ၁၅ရက်) ၂၄-၅-၂၀၁၃ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ အန္တိမအခြင်းရာမှ ပြုလုပ်မည်ဖြစ်ပါကြောင်း တပည့်သံဃာ၊ ဒါယကာ၊ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (ကျောင်းတိုက်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) တပည့်သံဃာ၊ဒါယကာ၊ဒါယိကာမများ၊မဒေါက်ကျောင်း

အင်္ဂပူမြို့နယ်အသင်း(ရန်ကုန်)

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးအောင်ကြီး

အသက်(၈၅)နှစ်

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ အဇ္ဇကုန်းရပ်ကွက်၊ ၁၃၇လမ်း၊ အမှတ် ၃၆/၁နေ (ဒေါ်ခင်ခင်ညွန့်)၏ခင်ပွန်း၊ ရာသက်ပန်အသင်းဝင် ကန်တော့ခံ ဦးအောင်ကြီးသည် ၂၀-၅-၂၀၁၃ရက် (တနင်္လာနေ့) မွန်းလွဲ ၂း၀၀နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၅-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းသူ အသင်းသားများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) အမှုဆောင်အဖွဲ့

ဦးကျော်သန်း

မြန်မာ့မီးရထား(ငြိမ်း)

အသက်(၈၇)နှစ်

မန္တလေးမြို့နေ (ဒေါ်တင်ညွန့်)၏ခင်ပွန်း၊ (ဦးတင်ဝင်း)-ဒေါ်ဝင်းကြည်၊ (ဦးမိုးမြင့်သိမ်း)-ဒေါ်ခင်သန့်၊ဦးရဲဝင်း-ဒေါ်ခင်အုန်းမြင့်၊ (ဦးတင်ကြည်)-ဒေါ်ဝေဝေသန်း၊ ဦးရဲထွဋ်-ဒေါ်ညွန့်ညွန့်ဝေ၊ ဦးရဲလွင်-ဒေါ်အေးအေးမြ၊ ဦးသူရ-ဒေါ်ရီရီသန်း၊ ဒေါ်ထွေးထွေးသန်းတို့၏ဖခင်ကြီးသည် ၂၁-၅-၂၀၁၃ရက် မွန်းလွဲ ၁း၃၀နာရီတွင် မန္တလေးမြို့ မဟာမြိုင်နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၂-၅-၂၀၁၃ရက် နံနက် ၁၀နာရီတွင် တောင်ဆင်/မြောက်ဆင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဦးတင်မိုး

အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ကန်းဘောင် ၁လမ်း၊ အမှတ် ၁၁၁၇နေ (ဦးဘညွန့်-ဒေါ်ပျော့လေး)တို့၏သား၊ဒေါ်သန်းရွှေ၏ခင်ပွန်း၊ ဦးအောင်ကျော်ဦး (ကောင်းဇော်ဟိန်းကုမ္ပဏီ)-ဒေါ်သီတာလင်း၊ ဦးအောင်ကျော်ထူး (စွမ်းအင်စီမံ)၊ (ဒုဗိုလ်အောင်ကျော်ဝမ်း)တို့၏ဖခင်၊ ဖြူသဒ္ဒါခိုင်(ခ)ဖူးဖူးလေး၏အဘိုးသည် ၂၁-၅-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၈း၃၀နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၂၃-၅-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၆-၅-၂၀၁၃ရက်(တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်ထွေး (အင်းစိန်)

အသက်(၇၂)နှစ်

ရန်ကုန်မြို့နေ (ဦးကံညွန့်)-ဒေါ်တင်တင်ဝင်း၊ (ဗိုလ်ကြီးဇော်နိုင်လင်း)-ဒေါ်တင်တင်အေး၊ဦးတင်မောင်ကျော်ဝင်း-ဒေါ်မြသိန်း၊ ဦးသန့်ဆွေ(ဆမ)-ဒေါ်စိန်စိမာ၊ ဒေါ်နိုင်နိုင်ဦး၊ ဦးအောင်မိုး-ဒေါ်နီ၊ ဦးစိန်ဝင်း၊ ဦးကျော်ဆန်းလွင်-ဒေါ်တင်တင်ဝင်း၊ ဦးအောင်အောင်-ဒေါ်သီတာ၊ ဦးမိုးသား၊ ဦးကျော်မိုး-ဒေါ်ရွှေစင်ညွန့်၊ ဦးကျော်စိုးမိုး-ဒေါ်မာလာ၊ ဦးမျိုးညွန့်-ဒေါ်မိမိကျော်၊ ဒေါ်တင်တင်နိုင်တို့၏အဒေါ်၊ ဦးမြင့်ဦး-ဒေါ်မြတ်ဝင့်ရည်၊ ဦးအောင်သိုက်-ဒေါ်စန္ဒာဦးတို့၏အဘွားလေး သည် ၂၁-၅-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၀၀း၂၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၅-၂၀၁၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအားသိစေအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူတူ၊တူမ၊မြေးများ

ဦးသန်းထွန်း

အသက်(၅၁)နှစ်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ နဝဒေးဥယျာဉ်အိမ်ရာ၊ မေရဂုဏ်လမ်း၊ B- ၆၁/၂၆နေ (ဦးသန်းရွှေ) - ဒေါ်ကြည်တို့၏သား၊ ဦးချမ်းသိန်း - ဒေါ်မြင့်မြင့်သန်းတို့၏သားသမက်၊ ဒေါ်မြမြဦး၊ ဦးလှဦး-ဒေါ်မြမြတင်၏မောင်၊ ဦးခင်မောင်ဝင်း-ဒေါ်ချိုချိုဝင်း၊ ဦးဆန်းမြင့်(MSO Co., Ltd.) - ဒေါ်မြင့်မြင့်ကြည်တို့၏ညီ၊ ဦးငွေးကြိုင် - ဒေါ်ပွင့်မာအေးတို့၏အစ်ကို၊ မောင်ကောင်းမြတ်ခန့်၏မောင်၊ မခင်မြင့်ဦး၏ခင်ပွန်းသည်၁၉-၅-၂၀၁၃ရက်(တနင်္ဂနွေနေ့) ည ၇း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၃-၅-၂၀၁၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဒေါ်ဝင်းဝင်း(ခ)

ဒေါ်ကျင်ထွေး (ပုသိမ်မြို့)

အသက်(၅၁)နှစ်

ရန်ကုန်မြို့နေ (ဦးဖေသက်-ဒေါ်လှကြိုင်)တို့၏သားမီးလယ်၊ ပုသိမ်မြို့နေ (ဦးအေးသန်း) - ဒေါ်ခင်ညွန့်တို့၏သမီးချွေးမ၊အမှတ် ၁၂၁၆တောင်ရာမည၄လမ်း၊ ပုသိမ်မြို့နေ ဦးဝင်းသိန်း၏ဇနီး၊ မောင်းမြတ်မွန်၏မိခင်၊ ဦးဝင်းမြင့်-ဒေါ်ငွေငွေလှိုင်(ဘဲခတ်ကြေးလျှ)၊ ဦးလှမြင့်-ဒေါ်ငွေငွေ၊ ဒေါ်အေးအေးလွင်-ဦးရန်ချက်သက်နိုင်(ဘဲခတ်ကြေးလျှ)တို့၏ညီမသည် ၁၈-၅-၂၀၁၃ရက် (စနေနေ့) နံနက် ၁၁း၁၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၄-၅-၂၀၁၃ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၃၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၃၅၁၊ ဖက်စ် ၀၆၇-၃၆၁၃၄၆၊ မေးလ် mmalin.npt @ gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၀၄၊ စီမံ ၀၁-၅၄၄၃၁၄၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၀၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R/488

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကုလသမဂ္ဂဗုဒ္ဓနေ့အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ကြည့်ညို

နေပြည်တော် မေ ၂၁

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် အဖွဲ့ဝင်များနှင့်အတူ မေ ၂၁ ရက် နံနက်ပိုင်းတွင် ဗန်ကောက်မြို့ရှိ ကုလသမဂ္ဂအဖွဲ့ရုံး၌ ကျင်းပသည့် (၁၀)ကြိမ်မြောက် ကုလသမဂ္ဂဗုဒ္ဓနေ့ (ကဆုန်လပြည့်နေ့) အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ကြည့်ညိုသည်။

ဒုတိယသမ္မတနှင့်အဖွဲ့သည် နံနက် ၈ နာရီ မိနစ် ၄၀ တွင် အခမ်းအနားကျင်းပသည့်နေရာသို့ရောက်ရှိပြီး အရေးကြီးပုဂ္ဂိုလ် နားနေဆောင်၌ အပြည်ပြည်ဆိုင်ရာဗုဒ္ဓနေ့ ကောင်စီဥက္ကဋ္ဌ ဆရာတော် Somdet Phra အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကြည်ညိုသည်။

ထို့နောက် ကုလသမဂ္ဂဗုဒ္ဓနေ့ အထိမ်းအမှတ်အခမ်းအနားကိုတက်ရောက်ရာ အဆိုပါအခမ်းအနားသို့ အပြည်ပြည်ဆိုင်ရာဗုဒ္ဓနေ့ ကောင်စီဥက္ကဋ္ဌ ဆရာတော်၊ ထိုင်းနိုင်ငံချူလာလောင်ကွန်တက္ကသိုလ်မှ ပါမောက္ခချုပ် ဆရာတော်နှင့် ဗုဒ္ဓဘာသာဝင် ဆရာတော်၊ သံဃာတော်များ၊ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ပညာရေးဝန်ကြီး၊ ဗုဒ္ဓဘာသာကိုးကွယ်ကြသောနိုင်ငံများမှ ဝန်ကြီးများ၊ စာတမ်းဖတ်ကြားကြမည့် ရဟန်း၊ သီလရှင်နှင့် လူပုဂ္ဂိုလ်များတက်ရောက်ကြသည်။

ရှေးဦးစွာ မဟာချူလာလောင်ကွန်တက္ကသိုလ်မှ ပါမောက္ခချုပ် ဆရာတော် Dr.Phra Brahmapundit က ယခုနှစ် ကုလသမဂ္ဂဗုဒ္ဓနေ့ အခမ်းအနား၏ ဆောင်ပုဒ်ဖြစ်သော Education and Global Citizenship; A Buddhist Perspective နှင့်ပတ်သက်၍ တင်ပြလျှောက်ထားပြီး အပြည်ပြည်ဆိုင်ရာဗုဒ္ဓနေ့ ကောင်စီဥက္ကဋ္ဌ ဆရာတော် Somdet Phra က ဩဝါဒစကားမြွက်ကြားသည်။

ယင်းနောက် မဟာချူလာလောင်ကွန်တက္ကသိုလ်မှ ပါမောက္ခချုပ် ဆရာတော် Dr. Phra Brahmapundit က အခမ်းအနားနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

စာမျက်နှာ ၇ ကော်လံ ၁ ▲

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဗန်ကောက်မြို့ရှိ ကုလသမဂ္ဂအဖွဲ့ရုံး၌ ကျင်းပသည့် (၁၀)ကြိမ်မြောက် ကုလသမဂ္ဂဗုဒ္ဓနေ့ (ကဆုန်လပြည့်နေ့) အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ကြည့်ညိုစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

အရေးပေါ်အခြေအနေကြေညာခြင်းကို ရက်ပေါင်း ၆၀ အထိ ဆက်လက်အာဏာတည်ရမည်ဟုဆုံးဖြတ်

နေပြည်တော် မေ ၂၁

ယမန်နေ့ကတင်သွင်းခဲ့သော နိုင်ငံတော်သမ္မတ၏ ဥပဒေကဲ့သို့အာဏာတည်သော အမိန့်အမှတ် (၁/၂၀၁၃) အရေးပေါ်အခြေအနေကြေညာခြင်းကို အတည်ပြုပေးရန် အဆိုနှင့်စပ်လျဉ်း၍ ယနေ့ကျင်းပသော ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေး ဒုတိယနေ့တွင်လွှတ်တော်ကိုယ်စားလှယ် ၁၃ ဦးက ဆွေးနွေးဆောင်ရွက်ကြသည်။

သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်က ဆွေးနွေးရာတွင် အရေးပေါ်အခြေအနေကြေညာခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ကိုက်ညီမှုရှိပါကြောင်း၊ ပြုပြင်ပြောင်းလဲရေးတွင် ပဋိပက္ခအဖြစ်အပျက်များကို လေးလေးနက်နက်ပြန်လည်သုံးသပ်ရန်လိုအပ်ပြီး မမျှော်လင့်သောစိန်ခေါ်မှုများနှင့် တွေ့နိုင်ပါကြောင်း၊ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်များနှင့် အရေးပေါ်ကာလ ပြဋ္ဌာန်းချက်များကို ပြည်ထောင်စုလွှတ်တော်သို့ ရက်ပေါင်း ၆၀ အတွင်း ပြန်လည်တင်သွင်းသင့်ပါကြောင်းနှင့် ထပ်မံလိုအပ်ပါကလည်း ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်တင်သွင်းဆောင်ရွက်သင့်ပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုးက ဆွေးနွေးရာတွင် မိတ္ထီလာမြို့နှင့် အနီးပတ်ဝန်းကျင်ဒေသအတွင်း တည်ငြိမ်အေးချမ်းမှုရရှိရန်အတွက် ရက်ပေါင်း ၆၀ ထပ်မံတိုးသင့်ပါကြောင်း၊ လိုအပ်ပါကလည်း သတ္တမပုံမှန်လွှတ်တော်အစည်းအဝေးတွင် ထပ်မံတင်သွင်း ဆောင်ရွက်နိုင်ပါကြောင်း၊ အနာဂတ်တွင် ရခိုင်နှင့်မိတ္ထီလာ အရေးအခင်းများကဲ့သို့ ကိစ္စရပ်များပေါ်ပေါက်လာမည်ဆိုပါက သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် အချိန်နှင့်တစ်ပြေးညီ အရေးယူ ဆောင်ရွက်သင့်ပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး ဆွေးနွေးစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည်က ဆွေးနွေးရာတွင် နိုင်ငံတော်အနေဖြင့် ဆင်းရဲနွမ်းပါးမှုလျှော့နည်းပပျောက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသည့်အချိန်ကာလတွင် ယခုကဲ့သို့သော ပြဿနာများကြုံတွေ့ရသည့်အတွက် များစွာအနှောင့်အယှက်ဖြစ်ပါကြောင်း၊ အရေးပေါ်အခြေအနေကြေညာထားခြင်းခံရသည့်ဒေသရှိ ပြည်သူများအနေဖြင့် ဥပဒေ၏သက်ရောက်မှုကြောင့် နဂိုရှိရင်းစွဲအခွင့်အရေးများ ဆုံးရှုံးရပါကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် အချိန်ကာလကန့်သတ်မှုများအတွင်း လူမှုစီးပွားရေးဆောင်ရွက်ရသဖြင့် များစွာခက်ခဲနေပါကြောင်း၊ ပြည်သူများ၏အခက်အခဲများပြေလည်၍ တည်ငြိမ်အေးချမ်းမှုရရှိရေးအပေါ် ပြည်ထောင်စုလွှတ်တော်ကသုံးသပ်၍ လိုအပ်သည့် ဖြေလျှော့မှုများဖြင့် ဥပဒေကိုအတည်ပြုသင့်ပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၇)မှ ဦးတင်မြက ဆွေးနွေးရာတွင် ပဋိပက္ခဖြစ်ပွားခဲ့သည့် မိတ္ထီလာနှင့် ဆက်စပ်ဒေသများ၌ နိုင်ငံတော်သမ္မတ၏ ဥပဒေကဲ့သို့ အာဏာတည်သောအမိန့် အရေးပေါ်အခြေအနေကြေညာခြင်းကို အတည်ပြုသင့်ပါကြောင်း၊ သို့သော်လည်း ယင်းဒေသရှိနိုင်ငံသားများ အခွင့်အရေး မဆုံးရှုံးစေရန် သင့်တော်သည့်

စာမျက်နှာ ၇ ကော်လံ ၁ ■

ကော့မှူးမဲဆန္ဒနယ်မှ ဒေါ်အောင်ဆန်းစုကြည် ဆွေးနွေးစဉ်။ (သတင်းစဉ်)

နိုင်ငံတကာ

အမေရိကန်နိုင်ငံ အိုကလာဟိုးမား၌ လေဆင်နှာမောင်းတိုက်ခတ်၍ ၉၀ ဦး သေဆုံး

သတင်းစာမျက်နှာ ➤ ၄

ပြည်တွင်း

ရွှေတောင်တန်းဗောတံတား၌ ခရီးသည်နှင့်ကုန်တင်စက်လှေငယ်တစ်စင်း နစ်မြုပ်

သတင်းစာမျက်နှာ ➤ ၁၁

ပြည်တွင်း

ကြည့်မြင်တိုင်မြို့နယ်၌ အသုံးပြု ရနိုင်သော လက်နက်နှင့် ကျည်ဆန်များတွေ့ရှိ

သတင်းစာမျက်နှာ ➤ ၁၁

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

လူတိုင်းအကျုံးဝင် ပညာရေး အလုပ်ရုံဆွေးနွေးပွဲ ဒလ၌ကျင်းပ

ရန်ကုန် မေ ၂၁

အေအေအာ ဂျပန်မှ ကျင်းပသော လူတိုင်းအကျုံးဝင် ပညာရေး အလုပ်ရုံဆွေးနွေးပွဲကို မေ ၁၆ရက် နံနက်၉နာရီက ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ကမာကဆစ်ရပ်ကွက် ဗိုလ်မင်းရောင်လမ်း အထက(၂) အောင်ဆန်းခန်းမတွင်ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲတွင် လက်ထောက်ပညာရေးမှူး ဦးရန်နိုင်ဦးက "လူမှုဝန်ထမ်းဦးစီးဌာနက ဆွံ့အနားမကြားကျောင်း၊ မျက်မမြင်ကျောင်း စသည့် မသန်စွမ်းကလေးငယ်များအတွက် ကျောင်းတွေကို ဖွင့်လှစ်ပေးတာကို တွေ့ရတယ်၊ ကျွန်တော်တို့ သာမန်လူတွေဆိုတာ လျှော့နဲ့သွားနေတဲ့သူတွေပါ။ အဲဒီမသန်စွမ်းကလေးငယ်တွေကတော့ လက်ပစ်ကူးနေတဲ့သူတွေပါ။ အဲဒီလက်ပစ်ကူးနေတဲ့သူတွေကို ကျွန်တော်တို့က လှေပေါ်ဆွဲတင်ပြီး လိုရာပန်းတိုင်ကို ရောက်အောင် ပို့ပေးရမယ့်တာဝန်ရှိပါတယ်၊ လူမှုဝန်ထမ်းဌာနက အဲဒီမသန်စွမ်းကလေးတွေကို ကူညီဆောင်ရွက်ပေးနေသလို အေအေအာ ဂျပန်ကလည်း ကျွန်တော်တို့ ဒလမြို့နယ်မှာ ဒီမသန်စွမ်းသူများကို အများကြီးကူညီထောက်ပံ့ပေးနေတာကို ပညာရေးမှတ်တမ်းများအရ သိရပါတယ်၊ ဒါကြောင့် ကြွရောက်လာကြတဲ့ ဧည့်သည်တော်များကလည်း ဒီမသန်စွမ်းကလေးငယ်များကို ဝိုင်းဝန်းကူညီကြပါ" ဟု ပြောသည်။

အေအေအာ ဂျပန်၏ စီမံကိန်းဒါရိုက်တာ ဦးလှမ်းမိုးကျော်က "အေအေအာ ဂျပန်ရဲ့အဓိပ္ပာယ်က အကူအညီပေးရေးနှင့် ပြန်လည်နေရာချထားရေးဟု အဓိပ္ပာယ်ရပြီး ဂျပန်နိုင်ငံမှ ကူညီထောက်ပံ့မှုဖြင့် ရပ်တည်နေသော အဖွဲ့အစည်းဖြစ်ပါတယ်၊ အနာဂတ်ဘဝ လှပရေးအတွက် ပံ့ပိုးဆောင်ရွက်ပေးတာပါ၊ ရည်ရွယ်ချက်အနေနဲ့ပြောရရင် စီမံကိန်းလုပ်ငန်းဟာ မသန်စွမ်းကလေးငယ် ကူညီစောင့်ရှောက်ရေး၊ ရပ်ပိုင်း စိတ်ပိုင်းတွေမှာ အတားအဆီးများကို ကူညီဖြေရှင်းဆောင်ရွက်ရေး၊ဆရာ ဆရာမနှင့် မိဘများက ပညာရေး ပံ့ပိုးကူညီရန်ဆိုတာက ပညာသင်ကြားရာတွင်သင့်လျော်ဖွယ်အောင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခြင်းတို့ဖြစ်ပါတယ်"ဟုပြောသည်။

မြန်မာနိုင်ငံတွင် မသန်စွမ်းသူ ၂ ဒသမ ၃ ရာခိုင်နှုန်းရှိပြီး ဒလမြို့နယ် ရပ်ကွက်/ကျေးရွာ ၁၃ ခု၌ မသန်စွမ်းသူ ၃၀၀ ရှိကြောင်းနှင့် အေအေအာ ဂျပန်မှ မေ ၂၀ ရက်နှင့် ၂၁ ရက်များတွင်လည်း ရွှေပြည်သာမြို့နယ်၌ အလုပ်ရုံဆွေးနွေးပွဲ ထပ်မံပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

နေလင်း(သတင်းစဉ်)

ဖျာပုံမြို့ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းများဆယ်ယူရှင်းလင်း

ဖျာပုံ မေ ၂၁

ဖျာပုံမြို့သည် မိုးတွင်းကာလတွင် မြစ်ရေနှင့် မိုးရေပေါင်းစပ်ပြီး ရေစီးရေလျှံမှုများ မကြာခဏဖြစ်ပေါ်တတ်သဖြင့်မြို့နယ်နယ်နိမိတ်အတွင်းရှိ ရေနုတ်မြောင်းများတွင် လူတို့စွန့်ပစ်ထားသော အမှိုက်များနှင့်နုန်းမြေများကို မေ ၂၀ ရက် နံနက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများက ဒုတိယလမ်းနှင့်ဗိုလ်ချုပ်အောင်ဆန်းလမ်း တစ်လျှောက် ရှင်းလင်း ဆောင်ရွက်နေမှုများကို အင်ဂျင်နီယာမှူး ဦးတင်မောင်စိုးက ကြီးကြပ်ဆောင်ရွက်ကာ **(အပေါ်ပုံ)** ဝန်ထမ်းများအား စနစ်တကျအချိန်ယူ၍ ရေနုတ်မြောင်းများ ပြန်လည်ဆယ်ယူစေသည့်အပြင် မြို့နေပြည်သူများ၊ လုပ်ငန်းရှင်များမြောင်းအတွင်း အမှိုက်များ စွန့်ပစ်ခြင်းများ မပြုစေရန် စည်းရုံးလုပ်ဆောင်စေခဲ့သည်။

ဖျာပုံမြို့နေ ပြည်သူတစ်ဦးက "ကျွန်တော်တို့ဖျာပုံမြို့ဟာ ပင်လယ်နှင့် အလွန်နီးနေတော့ မိုးတွင်းကာလမှာ မိုးရွာပြီဆိုတာနဲ့ ပင်လယ်ရေနဲ့မြစ်ရေပေါင်းပြီး ရေတက်တဲ့အချိန်ကြုံတာနဲ့ မိုးရေကမြစ်ထဲမဆင်းတော့ဘဲ မြို့ထဲမှာ လမ်းပေါ်ရေလျှံတော့တာပါပဲ။ ယခုလို ရေနုတ်မြောင်းတွေကို စနစ်တကျရှင်းလင်းမထားရင် ပိုဆိုးတာပေါ့ဗျာ။ အမှိုက်တွေနုန်းတွေကို ယခုလိုရှင်းလင်းထားမှသာ မိုးတိတ်သွားရင် မြစ်ထဲကို မိုးရေတွေစီးဆင်းသွားမှ လမ်းပေါ်ကရေတွေလျော့သွားပြီး ရေလျှံမှုကင်းဝေးနိုင်မှာ ဖြစ်ပါတယ်" ဟု ပြောပြသည်။

ချမ်းသာ(ဖျာပုံ)

မော်ကျွန်း၌ ပထမဦးဆုံး ကွန်ပျူတာစက်ဖြင့် မျက်စိ မျက်မှန် စမ်းသပ်ဆောင်ရွက်ပေး

မော်လမြိုင်ကျွန်း မေ ၂၁

မော်လမြိုင်ကျွန်းမြို့နယ် ပြည်သူများအနေဖြင့် ယခင်က ကွန်ပျူတာဖြင့် မျက်စိ မျက်မှန်စမ်းသပ်လိုလျှင်၊ မျက်မှန်လုပ်လိုလျှင် ရန်ကုန်မြို့သို့ တကူးတက သွားရောက်ကြရသည်။ ခရီးစရိတ်နှင့် အထွေထွေကုန်ကျမှု များပြားခဲ့သည်။

ယခုအခါ မျက်စိ၊ မျက်မှန်ဝေဒနာရှင်များ သက်သာချောင်ချိမှုကို ရှေးရှုသောအားဖြင့် မော်လမြိုင်ကျွန်းမြို့နယ်တွင် ပထမဦးဆုံး စတင်ဖွင့်လှစ်သော ခေတ်မီကွန်ပျူတာစက်ဖြင့် စမ်းသပ်သည့် ပြည်သူ့အကျိုးပြု ကွန်ပျူတာမျက်မှန်ဆိုင်ဖွင့်ပွဲကို မေ ၁ ရက် နံနက် ၈နာရီက မော်လမြိုင်ကျွန်းမြို့ မဟာဗန္ဓုလ ၁၀ လမ်းထိပ် ဗိုလ်မြန်မာ မျက်မှန်ဆိုင်၌ ကျင်းပသည်။

ဗိုလ်မြန်မာတွင် ခေတ်မီကွန်ပျူတာစက်ဖြင့် မျက်စိ မျက်မှန် စမ်းသပ်ပေးခြင်း၊ အဝေးမှုန်၊ အနီးမှုန်နှင့် ဇတ်ကြောတက်ခြင်းများကို တိကျသေချာစွာ အဖြေပေးပြီး မျက်မှန်ကိုလည်း ဈေးနှုန်းချိုသာစွာ ရောင်းချပေးမည်ဟု သိရသည်။

ခေတ်မီ ကွန်ပျူတာစက်ဖြင့် မျက်စိမျက်မှန် စမ်းသပ်ဆောင်ရွက်ပေးသော ဗိုလ်မြန်မာ မျက်စိ မျက်မှန်ဆိုင်ဖွင့်လှစ်ခြင်းကို မြို့နယ်ပြည်သူများက ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြသည်ဟု သိရသည်။ **(ဝ၆၅)**

အခြေခံပညာကျောင်းများဖွင့်ရက်နှင့် ကျောင်းအပ်နှံရေး သီတင်းပတ်အဖြစ်သတ်မှတ်

နေပြည်တော် မေ ၂၁

နေပြည်တော်ပညာရေးဝန်ကြီးဌာန ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာနမှ နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများစတင်ဖွင့်ရက်ကို ဇွန် ၃ရက် သတ်မှတ်ပြီး အခြေခံပညာကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် မေ ၂၇ ရက်မှ မေ ၃၁ ရက်အထိ သတ်မှတ်ထားကြောင်း သိရသည်။ နေပြည်တော်ကောင်စီနယ်မြေရှိ အခြေခံပညာကျောင်းများ အပ်နှံရေးသီတင်းပတ်အဖြစ် မေ ၂၃ ရက်တွင် သတ်မှတ်ဆောင်ရွက်ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်းရှိ ကျောင်းများအား မြို့နယ်အလိုက် သတ်မှတ်ဆောင်ရွက်ရန် အခြေခံပညာကျောင်းများသို့ ညွှန်ကြားထားကြောင်း သိရသည်။

ကျော်သူရ(နေပြည်တော်)

ပိုင်ရှင်ကိုယ်တိုင် အမြန်ငှားမည်

ရွှေလင်ပန်းစက်မှုဇုန် (၄)ရှိ မြေအကျယ် ၃ဒသမ၇၆ ဧကပေါ်တွင် 200' × 200' ဂိုဒေါင်တစ်လုံး၊ ရေ၊ မီး (315 KVA) ရုံးခန်းပါဝင်သည်။ Air Con အသင့်တပ်ပြီး၊ အလုပ်သမားတန်းလျားပါဝင်သည်။

ဈေးနှုန်း-ကျပ်သိန်း ၁၀၀

ဖုန်း-၀၉-၇၃၂၀၄၃၀၀၊ ၀၉-၄၂၁၀၀၆၆၁၄၊ ၀၉-၄၂၀၁၁၀၁၆၄၊ ၆၆၂၆၇၅

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်လက်ဆောင်းတောင်ရပ်ကွက်၊ ဓေယျသုခလမ်း၊ တိုက်အမှတ်(၃၃)၊ အခန်းအမှတ် (၁-ဘီ)၊ မြေညီရှိ အကျယ်အဝန်း (၁၁ပေခွဲ×ပေ၅၀)ရှိ တိုက်ခန်းကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးလွင်ဦး ၁၂/ဥကတ(နိုင်)၀၃၄၇၄၉ မှ တရားဝင်ပိုင်ဆိုင်ပြီး ၄င်းထံမှ ကျွန်ုပ်မိတ်ဆွေက တရားဝင်အရောင်းအဝယ်ပြုလုပ်၍ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ယင်းတိုက်ခန်းနှင့်ပတ်သက်၍ မည်သူမဆို ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားများနှင့်တကွ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို အပြီးတိုင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသာလှိုင်
အထက်တန်းရှေ့နေ
အမှတ် ၃၉၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁၄၉၇၆၃၊ ၀၉-၄၄၈၀၀၉၃၃၅

၁၆-၅-၂၀၁၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ဒေါ်ကြည်ကြည်ဝင်း ၁၂/ဥကတ(နိုင်)၁၁၆၃၂ နှင့် ဒေါ်အေးအေးလှ ၁၂/သဃက(နိုင်)၀၃၃၉၅၉ တို့၏ ပျောက်ဆုံးကြောင်းကြေညာချက်သည် မှန်ကန်မှုမရှိကြောင်း ရှင်းလင်းကြေညာခြင်း

KPZ 1 Company Ltd., ၏ မန်နေးဂျင်းဒါရိုက်တာဖြစ်သူ ဦးသိန်းဇော်ဇော်ထွဋ်နိုင် ၇/ပခန(နိုင်)၂၂၄၁၂၄ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ရှင်းလင်းကြေညာအပ်ပါသည်။ ဒေါ်ကြည်ကြည်ဝင်းနှင့် ဒေါ်အေးအေးလှတို့၏ မြန်မာ့အလင်းသတင်းစာကြေညာစာပါ Mitsubishi Grandis နှင့် Honda Fit အမျိုးအစားယာဉ်အမှတ် (၁စ/၉၁၁၅) နှင့် (၁စ/၈၀၅၃) တို့နှင့်သက်ဆိုင်သော ယာဉ်မှတ်ပုံတင်စာအုပ်နှင့် ယာဉ်မောင်းနှင်ခွင့်ကတ်ပြား လျှောက်ထားထုတ်ယူရန်အတွက် လိုအပ်သောစာရွက်စာတမ်းမူရင်းများ၊ ကားနံပါတ်ပြားမူရင်း၊ မှတ်ပုံတင်မူရင်းများသည် ပျောက်ဆုံးခြင်း လုံးဝမဟုတ်ပါ။ ဦးသိန်းဇော်ဇော်ထွဋ်နိုင်သည် ယင်းကားများအား ဆိပ်ကမ်းတွင် ကွန်တိန်နာအတွင်းမှ ထုတ်သည့်အချိန်မှစပြီး ဆိပ်ကမ်းခွန်အပါအဝင် မော်တော်ယာဉ်နံပါတ်ပြားထွက်သည့်အထိ ဝန်ဆောင်စရိတ်စိုက်ထုတ်ထားငွေများအား ရှင်းလင်းပေးခြင်း မရှိသောကြောင့် ဒေါ်ကြည်ကြည်ဝင်း၏ စာရွက်စာတမ်းမူရင်းများ၊ ကားနံပါတ်ပြားမူရင်း၊ မှတ်ပုံတင်မူရင်းကိုလည်းကောင်း ဒေါ်အေးအေးလှ၏ စာရွက်စာတမ်းမူရင်းများကိုလည်းကောင်း သိမ်းဆည်းထားရခြင်းဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်၏မိတ်ဆွေထံ ဝန်ဆောင်စရိတ်များ လာရောက်ရှင်းလင်းရန်နှင့် လူကြီးမင်းတို့၏မမှန်မကန်ကြေညာခြင်းအား ပြန်လည်ရုပ်သိမ်းရန် တောင်းဆိုအပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးသိန်းဇော်ဇော်ထွဋ်နိုင်၏လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်စိုးထွန်း (စဉ်-၈၂၂၅)
LL.B (Q), D.B.L
တရားလွှတ်တော်ရှေ့နေနှင့် ဥပဒေအကြံပေး
LINO MASTER LAW FIRM
အမှတ် ၂၂၉၊ ပထမထပ်၊ ၃၈လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၃၇၂၂၀၃၊ ၀၉-၇၃၀၉၇၂၀၃

ကြော်ငြာ

မူလတန်း၊ အထက်တန်းကျောင်း

ဂုဏ်ထူး ဦးအောင်ခိုင် (အင်္ဂလိပ်စာ)

သပိုင်းတံခွန် ဦးထွန်းနွယ်

ပညာနန်းတော်

အ.ထ.က

မူလတန်း၊ အထက်တန်းကျောင်း

ရုံးခန်း ၆ ရက် ဖွင့်မည်

Ph : 01-577605

Ph : 09 730 36827

UEC

United Education Centre

အဆင့်မြင့်ကိုယ်ပိုင်ကျောင်း

DAY CAMP

Ph: 01-539875, 09 5157988

Ph: 09 5080478, 09 73065707

တောင်ပုလုကျောင်းတိုက်(အင်းလျား)

မန္တလေး လေးထပ်ကျောင်းဆောင်သစ် ကျောင်းလွှတ်ပူဇာရေစက်ချ

အလှူတော်မင်္ဂလာဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်း၊ တောင်ပုလုကျောင်းတိုက်အတွင်း၌ဆောက်လုပ်ပြီးဖြစ်သော(မန္တလေး)လေးထပ်ကျောင်းဆောင်သစ်ကြီး ကျောင်းလွှတ်ပူဇာရေစက်ချမင်္ဂလာနှင့် ပဓာနနာယကဆရာတော် ဘဒ္ဒန္တသောဘန(မွှာစရိယ)၏(၄၆)နှစ်ပြည့် ဝိဇာတပူဇာမင်္ဂလာကို ပူးတွဲကျင်းပရာ၀ယ်၊ တောင်ပုလုဝံသပါလ သံဃာတော်အရှင်သူမြတ်များနှင့်ပင့်သံဃာတော် အရှင်သူမြတ်(၄၇)ပါးတို့အား ဆွမ်း၊ သင်္ကန်းစသော လှူဖွယ်ဝတ္ထုအစုစုတို့ဖြင့် လှူဒါန်းပူဇော်ခြင်း၊ ဧည့်ပရိသတ်တို့အား နေ့လယ်စာတို့ဖြင့် ဧည့်ခံကျွေးမွေးခြင်း၊ ကုသိုလ်ပြုပွဲသို့ အောက်ပါအစီအစဉ်အတိုင်း ကြွရောက်ပါရန် ခင်မင်ရင်းနှီးစွာ ဖိတ်ကြားအပ်ပါသည်။

(ကျောင်းအလှူရှင်များ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ပါရန်)

အလှူတော်မင်္ဂလာအစီအစဉ်

နေ့ရက်	- ၁၃၇၅ ခုနှစ် ကဆုန်လပြည့်ကျော်၂ရက်၊ ၂၆-၅-၂၀၁၃ရက် (တနင်္ဂနွေနေ့)
ရေစက်ချတရားနာယူချိန်	- နံနက်၉နာရီတိတိ
နေ့ဆွမ်းဆက်ကပ်ချိန်	- နံနက် ၁၀း၃၀ နာရီ
ဆွမ်းအလှူရှင်	- ကျောင်းဒါယကာကြီး ဦးစိန်ဝင်း (ဒု-ညွှန်ချုပ်(ပတခ)-ငြိမ်း)အားရည်စူး၍ ကျောင်းဒါယိကာမကြီး ဒေါ်မြင့်မြင့်ရီ (အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ)-သားသမီးမြေးတစ်စု။ (၈၁)ဘီ-စုပေါင်းလမ်း-အင်းလျားမြိုင်။

ဘဒ္ဒန္တသောဘန(မွှာစရိယ)-ပဓာနနာယကဆရာတော်နှင့်မတည်အလှူရှင်များ

University of New South Wales, Sydney, Australia

ကျောင်းသား ကျောင်းသူဟောင်းများ

ပြန်လည်တွေ့ဆုံပွဲနှင့် မိတ်ဆုံစားပွဲ

နယူးဆောက်သ်ဝေးတက္ကသိုလ်(University of New South Wales, Sydney, Australia) တွင် ပညာသင်ကြားခဲ့ကြသည့် ကျောင်းသား ကျောင်းသူဟောင်းများ ပြန်လည်တွေ့ဆုံပွဲနှင့် မိတ်ဆုံစားပွဲကို ၂၀၁၃ ခုနှစ် ဩဂုတ်လအတွင်း ရန်ကုန်မြို့တွင် ကျင်းပနိုင်ရန် ရည်ရွယ်ထားရှိပါသည်။ UNSW Alumni Reunion ဖြစ်မြောက်ရေးအဖွဲ့၏ ပထမအကြိမ် အစည်းအဝေးကို ၂၀၁၃ခုနှစ် ဇွန် ၈ရက် (သောကြာနေ့)တွင် ကျင်းပပြုလုပ်သွားရန်ရှိပါသည်။ သို့ဖြစ်ပါ၍ UNSW Alumni ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် အောက်ဖော်ပြပါ UNSW Alumni Reunion ဖြစ်မြောက်ရေးအဖွဲ့ထံ အမြန်ဆုံးဆက်သွယ်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ အစည်းအဝေးကျင်းပမည့် နေရာကို ထပ်မံအကြောင်းကြားပါမည်။

၁။ ဒေါက်တာဇော်နည်စိုး(ဖုန်း-၀၉-၅၁၂၁၄၃၃၊ znisoe@gmail.com)
၂။ ဒေါက်တာအောင်ပြည့်ကျော်(ဖုန်း-၀၉-၅၀၀၉၃၇၁၊ aungpyaekyaw85@gmail.com)
၃။ ဒေါက်တာဖိုးမြနွယ်(ဖုန်း-၀၉-၅၀၈၂၁၇၁၊ phonemyamyanwe@gmail.com)
၄။ ဒေါက်တာထွန်းအောင်ရွှေ(ဖုန်း-၀၉-၃၁၁၀၆၈၃၉၊ tun.shwe@unsw.edu.au)

နေ့စဉ်ခြောက်ရက်သင်ကြားပေးခြင်း

B.Sc(Maths)D.S.A, M.E(ICT)Russia

နှင့်

B.Sc(Hons:),M.Sc,M.Res(Chemistry)

ကန့်ကွက်နိုင်ကြောင်းအများသိရှိစေရန်

အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောအလယ်ရပ်ကွက်၊ ဖျာပုံလမ်း၊ အမှတ် ၃၉ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် ၂၈-အီး၁၊ မြေကွက်အမှတ် ၁၁၉၉၊ မြေဧရိယာ ၀ ဒသမ ၀၃၀ ဧကရှိ ဂရန်ရှိ မြေပိုင်မြေ၊ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်စံပယ် ၁၂/စခန(နိုင်)၀၂၀၄၆၆ က အထက်ဖော်ပြပါမြေကွက်ကို ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင် ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေပေးထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်နှင့်အဆောက်အအုံအား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်စာရွက်စာတမ်းအထောက်အထား ခိုင်လုံစွာယူဆောင်ပြီး လာရောက်တွေ့ဆုံနိုင်ကြောင်း အသိပေးအကြောင်းကြား အပ်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ခြင်းမရှိပါက အရောင်းအဝယ် ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် အသိပေးအကြောင်းကြားအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးအေးရီ(LL.B)	**ဒေါ်လှလှခိုင်(LL.B)**
တရားလွှတ်တော်ရှေ့နေ(၄၃၇၃)	**တရားလွှတ်တော်ရှေ့နေ(၅၄၁၀)**

အမှတ် ၉/၁၁၊ အခန်းအမှတ် ၂၀၁(A) ဒုတိယထပ်၊ ၃၆ လမ်း (အောက်ဆုံး)၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၂၁၊ မြေကွက်အမှတ် ၃/စ-၁၊ မြေကွက်တည်နေရာအမှတ် ၂၆၆၊ အောင်ဓမ္မရိပ်သာလမ်း၊ (၁၂)ရပ်ကွက်၊ လှိုင်မြို့နယ် ဦးကျင်စန်း အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် ဦးကျင်စန်း ကွယ်လွန်သဖြင့် ပိုင်ဆိုင်ကြောင်းစာချုပ်အမှတ် ၁၁၃၁/၆-၁၁-၈၅ ဖြင့် ဒေါ်သန်းသန်းမြင့်၊ ဒေါ်ခင်ခင်မြင့်၊ ဒေါ်တင်မေ၊ ဒေါက်တာမျိုးအောင်၊ ဦးသိန်းစိုးတို့က ပိုင်ဆိုင်ခဲ့ပြီး ၄င်းတို့ထံမှ အရောင်းအဝယ်စာချုပ်အမှတ် ၄၄၃/၁၀-၆-၈၆ဖြင့် ဝယ်ယူထားသူ ဦးကြည်လင်၊ ဦးကျော်ညွန့်(ခ)ချောင်မွန်ဝေါက်တို့နှစ်ဦးအနက် ဦးကျော်ညွန့်(ခ)ချောင်မွန်ဝေါက် ကွယ်လွန်သဖြင့် ၄င်းပိုင်ဆိုင်မှုအစုအား ဒေါ်မြမြဝင်း ၁၂/ကမရ(ဧည့်)၀၀၀၂၁၂ က တစ်ဦးတည်းသောဇနီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် ဦးကြည်လင် ၁၂/လသန(နိုင်)၀၁၆၄၅၀နှင့် ပူးတွဲ၍ မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

Asian Diary Travels & Tours

ဩဂုဏ်နှစ်သစ်မေမွှေး

09-5117226

အမှတ် ၉၀၁၊ ကနောင်လမ်း၊ (၃၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့အိမ်မြေအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း

အများသိစေရန်ကြေညာချက်

အထက်ဖော်ပြပါလိပ်စာဖြစ်သည့် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅၊ မြေကွက်အမှတ် ၉၀၁၊ ဧရိယာ ၀ ဒသမ ၀၅၆ဧကအကျယ်ရှိ ဦးမျိုးနိုင်အမည်ပေါက် နှစ် ၆၀ဂရန်မြေအမျိုးအစားအိမ်မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိပိုင်ဆိုင်သူ ဦးမောင်မောင်သာ ၁၂/ဥကတ(နိုင်)၀၀၃၉၀၉ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ထို့ကြောင့်ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်းလာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်စောဦး(တရားလွှတ်တော်ရှေ့နေ) စဉ်-၆၇၀၂
အမှတ် ၅၆၁၊ အခန်း ၃၀၂၊ M.A.C Tower၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကွန်ပျူဗေဒသုခုမ

http://compubaydathukhuma.com

FAME

Biogurt®

ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME

ဝမ်းလျှော ဝမ်းပျက်ခြင်းအတွက်

Diarstat®

ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

ကြော်ငြာ

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းတို့၏ ဂုဏ်ထူးဆောင်နာယက **အဂ္ဂမဟာသီရိသုဓမ္မဇောတိကဓဇ၊ ဝဏ္ဏကျော်ထင် ဒေါက်တာခင်ရွှေ**သည် ဗုဒ္ဓသာသနာတော်ဆိုင်ရာ စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်မှုများအပေါ် ဂုဏ်ပြုသောအားဖြင့် ထိုင်းနိုင်ငံ၊ အိမ်ရှေ့မင်းသား၏ အသက်(၄၈)နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အဖြစ် လမ်ဆိုင်ငွိုင်းမြို့နယ်၊ ပရာနကွန်သီရိအယုဒ္ဓယဒေသရှိ Mahachulalong Kornrajavidyalaya တက္ကသိုလ်၌ ကျင်းပပြုလုပ်သော ဘွဲ့နှင်းသဘင်အခမ်းအနားတွင် **ဗုဒ္ဓသာသနာတော်ဆိုင်ရာ ပါရဂူဘွဲ့ (The Honarary Doctorate Degree)** အား ၁၂-၅-၂၀၁၃ရက်တွင် ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းများအနေဖြင့် အထူးဝမ်းမြောက်ဂုဏ်ယူအပ်ပါကြောင်းနှင့် ဘာသာသာသနာတော်အကျိုး၊ နိုင်ငံနှင့် လူမျိုးအကျိုးတို့ကို ဆတက်ထမ်းပိုး ဆက်လက်သယ်ဆောင်ထမ်းရွက်နိုင်ပါစေကြောင်း အထူးဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်
မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း

လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူခြင်း

ဦးဝင်းကြိုင် (စိန်ကုန်သည်) မိသားစုမှ လှူဒါန်းခဲ့သော ရွာသာထိုင်းဓေသကြီး၊ ဒိုက်ဦးမြို့နယ်၊ မြင်းကကုန်းတိုက်နယ် ဆေးရုံသစ်ကြီး အား ၁၄ - ၅ - ၂၀၁၃ ရက်တွင် ခေါင်မြင့်စွာဖွင့်လှစ်နိုင်ခြင်းအတွက် အထူးဝမ်းမြောက်ဂုဏ်ယူပြီး ဘာသာ၊ သာသနာအတွက် ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက် လှူဒါန်း နိုင်ပါစေလို့ ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ရွှေကမ္ဘာခေမာင်ခေမာင်ဆောက်လုပ်ရေးမိသားစု

[illegible]

[illegible]

** အယူတော်ခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူတော်ခံတရားပြိုင်သို့ ကြားသိစေသည့်**

အကြောင်းကြားစာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)

ပုသိမ်ခရိုင်တရားမရုံးတော်၌

၂၀၁၃ခုနှစ် တရားမအယူခံမှုအမှတ်-၂၈

၁။ ဒေါ်သန်းဝင်း ၂။ ဒေါ်စန်းဝင်း ၃။ ဒေါ်ခင်သန်းနွဲ့	**နှင့်**	၁။ ဒေါ်ခင်စန်းဝင်း ၂။ ဦးကြည်ဝင်း ၃။ မသွယ်သွယ်ဦး ၄။ မောင်ဝင်းခိုင်ထူး ၅။ ဦးတင်ဝင်း ၆။ ဦးအောင်သန်း ၇။ ဦးညွှန့်ဝင်း ၈။ ဒေါ်လှလှရွှေ
အယူခံတရားလိုများ		**အယူခံတရားပြိုင်များ**

၂၀၁၃ခုနှစ် ဖေဖော်ဝါရီ ၂၀ရက်စွဲပါ ပုသိမ်မြို့နယ်တရားမရုံးတော်မှ တရားမကြီးမှုအမှတ်-၁၃၂/၂၀၁၁ ကို အယူတော်ခံမှု အယူတော်ခံတရားပြိုင် (၁) ဦးကြည်ဝင်း၊ (၂) ဦးတင်ဝင်း၊ (၃) ဦးအောင်သန်း၊ (၄) ဦးညွှန့်ဝင်း သိစေရမည်။

ယခုအမှုတွင် ပုသိမ်မြို့နယ်တရားမရုံးတော်က ချပေးသည့်ဒီကရီကို အယူခံတရားလို ဒေါ်သန်းဝင်း ပါ-၃ ဦးက အယူတော်ခံရာ ဤရုံးတော်တွင် မှတ်ပုံစာရင်းတင်သွင်း ထိုအယူခံမှုကို ၂၀၁၃ခုနှစ် ဇွန် ၃ ရက် (၁၃၇၅ခုနှစ် ကဆုန်လပြည့်ကျော် ၁၀ရက်) တွင် ဆိုင်ရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင်သင့်အတွက် ရွက်ဆောင်ရန် တရားဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ မလာမရောက်ရှိခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်ကအယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့် ၄၁၊ နည်းဥပဒေ-၂၂ အရ ကန့်ကွက်လိုလျှင် အမိန့်-၄၁၊ နည်းဥပဒေ-၂၂အရ ချိန်းထားသည့်အချိန်အတွင်း ဤကဲ့သို့ သင်ကကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြားအစီရင်ခံစာ သွင်းရမည်။

၂၀၁၃ခုနှစ် မေ ၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကြူကြူစန်း)
ဒုတိယခရိုင်တရားသူကြီး(၂)၊ပုသိမ်ခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

တာမွေမြို့နယ်၊ မင်းရဲကျော်စွာအိမ်ရာ၊ တိုက် MK-1၊ အခန်း ၀၀၄ ကို မူလအမည်ပေါက် ပိုင်ရှင် ဒေါ်မြမြအေးထံမှ ဦးတက်ခေါင်ညွှန့်-ဒေါ်သဲသဲသီရိဇော်က တရားဝင်စာချုပ်စာတမ်းဖြင့် ဝယ်ယူပြီးဖြစ်ပါသဖြင့် ပိုင်ဆိုင်မှုအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း စာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးသူရကျော်၏ ၁၄/မမန(နိုင်)၁၇၆၉၁၅နှင့် Passport No.MA 107734မှာခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၂၆၉၁၇၀

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

(၁)	Manager	(၁) ဦး
(၂)	Chief Accountant	မ (၂) ဦး
(၃)	Sale Executive	မ (၅) ဦး လစာ(၁၀၀၀၀၀+, +)

အမှတ်စဉ်(၁)အတွက် mini market တွင် အတွေ့အကြုံရှိသူ အသက်(၃၅-၄၅)ကြား လုပ်ငန်းအား ကောင်းမွန်စွာအုပ်ချုပ်နိုင်ပြီး ဈေးကွက်စီးပွားရေး အမြင်ရှိသူဖြစ်ရမည်။ နယ်တွင်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ အမှတ်စဉ်(၃)အတွက် တက်ကြွစွာ တာဝန်ထမ်းဆောင်နိုင်ရန်လိုအပ်ပြီး ရုပ်ရည်ပြေပြစ်ရမည်။ အသက်(၂၀-၃၀)ကြား ကိုယ်ကျင့်သိက္ခာရှိသားပြီး လူမှုဆက်ဆံရေးအထူးကောင်းမွန်ရန် လိုအပ်သည်။ နိုင်ငံခြားဘာသာစကားတစ်မျိုးမျိုးတတ်ကျွမ်းသူကို ဦးစားပေးမည်။ အလုပ်သမား လေဘာကတ်မိတ္တူပါရမည်၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ရဲစခန်းထောက်ခံစာ၊ ရပ်ကွက်ထောက်ခံစာ၊ ဓာတ်ပုံနှစ်ပုံနှင့်အတူ ကြော်ငြာပါသည့်ရက်မှ တစ်ပတ်အတွင်း လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်-
No.(30/A), Pyay Road, 7 mile, Mayangone Tsp, Yangon.
Monday to Friday-9:30 AM to 5:00 PM

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၃၂-ဘီ၊ မြေကွက်အမှတ် ၂၁၂၊ ဧရိယာ ၀ ဒသမ ၀၈၂ရှိ နှစ် ၆၀မြေငှားဂရန်မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်၍ ရောင်းချခွင့်ရှိသူ ဦးတင်ဝင်း ၁၂/မရက(နိုင်)၀၀၆၂၁၀ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်ခင်လှတင် LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၄)
အမှတ် ၈၅(မြေညီထပ်)၊ ၃၇လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၃၈၂၀၉၀၊ ၀၁-၅၇၂၆၈၁၊ ၀၉-၅၀၂၁၂၄၄

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၊ မြေကွက်အမှတ် ၄၄၅၊ မြေကွက်တည်နေရာအမှတ် ၄၄၅၊ တကောင်း ၉လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးအာလူး အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက်ဦးအာလူးကွယ်လွန်သဖြင့် ဒေါ်စိန်ညို ၁၂/ဥကတ(နိုင်)၀၉၇၂၃၆က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃

စစ်တွေခရိုင်တရားရုံးတော်၌

၂၀၁၃ ခုနှစ် တရားမအထွေထွေအမှုအမှတ်-၅

(ကွယ်လွန်သူ ဦးဝါကိန်း၏ ကျန်ရှိသောပစ္စည်းနှင့် စပ်လျဉ်းသည့်အမှု)

ဦးအောင်ကျော်သိန်း
အမှတ် ၆၁၊ ထီးတန်းလမ်း၊
မောလိပ်ရပ်ကွက်၊ စစ်တွေမြို့ **လျှောက်ထားသူ**

စစ်တွေခရိုင်၊ စစ်တွေမြို့၊ မောလိပ်ရပ်ကွက်၊ ထီးတန်းလမ်း၊အိမ်အမှတ် ထတ/၆၁ တွင်နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးဝါကိန်း၏ ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်စာ ထုတ်ပေးပါမည့်အကြောင်းနှင့် ၎င်း၏မွေးစားသားဖြစ်သူ ဦးအောင်ကျော်သိန်းက လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၁၃ ခုနှစ် ဇွန် ၅ရက် (၁၃၇၅ ခုနှစ် ကဆုန်လပြည့်ကျော် ၁၂ရက်)တွင် ကြားနာရန် ချိန်းဆိုထားပါသည်။ ထိုကွယ်လွန်သူ ဦးဝါကိန်း ကျန်ရှိရစ်သောပစ္စည်းတွင် အကျိုးစီးပွားတစ်ခုခု သက်ဝင်သည်ဟု အဆိုရှိသူတို့သည် ၂၀၁၃ ခုနှစ် ဇွန် ၅ ရက်(၁၃၇၅ခုနှစ် ကဆုန်လပြည့်ကျော် ၁၂ ရက်)နံနက် ၁၀ နာရီတွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့နည်းလမ်းတကျလွှဲအပ်ထားသော ကိုယ်စားလှယ်တစ်ဦးဦးဖြင့်သော်လည်းကောင်း လာရောက်အမှုရင်ဆိုင်ရန်နှင့် အမွေထိန်းလက်မှတ်စာမထုတ်ပေးမီသက်ဆိုင်ရာအမှုတွဲအားကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ ယင်းကဲ့သို့ လာရောက်အမွေရင်ဆိုင်ရန် ပျက်ကွက်ခဲ့လျှင် တရားရုံးက လျှောက်ထားသူ ဦးအောင်ကျော်သိန်း၏ လျှောက်လွှာအပေါ် စစ်ဆေးကြားနာ၍ စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၃ ခုနှစ် မေ ၁၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

သင်းသင်းအောင်
ဒုတိယခရိုင်တရားသူကြီး
စစ်တွေခရိုင်တရားရုံး

မစန္ဒာဝင်း(ဘ)ဦးဝင်းအောင် ၇/သဝတ(နိုင်)၀၇၆၄၈၅ နှင့် အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းမြောက်(အရှေ့)ရပ်ကွက်၊ ဌာနာလမ်း၊ အမှတ်၅၀(၅-B)တွင်နေထိုင်သူ မစန္ဒာဝင်း (ဘ-ဦးဝင်းအောင်)၏သမီး ၇/သဝတ (နိုင်)၀၇၆၄၈၅သည် ခင်ပွန်းသည် အလုပ်သွားနေခိုက် ၂၆-၄-၂၀၁၃ ရက် ညနေ ၄ နာရီခန့်တွင် ရွှေ၊ ငွေပစ္စည်းများယူဆောင်လျက် နေအိမ်မှဆင်းသွားခဲ့ကြောင်း သိရှိရပါသည်။

မစန္ဒာဝင်းသည် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ရွှေ-ငွေပစ္စည်းများနှင့်တကွ ခင်ပွန်းသားသမီးများထံ ပြန်လည်လာရောက်ရန်နှင့် လက်ခံထားသူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-

ဦးငွေးဦး(ကြို့ပင်ကောက်) LL.B
တရားလွှတ်တော်ရှေ့နေ
ရုံးအမှတ် ၅၆၁(ပထမထပ်)၊ MAC တာဝါ၊
ကုန်သည်လမ်း၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

အများသိစေရန်ကြေညာခြင်း

၁။ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ၆ မိုင်ခွဲ၊ အမှတ်(၁၁)ရပ်ကွက်၊ ရွှေဟသ်ာလမ်း၊ အမှတ်၄၉၀(သားရေပစ္စည်းစက်ရုံအနီးရှိ) လှိုင်မြို့နယ်၊ မြေတိုင်းအမှတ်(၃၀၊၃၂)၊ မြေကွက်(၁၀/ဇ ၁၊ ၁၄၊ ၁/န)မြေပိုင်မြေ စုစုပေါင်းဧရိယာ ၁၀ဒသမ၂၆၄ဧကသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဗမာရော်ဘာနှင့်အထွေထွေရောင်းဝယ်ရေးကုမ္ပဏီလီမိတက်၏ မြေအမည်ဖြင့် အမည်ပေါက်ပိုင်ဆိုင်ထားသည့် မြေကွက်များဖြစ်ကြပါသည်။

၂။ အထက်ဖော်ပြပါ ကုမ္ပဏီပိုင်မြေကွက်များပေါ်တွင် နေထိုင်လျက်ရှိကြသူများအနေဖြင့် မိမိတို့နေထိုင်လျက်ရှိသော အဆောက်အအုံများနှင့်မြေကွက်များကို ထုခွဲရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ အဆောက်အအုံဆောက်လုပ်ခြင်း၊ ပြုပြင်ခြင်း၊ တိုးချဲ့ခြင်း၊ ပြင်ဆင်ဆောက်လုပ်ခြင်းများကို လုံးဝ(လုံးဝ)မပြုလုပ်ကြရန် တားမြစ်လိုက်သည်။

၃။ ဤကြေညာချက်အပေါ် လိုက်နာခြင်းမရှိပါက ကုမ္ပဏီအနေဖြင့် တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်မံအသိပေး ကြေညာအပ်ပါသည်။

ဗမာရော်ဘာနှင့်အထွေထွေရောင်းဝယ်ရေးကုမ္ပဏီလီမိတက်
အမှတ် ၂၅၁၊ ပထမထပ်၊ အခန်း ၆၊ မဟာဗန္ဓုလလမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၂၉၆၀၈၇

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျီတော်ရပ်ကွက်၊ ကျီတော်လမ်း၊ အမှတ်၂၉၊ ခုနစ်လွှာ(ဝဲ) (A-7)ဟုခေါ်တွင်သော တိုက်ခန်းနှင့်တကွ ၎င်းတိုက်ခန်းနှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်နန်းမေဝင်း ၁၂/တမန(နိုင်)၀၅၄၃၃၂ ထံမှ ကျွန်မ ဒေါ်မျိုးပပမျိုးက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးထားပြီးဖြစ်ပါ၍ အရောင်းအဝယ်ကို ကန့်ကွက်လိုသူ မည်သူမဆို တိုက်ခန်းပိုင်ဆိုင်သည့် မူရင်းစာရွက်များယူဆောင်၍ ကျွန်မထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်မျိုးပပမျိုး ၁၂/မဂဒ(နိုင်)၀၉၇၂၀၄
ဖုန်း-၀၉-၇၃၁၄၆၆၈၆၊ ၀၉-၅၀၃၁၃၈၂

ကြော်ငြာ

စက်မှုဝန်ကြီးဌာန
အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းအား CIF(Yangon) နိုင်ငံခြားငွေ(USD)ဖြင့် ဝယ်ယူလိုပါသည်-

Tender No- 01-No(1) HIE/2013-2014/CP

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	Components Parts for City Bus (43 Seats)	50 Sets

၂။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များ၊ ဝယ်ယူလိုသည့်ပစ္စည်းများ၏ (Technical Specification)များ၊ အသေးစိတ်အချက်အလက်များနှင့်ပတ်သက်၍ ၂၁-၅-၂၀၁၃ရက်မှစတင်၍ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း အောက်ပါလိပ်စာ၌ လာရောက်ထုတ်ယူနိုင်ပါသည်-

၃။ တင်ဒါများ နောက်ဆုံးထားပေးသွင်းရမည့်ရက်မှာ ၄-၆-၂၀၁၃ရက် မွန်းတည့် ၁၂း၀၀နာရီ ဖြစ်ပါသည်။

ပစ္စည်းစီမံရေးဌာန၊ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း
စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၀)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၅၀၅၃၊ ၀၆၇-၄၀၅၀၅၄

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကင်းမြို့နယ်၊ သာယာရွှေပြည်အိမ်ရာ တိုက်(၂)၊ အခန်း ၅၀၁ကို မူလအမည်ပေါက်ပိုင်ရှင် ဒေါ်မြင့်မြင့်သန်းထံမှ ဒေါ်ခင်မိမိကြူက တရားဝင်စာချုပ်စာတမ်းဖြင့် ဝယ်ယူပြီးဖြစ်ပါသဖြင့် ပိုင်ဆိုင်မှုအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/ပုသိမ်မြေ၊ မြေကွက်အမှတ် ၃၁၊ မြေကွက်တည်နေရာအမှတ် ၃၁၊ ပုသိမ်မြေ ၁လမ်း၊ ပုသိမ်မြေရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးကျော်အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက်ဦးကျော်(ခင်ပွန်း)ကွယ်လွန်သဖြင့် ဒေါ်အေးကျင် ၁၂/ဒပန(နိုင်)၀၁၁၁၂၄က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း၊ ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/ကံဘဲ့၊ မြေကွက်အမှတ် ၁/၄/၁-B၊ ၁/၄/၁-C မြေကွက်တည်နေရာအမှတ် ၁၃ ဘီစီ၊ မြရတနာလမ်း၊ (၁၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ် ဒေါ်မြအေးအမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်မြအေး ကွယ်လွန်သဖြင့် ဦးကိုကိုကြီး ၂/လကန(နိုင်)၀၀၈၂၈၄က တရားဝင်ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားမူပိုင်ဖြစ်ကြောင်း သတိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ကမ်းနားလမ်း၊ အလုံတာဝါတွင် တည်ထောင်ဖွင့်လှစ်ထားသော Shwe Taung Cement Co.,Ltd. (ကုမ္ပဏီမှတ်ပုံတင်အမှတ် ၉၉/၂၀၁၀-၂၀၁၁)သည် အောက်ဖော်ပြပါ **အပါချီ** အမည်အမှတ်အသားကို မှတ်ပုံတင်စာချုပ်အမှတ် ၄၇၅၆/၂၀၁၃ ဖြင့် ကုမ္ပဏီ၏မူပိုင်အဖြစ် တရားဝင်သုံးစွဲရန်အတွက် ရန်ကုန်မြို့စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းခဲ့ပြီးဖြစ်ပါသည်။

အပါချီ

ဖော်ပြပါ အင်္ဂလိပ်စာလုံးမှ ဘာသာပြန်ဆိုသည့် **အပါချီ**အမည်အမှတ်အသားကို ဘိလပ်မြေများ၏ ထုပ်ပိုးကုန်ပစ္စည်းပေါ်တွင် ကပ်နှိပ်ရေးသား၍ ဖြန့်ဖြူး၊ ရောင်းချလျက်ရှိပါသည်။

ဖော်ပြပါ **အပါချီ** အမည်အမှတ်အသားကို အသုံးပြု၍ ဆိုင်းဘုတ်၊ ဘလောက်၊ တီဗွီ၊ မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်ကြော်ငြာများ၊ ငွေပြေစာဖြတ်ပိုင်း၊ တံဆိပ်တုံး၊ Letter Head, Internet, Website အစရှိသည်တို့တွင်လည်း ထည့်သွင်း၍ ဘိလပ်မြေများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မြို့ရွာဒေသမြို့နယ်အနှံ့အပြားနှင့် ပြည်ပနိုင်ငံများသို့ တင်ပို့၊ ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ Shwe Taung Cement Co.,Ltd. ၏ ကုမ္ပဏီမူပိုင်အဖြစ် အသုံးပြုလျက်ရှိသော **အပါချီ** အမည်အမှတ်အသားကို အခြားသူတစ်ဦးတစ်ယောက်ကဖြစ်စေ၊ အများကဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှားဖြစ်စေရန် အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ မှီငြမ်း၍ဖြစ်စေ၊ ဆင်တူယိုးမှားပြုလုပ်ခြင်း၊ အတုအပပြုလုပ်ခြင်း၊ သွယ်ဝိုက်၍အတုအပပြုလုပ်ခြင်း၊ လုပ်ငန်းနှင့်ဆက်နွှယ်၍သုံးစွဲခြင်း မပြုလုပ်ကြရန် သတိပေးတားမြစ်ပါသည်။

မည်သူမဆို အထက်ဖော်ပြပါ **အပါချီ** အမည်အမှတ်အသားကိုသုံးစွဲပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်းရှိ တည်ဆဲတရားဥပဒေနှင့်အညီ မည်သည့်တရားရုံးများတွင်မဆို တရားမကြောင်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ၊ ထိရောက်စွာ တရားစွဲဆိုအရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်လှတင် LL.B
တရားလွှတ်တော်ရှေ့နေ
တိုက်အမှတ် ၈၅ (မြေညီထပ်)၊ ၃၇လမ်း(အောက်လမ်း)၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့

အများသိရှိစေရန်ကြေညာချက်

သန်လျင်မြို့၊ မြို့မတောင်ရပ်ကွက်၊ ရတနာပုံလမ်း၊ အမှတ် ၃၈ နေ ဒေါ်ခင်ဝင်းကြည် ၁၂/ သလန(နိုင်)၀၃၁၇၄၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်ရပ်ကွက်၊ ဦးချစ်မောင်လမ်း၊ စျေးဟောင်းလမ်းထိပ်ရှိ အမှတ် ၁၂၂ နေအိမ်အဆောက်အအုံနှင့် ယင်းနေအိမ်တည်ရှိရာမြေကွက်တို့သည် ကွယ်လွန်သူ ဦးသောင်း၊ ဒေါ်ထွေးတို့၏ လက်ထက်ပွားနေအိမ်နှင့်မြေ ဖြစ်ပါသည်။

အဆိုပါအိမ်နှင့်မြေကို ဦးသောင်း၊ ဒေါ်ထွေးတို့၏သား ဦးထွန်းမြင့်(ကွယ်လွန်)၏ဇနီး ဒေါ်ခင်ဝင်းကြည်ထံမှ သဘောတူခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ မည်သူမျှ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ လှူဒါန်းခြင်းပြုခွင့်မရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသန်းထွဋ်ဝင်း LL.B	**ဦးစိုးဟန် LL.B**
အထက်တန်းရှေ့နေ(စဉ်-၄၁၂၀၀)	**တရားလွှတ်တော်ရှေ့နေ**
အမှတ် ၅၈၆(က)၊ သီဟိုဠ်ကျောင်းလမ်း၊	**အမှတ် ၃၇၊ ဘုရားကုန်း**
ရွာသစ်၊ အောင်ဆန်း၊ အင်းစိန်	**မြို့ပြကွက်သစ်၊ သန်လျင်မြို့နယ်**

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးဘအေး (သုံးဆယ်)
အသက် (၈၃)နှစ်

ဆရာဦးစိုးမိုးအေး LUCKY PALACE INN ပိုင်ရှင်၏ ချစ်လှစွာသောဖခင် ဦးဘအေး(သုံးဆယ်) အသက်(၈၃)နှစ်သည် ၁၁-၅-၂၀၁၃ရက် (စနေနေ့)တွင် ဝိတိုရိယဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

LUCKY PALACE INN မန်နေဂျာနှင့် ဝန်ထမ်းများ

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးကြီးခင်အောင်ဗလ(ငြိမ်း)
အသက်(၇၄)နှစ်

ပြည်မြို့၊ သီရိခေတ္တရာဂေါက်ကလပ်၏ ကလပ်ကပ္ပတိန်တာဝန်ထမ်းဆောင်ခဲ့သော ဗိုလ်မှူးကြီးခင်အောင်ဗလ(ငြိမ်း)သည် ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ သုနန္ဒာလမ်း၊ အမှတ်(၁၅၅)၊ ရတနာကျွန်းရိပ်သာနေအိမ်၌ ၁၃-၅-၂၀၁၃ရက်(တနင်္လာနေ့)တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် သီရိခေတ္တရာဂေါက်ကလပ်မှ ကလပ်ကပ္ပတိန်နှင့် ဂေါက်သီးအသင်းသားများမှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ပြည်မြို့၊ သီရိခေတ္တရာဂေါက်ကလပ်

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်ဦး
အသက်(၈၆)နှစ်

ဟသ်ာတမြို့၊ တာငါးဆယ်(မြောက်)ရပ်ကွက်၊ စျေးကလေးလမ်းနေ ဦးမောင်မောင်စိုး-ဒေါ်မေကြူဝင်း(အောင်ကြိုးကြာအိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)တို့၏မိခင် ဒေါ်ခင်ဦးသည် ၁၉-၅-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်းသိရပါ၍ ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဆရာ၊ ဆရာမများနှင့် ကျောင်းသား ကျောင်းသူဟောင်းများအဖွဲ့ အထက(၄)၊ ဟသ်ာတမြို့

[illegible]

ဝယ်လိုသည်

မြောင်းတကာသံမဏိစက်မှုဇုန်မြေကွက်များ တစ်ဧကလျှင် ကျပ်သိန်း ၇၀၀နှုန်းဖြင့် အမြန်ဝယ်ယူလိုသည်။ ပိုင်ရှင်ကိုယ်တိုင်ဆက်သွယ်ပါ။ **ဖုန်း-၀၉-၇၃၅၅၅၄၂၇၊ ၀၉-၄၃၀၃၉၆၆၁**

အမည်ပြောင်း

ဦးအောင်ကြည်လင်း-ဒေါ်ကြည်ကြည်စိန်တို့၏သမီး အထက(၅) မရမ်းကုန်းမြို့နယ် တတိယတန်း(B)မှ မအေးငြိမ်းမွန်အား မရွှန်းလဲ့ဝေဟု ခေါ်ပါရန်။

၁၀-၅-၂၀၁၃ရက်စွဲပါ ဦးမြင့်ကြည် ၁၂/လမတ(နိုင်)၀၂၂၇၉၀၏ လွှဲအပ်ချက်အရ တရားလွှတ်တော်ရှေ့နေ ဦးကျင်ငွေ၏ ကြေညာချက်အပေါ် ပြန်လည်ရှင်းလင်းကြေညာခြင်း

သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာ၊ ခရေပင်လမ်း၊ အမှတ် ၅၀နေ ဦးတင်နု ၁၂/ရကန(နိုင်)၀၂၅၉၅၃၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ရှင်းလင်းကြေညာပါသည်။

၁၂-၅-၂၀၁၃ရက်စွဲပါ မြန်မာ့အလင်းသတင်းစာတွင် ဦးကျော်မိုးပါ-၃ ဦး၏ ကြေညာချက်အရ ဦးကျော်မိုး၊ ဦးမင်းထွန်းမိုး၊ ဒေါ်သင်းသင်းဝေတို့(၃)ဦး မြေချပါမစ်နှင့်တကွ အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်မှာ အကွက် ၂၀သာဖြစ်ကြောင်း သိရှိရပါသည်။

သို့ဖြစ်၍ ကြေးမုံသတင်းစာ၏ ၁၀-၅-၂၀၁၃ရက်စွဲပါ ဦးမြင့်ကြည်၏ ကြေညာချက်သည် မမှန်မကန် ကြေညာချက်သာဖြစ်ကြောင်း အများသိစေရန် ရှင်းလင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသန်းထွဋ်ဝင်း (LL.B)	**ဦးစိုးဟန် (LL.B)**
အထက်တန်းရှေ့နေ (စဉ်-၄၁၂၀၀)	**တရားလွှတ်တော်ရှေ့နေ**
အမှတ် ၅၈၆(က)၊ သီဟိုဠ်ကျောင်းလမ်း	**အမှတ် ၃၇၊ ဘုရားကုန်းမြို့ပြကွက်သစ်၊**
ရွာသစ်၊ အောင်ဆန်း၊ အင်းစိန်	**သန်လျင်မြို့နယ်**

ကန့်ကွက်နိုင်ပါသည်

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်၊ ရွာဘဲရပ်ကွက်၊ မြေတိုင်းအခေါ် ကွင်းအမှတ်(၁၆) ဂန္ဓမာစက်မှုကွက်သစ်၊ ဦးပိုင်အမှတ် ၄၂၊ မြေချိန်ဧရိယာ ၀ ဒသမ ၁၇၂ ဧကအကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ၎င်းမြေပေါ်တွင် ဆောက်လုပ်ထားသော ပြည်မြို့၊ ရွာဘဲရပ်ကွက်၊ ဂန္ဓမာစက်မှုကွက်သစ် ဦးပေါက်ထွန်းလမ်း၊ အမှတ် ၄၂ ဟုခေါ်တွင်သော တစ်ထပ်နေအိမ်အဆောက်အအုံနှင့် အရပ်ရပ်အကျိုးခံစားခွင့်များကို ဂရန်အမည်ပေါက်သူ ဦးလှသောင်း၏ အထူးကိုယ်စားလှယ်စာရရှိသူ ဦးညီညီအောင်ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ၎င်းဂရန်မြေကွက်နှင့် မြေပေါ်ရှိ အဆောက်အအုံအပါအဝင် အရပ်ရပ်အကျိုးခံစားခွင့်များအပေါ် ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောသက်သေခံအထောက်အထားများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ထားသည့်နေ့ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးထွန်းနိုင်သန်း LL.B စဉ်-၂၉၅၀ (တရားလွှတ်တော်ရှေ့နေ)
ဒေါ်သန်းသန်းအေး B.A.(Law), LL.B. စဉ်-၂၃၄၀ (တရားလွှတ်တော်ရှေ့နေ)
ဦးဝေလင်းသက်နိုင် LL.B၊ စဉ်-၃၆၄၂၈ (အထက်တန်းရှေ့နေ)
ဦးစောအောင်ထက် LL.B စဉ်-၃၈၄၁၇ (အထက်တန်းရှေ့နေ)
ဦးကျော်သူဝင်း LL.B စဉ်-၃၇၉၂၆ (အထက်တန်းရှေ့နေ)

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄၊ မြေကွက်အမှတ် (ခ/၁၅၇)၊ မြေကွက် တည်နေရာအမှတ်(၃၁)၊ မြို့ပတ်လမ်း၊ သဘင်္ဘာကျင်းရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဦးသန်းစိန် အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးသန်းစိန်(ခင်ပွန်း)ကွယ်လွန်သဖြင့် ဒေါ်စန်းမြင့် ၁၂/ဒပန(နိုင်)၀၂၁၃၉၃ က ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဝမ်းနည်းကြေကွဲခြင်း

ဇေယျကျော်ထင် ဗိုလ်ချုပ်ကျော်စွာခိုင်(ငြိမ်း)
အသက်(၆၅)နှစ်

ပြည်ထောင်စုဝန်ကြီး(ငြိမ်း) သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး(ငြိမ်း) အမှတ်(၁) စက်မှုဝန်ကြီးဌာန ဒုတိယကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးအရာရှိချုပ်(ငြိမ်း) ဇေယျကျော်ထင်ဗိုလ်ချုပ်ကျော်စွာခိုင်(ငြိမ်း) အသက်(၆၅)နှစ်သည် ၁၆-၅-၂၀၁၃ရက်(ကြာသပတေးနေ့) ည ၇း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးခင်ဝင်း၊ ဦးဇော်ဝင်း

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်ရီရီ

ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)
မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်
အသက်(၈၀)

ဒေါ်ရီရီသည် ၁၈-၅-၂၀၁၃ရက်(စနေနေ့) ညနေ ၄း၀၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးမင်းနှင့် ဝန်ထမ်းမိသားစု
မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်

ဝမ်းနည်းကြေကွဲခြင်း

မဖြိုးဖြိုးဝင်း(Operations Manager-Essence of Myanmar Travels & Tour Co.,Ltd.)၏ ချစ်လှစွာသောဖခင် ဦးဇော်မြတ်ဝင်း အသက်(၇၃)နှစ်သည် ၁၈-၅-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

Essence of Myanmar Travels & Tour Co., Ltd.

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်လှတုတ်(နွားထိုးကြီး)
အသက်(၈၀)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ တွဲဖက်အတွင်းရေးမှူး ဦးသက်နိုင်ထွန်း-ဒေါက်တာစန်းစန်းအေးတို့၏မိခင် ဒေါ်လှတုတ်သည် ၁၉-၅-၂၀၁၃ရက် မွန်းလွဲ ၂း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
ဝန်ထမ်းမိသားစုများ

အထူးဝမ်းနည်းကြေကွဲခြင်း

Capt.ဦးမျိုးသိန်း

MV. SHIN KENRYU, JSM Shipping Co., Ltd.
အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ အမှတ် ၅၉၊ ၄ လမ်း၊ (၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ ဒေါ်မြတ်မြတ်နွယ်၏ခင်ပွန်း Capt.ဦးမျိုးသိန်းသည် ၁၈-၅-၂၀၁၃ရက် နံနက် ၇း၅၅နာရီတွင် သင်္ဘောပေါ်၌ တာဝန်ထမ်းဆောင်စဉ် ကွယ်လွန်သွားကြောင်းသိရှိရ၍ ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။ **Stellar Hope သင်္ဘောမှ အရာရှိနှင့်သင်္ဘောသားများ**

အထူးဝမ်းနည်းကြေကွဲခြင်း
Capt. ဦးမျိုးသိန်း
MV. SHIN KENRYU, JSM Shipping Co., Ltd.
အသက်(၅၅)နှစ်

Capt.ဦးမျိုးသိန်းသည် ၁၈-၅-၂၀၁၃ရက် နံနက် ၇း၅၅နာရီ၌ သင်္ဘောပေါ်တွင် တာဝန်ထမ်းဆောင်စဉ် ကွယ်လွန်ကြောင်းသိရ၍ မိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

Capt. ဦးဇော်လွင်-ဒေါ်ဥမ္မာတင် မိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

Capt. မျိုးသိန်း

MV -SHIN KENRYU
JSM-International Ltd.(Tosco)
အသက်(၅၅)နှစ်

သူငယ်ချင်း ကိုမျိုးသိန်း ၁၈-၅-၂၀၁၃ရက် Shin Kenryu သင်္ဘောပေါ်တွင် တာဝန်ထမ်းဆောင်နေစဉ် ကွယ်လွန်ကြောင်းသိရှိရသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

Capt မြင့်လွင်-ဒေါ်ခင်မေသင်းရီ မိသားစု

ဝမ်းနည်းကြေကွဲခြင်း

Capt.မျိုးသိန်း M.V SHIN KENRYU, JSM SHIPPING Co.,Ltd. သည် ၁၈-၅-၂၀၁၃ရက် AUSTRALIAနိုင်ငံ ဒေသစံတော်ချိန် နံနက် ၉း၂၅ မြန်မာစံတော်ချိန် နံနက် ၇း၅၅နာရီတွင် တာဝန်ထမ်းဆောင်နေစဉ် ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

Capt.ဝင်းမော် (Ex.M.V TEQUILA SUNRISE)-
ဒေါ်ကြည်ကြည်သန်းနှင့်မိသားစု
Capt.သက်လွင်(M.V OCEAN QUARTZ)-ဒေါ်ရီရီလွင်နှင့်မိသားစု
GEWIN MARITIME LTD.